
www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ချိုးရှင်

သူ လာလာလာ
မ လာ လာ



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၉၉၁၀၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၇၈၁၂၁၁

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
ဧပြီလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

ချစ်မျှားရှင် ၈၉၅.၈၃
သူလာလာ မလာလာ/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) သူလာလာ မလာလာ


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မခံချိမခံသာနဲ့ အတော်တင်းနေတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်ကသာ အမြဲတမ်း အပေါ်က။ အခုမှ သူများပြောသမျှ ခံခဲ့ရတာလေ။

'တောက်… ဒီတစ်ခါတော့ ခံလိုက်ရသကွာ'

ကျန်တဲ့သုံးယောက်ကလည်း ဘာမှမပြောနိုင်ကြ။ မပြောနိုင်ဆို အလကားရတဲ့ ထန်းရည်ကို အငမ်းမရသောက်နေကြရလို့ ပါးစပ်မအား ကြဘူးလေ။

'ဟာကွာ… ကြာဖြူရာ၊ ဒါလောက်ပိုက်ဆံလေးကိုများ၊ ဘာဖြစ် လို့လဲ'

'ဘာကွ၊ ငါကရှုံးလို့ မခံနိုင်တာ မဟုတ်ဘူးဟ၊ ပိုက်ဆံရှုံးတာ အကြောင်းမဟုတ်ဘူး၊ ဖွီး… သိက္ခာကျတယ်'

ဝင်ပြောမိတဲ့ ဝေမိုးက မှားပါတယ်ဆိုတဲ့ မျက်နှာပေးနဲ့ စွေကြည့် တယ်။ မင်းမောင်ကတော့ မယ်လှကို မသိမသာကြည့်လိုက် ထန်းရည် သောက်လိုက်နဲ့။ ပေတိုးက ဆိုင်နောက်ဘက်ကို မျှော်ကြည့်ရင်း။

'အရိုးလေးဖြူလှကလည်း ဒီကြက်လေးတစ်ကောင်ကို ကိုင်ချ တာ ထည်းရည်တောင် နှစ်မြူကုန်တော့မယ်၊ ဟွန်း'

အလိုမကျတဲ့ မျက်နှာနဲ့ ထန်းရည်ကို ကောက်မော့လိုက်ပြန်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ကြာဖြူက တင်းသွားတော့တာ။ ဟုတ်တယ်လေ ကိုယ့်မှာသာ ရှုံးလို့ မခံနိုင်ဖြစ်နေပေမယ့် ဟိုဟာတွေက ဂရုတောင် မစိုက်ကြဘူး။ သောက်လက်စ ထန်းရည်ခွက်ကို ဆောင့်ချလိုက်ရင်း။

'မင်းတို့ဟာလေ အမှတ်သည်းခြေမရှိတဲ့ အကောင်တွေပဲ၊ ကြွက်တို့၊ ပိုးဟတ်တို့ကမှ မင်းတိုထက် တော်ဦးမယ်'

ဒါနဲ့ ပေတိုးက စွေကြည့်လိုက်တော့ မင်းမောင်နဲ့ ဝေမိုးကလည်း ခေါင်းခါတယ်။ မင်းမောင်က တရားသမားလေသံနဲ့။

'သြော်... ကြာဖြူရယ်၊ ရှုံးတာက ရှုံးသွားပြီးပဲကွာ၊ ဘာတတ်နိုင်မလဲ၊ တရားနဲ့သာဖြေပါ၊ ပိုက်ဆံက သိပ်မများပါဘူး'

'ဘာကွ'

'ဟုတ်ပါတယ်ကွာ၊ မင်းကလည်း... အမှန်က အခု ကြက်ကြော်ဖြစ်တော့မယ့် ဟို... ဖိုးချွန်မကောင်းတာ၊ သူအနိုင်ခွပ်ရင် ပြီးပြီ၊ အခုတော့၊ အဟဲ... မဆိုးပါဘူး၊ ဒီကောင်က သေတာတောင် ငါတို့ကို အမြည်းလုပ်ပေးသွားသေးတယ်၊ အတော်ချစ်ဖို့ကောင်းတဲ့ကောင်'

မျက်နှာကြီးပိုမာသွားတော့တာ။ တကယ်တော့ ဖိုးချွန်ဆိုတဲ့ ဝေမိုးရဲ့ တိုက်ကြက်ဖကြီးက အတော်သန္ဓေကောင်းတာလေ။ ဟိုဘက်ရွာက ငတေတို့နဲ့ ချိန်းတိုက်ကြတာ။

ငတေတို့တွေက တစ်ခါမှ နိုင်ဖူးတာမဟုတ်။ ဒါပေမဲ့ ဒီတစ်ခါ သူတို့ကြက်ကပဲ ကောင်းတာလားတော့မသိ။ မနိုင်ပေမယ့် မပြေးပါ။ အသေခံခွပ်သွားလို့ အခု ဒေါ်ဖြူလုကို ကြော်ခိုင်းထားပြီ။

ရှုံးတာက အကြောင်းမဟုတ် တစ်ရွာသား ငတေက ဆယ်ခါ တစ်ခါ နိုင်တာကိုများ သောက်သောက်လဲ နှိပ်ကွပ်လိုက်တာလေ။ စကားနဲ့ နှိပ်တာ တုတ်နဲ့ရိုက်တာထက် နာဖို့ကောင်းတော့ အခု ကြာဖြူဟာ မခံနိုင်ဖြစ်နေတာ။ ပြီးတော့ ဖိုးချွန်ကိုလည်း သံယောဇဉ်ရှိတာရယ်၊ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘည်း ပေါက်ကွဲပြနေပေမယ့် ဟိုဟာတွေကတော့ အေးဆေးပဲ။ သက်ပြင်း ကိုချပြီး ခဏငိုင်သွားတယ်။

'တကယ်တော့ ငါတို့ မစဉ်းစားတာကွာ၊ ဒီကောင်ကြီး ပွဲဆက် တွေ များနေတာ၊ အခုတော့ ဖွတ်မရ ကြက်ပါဆုံးပြီး၊ ဟင်း… သနား ပါတယ်၊ တော်ပါပြီကွာ၊ ဒီကောင့်မျက်နှာကို မြင်ရင် ငါစားလို့ရမှာ မဟုတ် တော့ဘူး၊ ဟင်း… မစားတော့ဘူး'

'တကယ်'

'ပျော်စရာကြီး… အဟီး'

ဟိုဟာတွေက ကြာဖြူ မစားတော့ဘူးဆိုတော့ ပျော်နေကြပြီ။ ပိုစားရမှာလေ။ ဒါနဲ့ပဲ ကြိတ်ဆဲလိုက်တော့တာ။ စိတ်ထဲမှာလည်း ဘယ်လိုပဲ ပြောပြော ရမှာမဟုတ်တော့ဘူးလို့ တွေးလိုက်တော့ စိတ်လျှော့လိုက်တော့ တယ်။

မကြာဘူး။ ကြက်ကြော်နဲ့ သင်းသင်းလေးက လေနဲ့အတူ ဆော့တက်လာတယ်။ ကြာဖြူက မချိတဲ့ လေသံနဲ့…

'ဒီကောင်က ငါနဲ့ အနေများတာကွ၊ မင်းတို့က မျိုလို့ကျပေမယ့် ငါကတော့တော့… ဟင်… မွှေးလှချည်လား'

'ဟုတ်တာပေါ့ ကြာဖြူရာ၊ မင်းနဲ့က သားအဖလိုနေမှတော့၊ ချစ်ရှာမှာပေါ့၊ ငါတို့ကတော့ ဟင်… တယ်မွှေးပါလား၊ အား… စားရ ချည်သေးရဲ့ အဟဲ'

ပေတိုးက တံတွေးကို မျိုချပြီး အားရပါးရ ပြောတော့ ဟိုနှစ် ယောက်ကလည်း လည်တစ်ဆန့်ဆန့်နဲ့ ဆိုင်နောက်ကို မျှော်နေကြတယ်။ ကြာဖြူကပြောရင်း အနံ့သင်းသင်းကိုရလို့ တံတွေးကို ကြိတ်မျိုချသွား။

'ဒီကောင်က ငါတို့ကို ရှာကျွေးတာများပြီကွာ၊ မစားရက်ပါဘူး ကွာ၊ တော်ပါပြီ၊ ငါ့ဟာငါ ပဲကြီးလှော်လေးနဲ့…'



www.burmeseclassic.com

www.burmeseclassic.com



'အေ့… ဟုတ်တယ်ကွ ကြာဖြူရ၊ ထန်းရည်နဲ့ ပဲကြီးလှော်နဲ့က ကွက်တိ၊ ကြက်ကြော်နဲ့ ဘယ်လဲနိုင်မှာလဲ၊ ဟုတ်ဘူးလား'

လည်တဆန့်ဆန့်နဲ့ ဆန့်ရင်းဆန့်ရင်း မျက်နှာတွေက ထန်းတဲခေါင်မိုးကို ကျော်နေကြပြီ။ ဒီအချိန်မှာပဲ အရီးဖြူလှရဲ့ အသံကို ကြားလိုက်ရတယ်။

'မယ်လှရေ'

'ရှင်'

'ရှင်ထားခဲ့ လူလာခဲ့၊ ဒီမှာလာယူပြီး ဟိုနှာကောင်လေးတွေ မျှဖို့ သွားပေးလိုက်'

'ဟုတ်ကဲ့'

'ဩော်… ဟဲ့… သူတို့ဆီက ပိုက်ဆံတစ်ခါတည်းတောင်းနော်၊ ဒီအကောင်တွေက ယုံရတာ မဟုတ်ဘူး'

'ဟုတ်'

လေးယောက်သား မျက်နှာကို မဲ့သွားကြလေရဲ့။ မကြာပါဘူး မယ်လှ အမြည်းဗန်းမ,ပြီး လာချပေးတယ်။ ရပ်တည်ကို မာလိုက်ကာ။

'အမေပြောတာ ကြားရဲ့ မဟုတ်လား'

'အင်းလေ'

'ကြားရင်လာထား၊ နောက်ယူမယ့် ထန်းရည်ဖိုးပါ တစ်ခါတည်းရှင်း'

ကြာဖြူက မင်းမောင်ကို စွေကြည့်တော့ ဟိုက မသိယောင်ဆောင်နေတယ်။ ဒါနဲ့ ပေတိုးက ပြောတယ်။

'မယ်လှကလည်း ငါတို့ ဘယ်တုန်းက မပေးဘဲနေလို့လဲ၊ ဩမှ'

'ဟင်း… မယ်လှတို့က နှစ်ခါ မပြောဘူးနော်၊ ရှတ်ရှတ်ရှတ်ရှတ် လုပ်လို့ကတော့ နေရာရွေးမှာ မဟုတ်ဘူး၊ ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



လေသံနဲ့ အမူအရာကို ကြည့်ပြီးလေးယောက်သား ကုပ်သွားကြတယ်။ ပေတိုးက နောက်နှစ်မြှုစာနဲ့ အမြည်းကြော်ပေးခပါ ရေပေးထိုတ်မှ ပေစောင်းစောင်း ပြန်သွားတယ်။

'ဟင်… အင်း… ဂလု'

ကြာဖြူက အလယ်အမြည်းဗန်းထဲက နီရဲကြွပ်နေတဲ့ ကြက်ကြော်ကို ကြည့်လို့ တံတွေးကို တံဂုဂုမျိုချနေတယ်။ ကိုယ်စကားနဲ့ ကိုယ်ဆိုသော့… ပေတိုးက ပြောတယ်။

'ကဲ…ကြာဖြူက၊ ဒီကောင်မျက်နှာကို မြင်ရင် မျိုမကျဘူးတဲ့၊ ခံမယ်… အမောက်လေးကထောင် မျက်လုံးလေးက မှေးလို့၊ အဟီး… အဖိုးဖြူလှတို့ကတော့ မျက်နှာတောင် ပုံမပျက်အောင် လုပ်တတ်တာ၊ တဲ… လာထား'

'ဟိုး…ခဏ'

ကြာဖြူက ပေါင်ကိုဖဲ့မလို့ လုပ်နေတဲ့ ပေတိုးကို တားတော့၊ သုံးယောက်သား စွေကြည့်ကြတယ်။ မင်းမောင်က မျက်စောင်းထိုးတယ်။

'မင်းပြောတော့ မျက်နှာမြင် စားမရဘူးဆို'

'အေးလေ'

'အဟဲ… ခဏလေး ဝေမိုး၊ မင်းက ခေါင်းကြိုက်တယ်မလား'

'ဟွန်း… ခေါင်းစားရင် မင်းဖြစ်တယ်တဲ့ ကြိုက်တာပေါ့ဟ'

ဝေမိုးကို ခေါင်းဖြုတ်ပေးလိုက်တော့ အငမ်းမရစားတယ်။ ဒီတော့မှ ပေါင်တစ်ချောင်းကို ဖြုတ်ပြီး စပ်ဖြဲဖြဲနဲ့ပြောတော့ ဆဲသံတွေ ပလူပျံထွန်တော့တာ။

'ကဲ…. ဝေမိုးက ခေါင်းစားလိုက်ပြီဆိုတော့ မျက်နှာမရှိတော့ဘူး၊ အဟဲ… မျက်နှာ မမြင်ရမှတော့ ငါစားလိုရ၊ မျိုလို့ပါကျသွားပြီ ကဲ… စားပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ခွေးသား၊ သူပဲ အမျိုးမျိုး'

♦ ♦ ♦

'အောက် …အီး…အီး…အွတ်'

'ကတော်… အတော်'

ကြက်ဖကြီး ပေသီး ရင်ကိုကော့ပြီး တွန်လိုက်တယ်။ ပြီးမှ ခေါင်းကိုထောင် အတောင်ကိုခတ်ရင်း ဘေးဘီကို ဝေ့ကြည့်လိုက်တော့ ကြက်ဖဆိုလို့ မရှိကြဘူး။ ကြက်မသုံးလေးကောင်အလယ်မှာ ပေသီး ခေါင်းမော့ရင်ကော့နေတယ်။

ဒီနားမှာ ဘယ်ကြက်ဖကမှ ပေသီးကို မနိုင်ဘူးလေ။ ပေသီး ကလည်း ဒိုင်ခံခွပ်တာ မျိုးကလည်း တိုက်ကြက်မျိုး။ အခွပ်ကလည်း ဆရာကျတော့ ဘယ်ကောင်မှ မနိုင်။

'အောက်…အီး…အီး…အွတ်'

'ဖျပ်…ဖျပ်'

ကြက်မတွေကို ဖွတ်ပတ်ကြောင်ရင်း ခေါင်းကိုမော့၊ ရင်ကိုကော့ အတောင်တဖျတ်ဖျတ်ရိုက်ပြီး တွန်လိုက်ပြန်တယ်။ ကြက်ဖတစ်ကောင် ပြီးမှ မတွေ့တာနဲ့ နောက်တစ်ခါ အတောင်ကို ရိုက်ပြီး…

'အောက်…အီး… အီး…အဟု'

ကောင်းကောင်းတောင် မတွန်လိုက်ရ။ ရှေ့ကို ရောက်လာတဲ့ သတ္တဝါကြောင့် မအွတ်နိုင်ဘဲ ခေါင်းကို အမြန်ပြန်ချလိုက်တာ အဟု ဖြစ်သွားပါရောလား။ ဟုတ်ပါတယ်။ ဘယ်ကြက်ဖလာလာ မကြောက် ပေမယ့် အခုရောက်လာတာက ပါးစပ်အဖြဲသားနဲ့။

'ဂီး…ဂဲ'

'ကွပ်…ကွပ်'



www.burmeseclassic.com

www.burmeseclassic.com



နတ်ကျော်လေ။ အမွေးနက်နက် နားရွက်ကုပ်ကုပ်နဲ့ ရှေ့ဆောင့်ကြောင့် လာထိုင်တယ်။ မျက်စိကလဲ ဆံပျာနဲ့ ပြူးပြဲသွားတော့တာ။ တစ်ဆက်တည်း ပြေးပေါက်ကိုပါ ချောင်းနေရတယ်။ အပေါ်နားက သစ်ကိုင်းကို မော့ကြည့်ရင်း ခုန်တက်လို့ ရ၊ မရ ချိန်ဆနေတယ်။ နက်ကျော်ကတော့ ရုပ်တည်နဲ့ မျက်ခြည်မပြတ် ထိုင်ကြည့်နေတယ်။ ဒီတစ်ခါတော့ လွတ်တော့ဘူးဆိုတဲ့ သဘော။

ပေသီးမျက်နှာ အတော်ငယ်သွားလေရဲ့။ မငယ်လို့လည်းမရ ဟိုတစ်ခါတုန်းက ကံကောင်းလို့မသေပေမယ့် အမြီးတွေကျွတ်ကာ ဖင်ပြောင်ကြီး ဖြစ်သွားတာလေ။

အဲ့ဒီမှာ ပြဿနာကစတာ။ ကြက်ဖဆိုတာ အမောက်နဲ့ အမြီးအားဖား ကျနေရမှာလေ။ အနားနီးတဲ့ ကြက်ဖတွေက ကြက်မမှတ်ပြီး လိုက်တာနဲ့ အတင်းပတ်ပြေးခဲ့ရတာ။ ကံကောင်းလို့ လွတ်လာတာ မဟုတ်ရင် မလွယ်။ အဲဒီတုန်းက တန်းပေါ်ကကို မဆင်းရဲတော့တာ။

မျက်စေ့သူငယ်နားသူငယ်နဲ့ အတော်ကြာကြာနေလိုက်ရတာ။ အခုမှ နောက်က တဖားဖားကျနေတဲ့ အမြီးကို ကြည့်ပြီး ဒီတစ်ခါဆိုရင် ေတာ့ဆို မျက်နှာသေလေးနဲ့ လှုပ်ပင် မလှုပ်ရဲ။

နက်ကျော်က ရုပ်ကို အတော်မာနေတာ။ ဒီတစ်ခါတော့ ပိုင်ပြီ ဆိုပြီး လေးဘက်ရုပ်ကာ တုန်နေတဲ့ ပေသီးနား နှုတ်သီးကို တိုးလိုက်တယ်။

ပေသီး မျက်နှာသေလေးနဲ့ နက်ကျော်ရဲ့ မျက်နှာကို ကြည့်နေ တုန်း ကြောက်ရွံ့ခြင်းနဲ့အတူ နက်ကျော်မျက်နှာ ပျက်သွားတယ်။ တစ်ခါ ပေသီး နောက်ကို ကြည့်ကာ ဖင်ပြားလိုက်ချထိုင်။ နှုတ်သီးနဲ့ ပေါင်ခွကြား ကိုလိုက်ဒီကိုက်။ နောက်ခြေထောက်နဲ့ ရှေ့လက်ပြင်ကို ကုတ်။ မသိရင် အန်းဲကုတ်နေတာလိုလေ။

'အံမယ်… ဒီနှစ်ကောင် မတည့်စဖူး တည့်လို့ပါလား အဟဲ… ကြည့်ဦးမယ်'

www.burmeseclassic.com



အကြောင်းမှ မသိဘဲကိုး။ နက်ကျော်က အမြီးနန့်ပြပြီး ပေသီးက သူကြီးဆီ ပြေးကပ်တယ်။ မဟုတ်ရင် မလွှယ်။ ဒါတောင် ဟိုက စွေကြည့်နေသေးတာ။

'လာ လာ သားကြီး၊ မင်းကို အစာကျွေးရမယ်'

ကြက်ဖကြီးကိုပွေ့ တန်းလျားမှာ သွားထိုင်ပုဆိုးကိုဖြန့် နို့ဆီဗူးထဲက ဆန်ကို ထည့်ကျွေးတယ်။ နက်ကျော်က မကျေမနပ်ယိုင်ကြည့်နေတယ်။

'စားကွ၊ ငါအခု သူကြီးဖြစ်နေလို့ကွ၊ ငယ်ငယ်က ပုံစံနဲ့သာဆို မင်းနဲ့ အလုပ်ဖြစ်တယ်'

'ကွပ်··· ကွပ်'

ကြက်ဖကြီးက ပုဆိုးထဲက ဆန်တွေကို စားနေလေရဲ့ ပုဆိုးထဲထည့်ကျွေးတာ အကြောင်းရှိတယ်။ ဒါက ကြက်သမားတွေပဲ သိတာ။ တချို့ဆို ကြက်စာခွက်ကို တမင်လုပ်ထားကြတယ်။ အမာပေါ်တင်ကျွေးတဲ့အခါ ဆန်စေ့ကို ပေါက်ပြီးကောက်မယ်။ အဲ··· ကြာကြာကောက်တဲ့အခါ နှုတ်သီးတုံးသွားတာတို့ ဘာတို့ ဖြစ်သွားတတ်တယ်။

အဲ့လိုဆို တိုက်တဲ့အခါ မထိရောက်တော့ဘူးလေ။ အခု ပုဆိုးကို မတင်းတတင်း ဆွဲထည့်ကျွေးတော့ နှုတ်မပွန်းတော့ဘူးပေါ့။ စားနေတဲ့ ပေသီးကို ကြည့်ပြီး သူကြီး ကြက်တိုက်ချင်စိတ် တဖွားဖွားပေါ်လာတယ်။

အခုရွာကို အုပ်ချုပ်နေရတဲ့သူကြီး ကြက်ကြီးကိုမ,လို့။ ကျန်ခဲ့တဲ့ အချိန်တွေတုန်းကဆို တွေးရင်းငယ်ဘဝ ပြန်ရောက်ချင်လာတယ်။ အခုကြာဖြူတို့ ဆိုးတယ်ဆိုတာ ဘာဟုတ်သေးလဲ။ အတွေးနဲ့ ပြုံးလိုက်တယ်ဆိုရင်ပဲ မိန်းမရဲ့အသံက မီးဖိုခန်းထဲကနေ ပေါ်လာတယ်။

'ကိုရင်ဖိုးထိန်၊ ရှင်ဘာလုပ်နေလဲ'

'ငါ ဒီမှာ ကြက်စာကျွေးနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အတော်ပဲ၊ ကျုပ် ထမင်းအိုးငှဲ့နေတယ်၊ ငါးတွေ လာကိုင်ပေးဦး၊ ချဉ်ပေါင်ရွက်တွေလည်း သင်ရဦးမယ်'

သူကြီး ကျွဲမြီးတိုသွားတယ်။ စိတ်ထဲမှာလည်း မိန်းမတွေဟာ နေရာတကာ နိုင်းချင်ကြတာလို့ တွေးလိုက်သေးတာ။ စိတ်မရှည်တဲ့ လေသံနဲ့..

'မင်းရဲ့သမီး မိဝါက၊ ဘယ်သွားလို့လဲဟ'

'ဘာ... ဘယ်သွားလဲ ဟုတ်လား၊ တော့်သမီးအကြောင်း ပြော နေပြော မပြောချင်ဘူး၊ မနက်လင်းလို့ မျက်လုံးပွင့်တာနဲ့ ဝတ်ကျေတမ်းကျေ ထမင်းကြမ်းနွှေး၊ ဟင်းတွေပြန်နွှေး၊ အံမယ်... ပြီးတာနဲ့ အလှပြင် ကော့ကော့ကော့ကော့နဲ့ သွားတော့တာ အချိုးကိုက ဖအေတူ ဟွန်း'

အထဲကနေ ကက်ကက်လန် ရန်ပြန်တွေ့တာနဲ့ မျက်နှာမဲ့သွား လေရဲ့။ ပြောသေးတာ။

'အဲ့ဒါ၊ မင်းနဲ့တူလို့လေ၊ မင်းငယ်ငယ်ကလည်း အိမ်ပေါ်ကစေ့ လျှောက်သွားပြီး အောင်သွယ်ပေးတာ၊ ဟွန်း... တစ်ချိုးတည်းပဲ'

'ဘာ'

အထဲက အသံက အတော်တင်းတင်းမာမာ ထွက်လာတာနဲ့ သူကြီး လန့်သွားတယ်။

'ဟွန်း... တော်စကားကို ပြင်ပြောရင်ကောင်းမယ်၊ ကျုပ် လက် အားတာကိုက တော်ကံကောင်းနေတယ်မှတ်ပါ'

'အိ'

'ကဲ...လာမှာလား၊ မလာဘူးလား၊ ဟင်း'

ဒါနဲ့ပဲ ရှုံ့မဲ့သွားတော့တာ၊ ကြွက်ဖကြီးကိုချ ပုဆိုးကို ပြင်ဝတ်ရင်း တွန့်တွန့်တွန့်နဲ့ မီးဖိုခန်းမကို သွားတယ်။

'အံမယ်... ယောက်ျားတွေများ အလုပ်ဆို မလုပ်ချင်ကြဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဖွန်း… မလာသေးဘူးလား၊ မြန်မြန်မလာလို့ကတော့ ရေတက်ကျည်ပွေ့ ပျံထွက်လာမယ်နော်၊ လက်အားသွားပြီ'

'လာ… လာပါပြီကွာ၊ အဟဲ… မင်းကလည်း'

ထမင်းအိုးကို မီးဖိုပေါ်ပြန်တင်။ အပေါက်ကို စွေကြည့်ပြီး ကြိမ်း နေတာနဲ့ အတင်းအထဲဝင်လိုက်ရတော့တာ။ ပြီး… မဲ့နေတဲ့ မျက်နှာကို အတင်းပြုံးပြခိုင်းမှတော့ ငိုတာနဲ့ ပိုတူသွားတော့တယ်။

♦ ♦ ♦

တစ်ခြမ်းပဲ့ လရောင် မှုံဝါးဝါးအောက်မှာ သူကြီးအိမ်ဝန်းက တိတ်ဆိတ်နေတယ်။ ရွာမှာ သူခိုးက မရှိတော့ ခြံဝင်းတံခါးတွေကို ပိတ် မထားကြဘူး။ ညည့်ကလည်း နက်ပြီဆိုတော့ အိပ်ကုန်ကြပြီလေ။

နက်ကျော် လှေကားရင်းမှာ ကွေးနေတယ်။ ခြေသံလိုလို ကြား တာနဲ့ ခေါင်းထောင်ကြည့်တော့ ခြံထဲဝင်လာတဲ့ လူရိပ်တစ်ခုကို တွေ့လိုက် ရတာနဲ့ ဟောင်ရကောင်းမလား နားရွက်ထောင်စဉ်းစားနေတုန်း အနား ရောက်လာတယ်။ အဲ… ပြီးမှ မှတ်မိသွားတယ်။ မှတ်မိဆို…

'ကစ်… ကစ်… နက်ကျော်ကြီး၊ ငါပါဟ'

'လာ…ရော့စား၊ မင်းအတွက်'

နက်ကျော် အမြီးတနန့်နန့်နဲ့ အနားရောက်လာတဲ့ ထန်းလျက်ခဲ ဖြူတွေကို မထဘဲစားတယ်။ နောက်သတင်းစာနဲ့ ထုပ်ထားလျက်ချကျွေး တာနဲ့ စားတော့တာ။ ဒီလိုပဲ လာတိုင်း ကျွေးကျွေးနေတာ၊ ပြီးတော့ သခင်မနဲ့ စကားထိုင်ပြော ပြန်သွားတာ ခဏခဏ။ ရိုးနေပြီဆိုတော့ ဟောင်စရာမလိုတော့ပါ။ ဒီညတော့ သခင်မလည်း ဆင်းမလာသေး ဒီလူကလည်း သခင်မကို သွားမနှိုးတော့ဘဲ ပေသီးအိပ်နေတဲ့ ဝါးဆိုးတန်း အောက် ရောက်သွားတာနဲ့ နက်ကျော် အစားကိုရပ်ပြီး ကုပ်နေတဲ့ နားရွက် ထောင်အောင်ကြည့်နေလိုက်တယ်။ လူရိပ်က တိုးတိုးပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ရှုး… အဟီး… မင်းနဲ့ ဒီကောင်နဲ့ မတည့်ဘူး မဟုတ်လား၊ ငါဖမ်းသွားမယ်၊ တိတ်တိတ်နေနော်'

နက်ကျော်က အမြီးလှုပ်ပြတော့ လူရိပ်က ပေသီးနားကပ်သွားတယ်။ ခြေတစ်ချောင်းကိုထောက် တောင်ပံကြားထဲ ခေါင်းဝှက်အိပ်နေတယ်။ ခြေထောက်ကြားထဲ လက်ညှိုးကို အသာထိုးထည့်တယ်။

'ကွပ်…ကွပ်'

အိပ်ချင်မူးတူး ခေါင်းထောက်ကြည့်ပြီး နေရာရွှေ့တယ်။ ဘာရယ်မသိ။ ခြေထောက်အောက်ရောက်လာတဲ့ဟာပေါ် ခြေနှစ်ချောင်းလုံးတက်ပြီး ပြန်အိပ်တာလေ။

လူရိပ်က လက်ညှိုးပေါ်ပါလာတဲ့ ပေသီးကို လက်မောင်းပေါ် အသာရွှေ့တယ်။ ဘာသံမှကို ထွက်မလာဘူး၊ ခေါင်းထောင်ကြည့်နေတဲ့ နက်ကျော်ရဲ့ နားရွက်ကို လိမ်ဆွဲပြီး လူရိပ်က ပေသီးကို လက်မောင်းပေါ်တင် ခြံထဲက ပြန်ထွက်သွားတော့တယ်။

နက်ကျော် အတော်ပျော်သွားတာလေ။ အရှုပ်တစ်ကောင်တော့ သွားရှာပြီးလို့ ထင်လိုက်တာ။ ကျေနပ်စွာနဲ့ လှဲအိပ်လိုက်တော့တယ်။

◆ ◆ ◆

သူကြီး ခြံဝင်းအနှံ့ ပျာပျာပျာပျာနဲ့ တစ်ခုခုကို ရှာနေတယ်။ ဘာကိုရှာတာလဲတော့ မသိ။ မီးဖိုခန်းထဲ ထမင်းချက်နေတဲ့ မိဝါက အဖေ [illegible]စ်တဲ့သူကို ကြည့်ပြီး မျက်စိရှုပ်နေလေရဲ့။ နောက်ဖေးမှာ ဆန်ဆေးနေ[illegible]တော့ နောက်ဖေးမှာ ဟိုချုံဖြိုရှာ ဒီချုံဖြိုရှာနဲ့။ အဲ… တစ်ခါ ဆန်ဆေး [illegible]င်းအိုးတည်၊ အရှေ့ပေါက်ထွက်ထိုင်၊ ဟင်းရွက်သင်နေတော့ အရှေ့[illegible] [illegible]လားလားလားနဲ့ လိုက်ရှာနေတာကို တွေ့ရပြန်တယ်။ ဒါနဲ့ [illegible]မ်းမေး [illegible]တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဘ'

'ဟော'

'အဲ့ဒါ ဘာဖြစ်နေတာလဲ ဟင်'

သူကြီးက နဖူးကချွေးကိုသုတ်။ ထိုင်ခုံမှာဝင်ထိုင်ရင်း စိတ်ပျက်သံနဲ့ ပြောတယ်။

'ဟူး… ဟိုကောင်ပေသီး၊ ဘယ်ပျောက်နေလဲ မသိဘူး၊ ရှာမတွေ့ဘူးဟ'

'သော်… ဒါများ အဘရယ်၊ ကိုကြီးအောင်သင်းဆီမှာလားမှ မသိတာ'

ဟင်းရွက်ကို သင်ရင်း မထူးဆန်းသလိုပြောတော့ ဟိုက စွေကြည့်ပြီး…

'ဟာ… နင်မသိပါဘူး၊ ဟိုကောင်က အိပ်နေတာများသိုးလို့ ငါရောက်ပြီးပြီ'

'အဘရယ်၊ ဟိုနားဒီနား ပတ်ကြောင်နေမှာပေါ့၊ ပေသီးအကြောလည်း သိသားနဲ့'

သမီးလုပ်တဲ့သူကို စွေကြည့်တယ်။ စိတ်ထဲမှာလည်း အတော်စကားများတာပဲ တွေးမိတာ။

'လျှာရှည်လိုက်တာ၊ ဒီကောင်က ခြံထဲကနေ ဘယ်မှသွားတာ မဟုတ်ဘူး၊ ဟွန်း… မဟုတ်မှလွဲရော အခိုးခံရပြီထင်တယ်'

'သော်… အဘရယ်၊ ရယ်စရာပြောပြန်ပြီ၊ သူကြီးခြံထဲ ဘယ်သူဝင်ရဲမှာလဲ'

ဒါနဲ့ပဲ တင်းသွားလေရဲ့။ နှုတ်ခမ်းမွေးထောင် ရုပ်ကြီးကိုမော်ဝါကို စွေကြည့်ကာ…

'ဟွန်း… ဘယ်သူဝင်ရဲမှာလည်း ဟုတ်စ၊ ဟုတ်ပါတယ်၊ ဒီခြံထဲကို ဘယ်သူမှ ဝင်မခိုးရဲဘူးဆိုတာ၊ ဒါပေမဲ့…'

www.burmeseclassic.com

www.burmeseclassic.com



ပြောလက်စကားကိုရပ်။ သမီးလုပ်တဲ့လူကို စွေကြည့်တော့ ဟိုက ဟင်းရွက်သင်တာတောင် မပျက်။

'တစ်ယောက်တော့ ရှိတယ်၊ ဟွန်း... ငါ မပြောလိုက်ချင်ဘူး၊ သေချာတယ်၊ ဒီခြံထဲ ဒီအကောင်ကလွဲပြီး ဘယ်အကောင်မှ မဝင်ရဲဘူး၊ ဟင်း...'

'အဲ'

မိဝါမျက်နှာလေးရဲ... ဇက်ပုသွားလေရဲ့။ ယောင်တောင် ပေါင်တောင် ဟင်းရွက်ကို အရိုးပုံထဲပုံ အရိုးကို အိုးထဲပစ်ထည့်လိုက်တယ်လေ။ ပြီးမှ အိုးတို့အန်းတန်းနဲ့ ပြောသေးတာ။

'အဘကလည်း ခြံထဲ လူစိမ်းဝင်ရင် နက်ကျော်နဲ့ တွေ့မှာပေါ့လို့ အခုဘာသံမှ မကြားဘူးလေ ခွေးဟောင်သံမပြောနဲ့ ကြက်အော်သံတောင် မကြားဘူး'

သူကြီးက နက်ကျော်ကို စွေကြည့်လိုက်တယ်။ ပျင်းချက်ကတော့ လက်ကုန်။ လူတွေက နိုးလို့ အလုပ်တွေ လုပ်နေတာတောင် လှေကားအောက်တန်းပေါ် မေးတင်ကာ အအိပ်မပျက်။ သူကြီး ကျွဲမြီးတိုသွားတယ်လေ။

'ဟွန်း... ဒီကောင်က ခွေးမဟောင်ဘူး၊ အဲ... ခိုးတဲ့နေရာမှာလည်း တော်တယ်ထင်ပ၊ ဟွန်း...မပြောချင်ဘူးနော်၊ ပြောပြန်ရင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရာကျမယ်၊ ငါနော်...'

'အဟိ'

မျက်နှာကြီးရဲ ပေါက်ကွဲနေတာလေ။ မိဝါက တစ်ဘက်လှည့်ပြုံးနေလေရဲ့။ ဘာမှ မပြောရဲတော့ဘူးလေ။ ကြာရင် သူ့ဘက်မြားဦးလှည့်လာမှာစိုးတာနဲ့ ဟင်းရွက်ဗန်းကို မ,အထဲပြန်ဝင်ပြေးတော့တာ။

သူကြီးဒေါသက မနိုင်နိုင်ရာ နက်ကျော်ပေါ် ပုံကျသွားလေရဲ့။ နက်ကျော်နားကို သွား...။

www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… အတော်အားကိုးရတဲ့ အကောင်၊ အံမယ် ကြက်မပြောနဲ့ တစ်အိမ်လုံး မ,တာတောင် သိမဟုတ်ဘူး၊ ခွေးဘိန်းစား၊ အင်းဟာ'

'ကိန်'

'ဟွန်း…မှတ်ပြီလား'

လှေကားပေါ်မနေ ကန်ချလိုက်တာနဲ့ ဟိုဘက်ခွေးကျကျပြီးသကာလ အူလည်လည်နဲ့ ကြည့်နေတယ်။ အဲ… သူကြီးဒေါ်သအကြောင်း သိနေတော့ အမြီးတန်းနေအောင် ပြေးလေရဲ့။ သူကြီး ခါးကြီးထောက်ပြီး ကျန်ခဲ့တော့တာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'ဟင်…ကြက်…ကြက်'

'အဟဲ…ဟုတ်တယ်လေ၊ ဒါကြက်ဖကြီးပဲ၊ ကြက်တောင်မှ တိုက်ကြက်အစစ်ဗျာ၊ ခွပ်ချက်ကတော့ မွတ်ထွက်သွားစေရမယ်၊ အဟွင်း'

စောစောစီးစီး အိပ်ယာကတောင် မထသေး။ ကြက်ဖကြီးပိုက်ပြီး လာနှိုးတဲ့ ကြာဖြူကြောင့် ပေတိုးလန့်နိုးသွားတယ်။

နိုးနိုးချင်းပဲ ပြူးပြူးပျာပျာ ကြာဖြူပိုက်ထားတဲ့ ကြက်ဖကြီး ကိုကြည့်။ အံ့သြပြီးသကာလ ထိတ်တုံးစော်ပါနံလာတော့တာ။ မိန့်မိန့်ကြီး ပြုံးနေတဲ့ ကြာဖြူကိုကြည့်၊ စိတ်ရှုပ်တဲ့ မျက်နှာပေးနဲ့ ကြက်ဖကြီးကို လက်ညှိုးထိုးလို့ ပြောတယ်။

'ဟာ…ဒုက္ခပဲ၊ ငါတော့ စောစောစီးစီး ဖွတ်တက်ပြီ၊ ဟော့ ကောင်… အဲ့ဒါ ပေသီးမဟုတ်လား၊ မင်းတော့ ပြဿနာကို ကြက်ခိုး ပြီးရှာပြန်ပြီ'

'အဟွင်း… ကြောက်သွားပလား၊ မကြောက်ပါနဲ့ ပေတိုးရေ ခိုင်ပါတယ်၊ အဓိကက ငတေတို့ကြက်ကို နိုင်ဖို့ပဲမလား'

မျက်နှာသေလေးနဲ့ ပေတိုးက တက်ကြွနေတဲ့ ကြာဖြူကို ဘာမှ မပြောချင်တော့တာနဲ့ဘဲ ခေါင်းယမ်း မျက်နှာသစ်ဖို့ ထောက်ဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com



တော့တာ။ ကြာဖြူ အိမ်ရှေ့ခန်းထဲ ပြန်ရောက်တော့ မိတိုးကို ဆွမ်းတော်ဗန်းလေး မ,လျက် တွေ့ရတယ်။ ဟိုက အံ့သြတဲ့ပုံနဲ့ မေးတယ်။

'ဟယ်တော့… ကြာဖြူတို့ အစောကြီးနိုးလို့ပါလား၊ အံ့မယ် အိမ်မက်မဟုတ်ဘူး၊ အဟုတ်တဲ့'

'အဟဲ… ဟုတ်ပါတယ်'

စပ်ဖြဲဖြဲနဲ့ ကြက်ကို အင်္ကျီနဲ့ ဝှက်မယ်လုပ်တာ မရတော့။ မိတိုးက မျက်လုံးပြူးလေနဲ့…

'ဟယ်… အဲ့ဒါ သူကြီး ကြက်ဖကြီးမို့လား ဘယ်လိုလုပ်ရ…'

'ရှူး… တိုးတိုး… နင့်အသံပြဲကြီးနဲ့၊ ငါခိုးလာတာဟ'

'ဟယ်… တကယ်'

ကြာဖြူက ပျာပျာသလဲ ရှင်းပြတော့ ဟိုက မယုံသလိုနဲ့ မေးတယ်။ စိတ်ထဲမှာလည်း မိဝါနဲ့ တိုင်ပြောရမယ်လို့ တွေးနေလေရဲ့။

'တကယ်… အဟဲ… နင်မိဝါကို မပြောပါနဲ့ဟာနော်၊ ဒီနေ့ တစ်ပွဲပဲ ညရောက်ရင် ငါသွားပြန်ထားမှာ တစ်ရက်တည်း'

'ဟာ… မရဘူး၊ တိုင်မှာ'

'နင်ကလည်းဟာ၊ လုပ်ပါနဲ့၊ နော်… နော်လို့နော်၊ ဝေမိုးလည်း ပါမှာ'

မျက်နှာငယ်လေးနဲ့ အတင်းစည်းရုံးနေတယ်။

အဲ… ဝေမိုးဆိုတဲ့ အသံကိုကြားမှပဲ ရုပ်ပါမာ အသံပါ ဆောင့်ထွက်လာတော့တာ။

'ဘာ… ဒီမသာ၊ သင်းပါ ပါမယ်ပေါ့၊ ဟင်း… တွေ့ပြီပေါ့၊ အစက မတိုင်ဘူးလို့ စဉ်းစားတားတာ အခု တိုင်ကို တိုင်ရမယ်၊ ဟွန်း'

'ဟာ… တိုင်ပါနဲ့ဟာ'

'တိုင်မယ်၊ ဘာဖြစ်လဲ၊ ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



မရ။ ဘယ်လိုမှမရ မျက်စောင်းကို ပယ်ပယ်နယ်နယ်ထိုး ဘုရားခန်းကို ဆောင့်ဆောင့်အောင့်အောင့်သွားလေရဲ့ ကြာဖြူက ပြောသေးတာ။

'အိုဟာ၊ တိုင်ချင်တိုင် မတိုင်ချင်နေ၊ စိတ်ကို မဝင်စားတာ၊ ငါ့ဟာငါ တိုက်တာ ဘာဖြစ်လဲ၊ ဟွန်း… ငထောင်မ'

ပြောမရတဲ့အဆုံး ဘုတွန်းပြီး အောက်ဆင်းလာခဲ့တော့တာ။ ချက်နှာသုတ်နေတဲ့ ပေတိုးက မီးဖိုချောင်ဘက် စေ့ကြည့်တယ်။ အမေလုပ်တဲ့ သူက အဖေလုပ်တဲ့သူကို တဖျစ်တောက်တောက် အလုပ်ဝိုင်းကူလုပ်ခိုင်းနေတာနဲ့ အခြေမလှဘူး ထင်လိုက်တယ်။ ဆာနေတဲ့ ဗိုက်ကိုပွတ်ပြီး ကြာဖြူကို ပြောတယ်။

'အခြေမလှဘူးဟ၊ လာ… ဟိုကောင်တွေဆီရောက်မှပဲ မနက်စာစားကြမယ်၊ မင်းရောစားပြီးပြီလား'

'ဟင့်အင်း… ဒီကောင်ကြီးကို မြင်မှာစိုးတာနဲ့ မစားခဲ့ရဘူး'

'ဟာ… ဟန်ကျပြီ၊ မင်းမောင် မနေ့ကပြောတယ်၊ သူ့အိမ်မှာကြက်သားတဲ့၊ အဟဲ… အရိုးလေးတော့ ကိုက်ရဦးမှာပေါ့၊ သွားကြမယ်'

ဒါနဲ့ပဲ နှစ်ယောက်သား ကြက်ခေါင်းကို အင်္ကျီအုပ်ပြီး မင်းမောင်ရှိတဲ့ ချောင်းဘေးဘက်လှည့်လိုက်တော့တာ။

◆ ◆ ◆

မိဝါ လုပ်စရာရှိတာတွေ လုပ်ပြီးတာနဲ့ ရေမိုးချိုး အလှပြင်စားသောက်ပြီး ရွာလည်ထွက်မလို့ ပြင်တယ်။ မအေက တန်းလျားထိုင်ဆေးလိပ်ဖွာနေတာ ဖအေက နှီးထိုင်ထိုးနေတယ်။ အိမ်က သွပ်မိုးပျဉ်ကာဆိုတော့ မလိုပါ။ ဒါပေမဲ့ လယ်ထဲ သီးပင်စားပင်တွေစိုက်တဲ့အခါ ခြံခတ်ရတယ်လေ။ ဒါနဲ့ပဲ နှီးထိုင်ထိုးနေလေရဲ့။

သမီး အပြင်ကို သွားဖို့ပြင်နေတာတွေ့တော့ ခွကြည့်တယ်။

www.burmeseclassic.com



ကြက်ပျောက်ထားတဲ့ အရှိန်ကလည်း မပြေသေးတော့ မျက်နှာက မာနေဆဲပဲ။

'အမေ'

'ဘာလဲ'

'သမီး မိတိုးတို့ဘက် ခဏသွားလိုက်ဦးမယ်နော်'

'အေး… အေး၊ မိုးတော့ မချုပ်စေနဲ့နော်'

အကြောင်းသိနေတယ်လေ။ မိဝါ ခဏဆို ဒါညနေစောင်းပဲ။ ဒါမှမဟုတ် တအောင့်ဆို လိုက်ပါရှာရပြီ၊ ဒါပေမဲ့ ချစ်တော့ အလိုက လိုက်ထားတာ ရှက်ဝဲဝဲနဲ့ ပြောသေးတယ်။

'အမေကလည်း၊ ခဏပါဆို'

'အေး… ညည်း… ခဏကို ငါက ကြောက်တာရယ်'

ဒါနဲ့ပဲ ကော့ကော့ကော့ကော့နဲ့ သွားလေရဲ့၊ အဲ့… ရှိတုန်းကတော့ ဘာမှမပြောလည်း မရှိမှ မိန်းမကို ရန်လုပ်တယ်လေ။

'မင်းကွာ… သမီးကို သိပ်အလိုမလိုက်နဲ့၊ ဟွန်း… တော်ကြာဆိုးသွားဦးမယ်'

'အလိုတော်… တော့်သမီးက ဘယ်တုန်းက လိမ္မာတာလိုက်လို့'

'အင်'

ဟိုက ဆေးလိပ်ဖွာမပျက်။ မဲ့ရွဲ့ပြောတာနဲ့ လိုမ့်ခြဲတော့တာ။

'အဲဒါသာကြည့်၊ သမီးမိန်းကလေးတွေ ဖအေတူမို့လို့ အပြင်ထွက် လားလားလားလားနဲ့၊ အိမ်ထဲမှာထားလို့ ဘယ်လိုမှကို မရတာ၊ ဟွန်း… ဘယ်ရမှာလဲ၊ ဖအေတူတာကိုး'

'အံမာ… ငါနဲ့ ဘာမှကိုမဆိုင်တာ၊ မင်းနဲ့ တူတာပေါ့၊ ဟွန်း… တစ်ချိုးတည်းရယ်'



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကြီးတန်မဲ့ ရှုံ့ပြန့်တွေ့တော့တာ၊ ဒါကိုက မှားတာလေ။ မိန်းမဆိုတာ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် သူပြောသမျှ ခေါင်းညိတ်လိုက်ပြီးပြီ။

အခုတော့ မဲ့မဲ့ရွဲ့ရွဲ့နဲ့။

'ဘာ… ဩော်… တော်က ကျုပ်ကို အခုတော့ ဒီစကားပြောပြီပေါ့လေ၊ မရခင်ကတော့ ဘယ်လောက်ချစ်တာ ဘာညာ ဘာညာနဲ့ အခုမှ'

'ဟာ… ငါပြောတာ အဲဒါတွေ မပါဘူး၊ မင်းကို အမိပိပိအဲလို မလိုက်ဖို့ ပြောတာဟ' …

ငယ်ကျိုးငယ်နာတွေ ပြန်ဖော်တာနဲ့ပဲ အထင်းလိုက်ဖာရတယ်လေ။ ခုတော့ စကားအစရပြီဆိုတာနဲ့။

'အစကတော့ ပန်းဝါလေးကို ချစ်တာ၊ မင်းကိုရဖို့ဆို ပင်လယ်ပဲ ကူးရကူးရ၊ ခူဝံကြယ်ကိုပဲ ခူးရခူးရဆို၊ အံမယ်… ပြောသေးတာ၊ ခေါင်ကြီးက မင်းတစ်ယောက်တည်းကိုပဲ ရိုးမြေကျမှာဆို'

ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ မျက်နှာကြီးမဲ့ပြီး ထိုင်နားထောင်ရလေရဲ့။

◆ ◆ ◆

'ဟယ်… မိဝါ၊ လာလေ'

'အံမယ်… ကောင်မ၊ အိမ်မြဲနေတယ်ပေါ့'

အိမ်အောက်ထိုင် စပါးလုံးရွေးနေတဲ့ မိတိုးကို အခန့်သားတွေ့ရတယ်။ ဘေးဘီကို ဝေ့ကြည့်ပြီး မိတိုးဘေး ခွင်ထိုင်တယ်။

'ဟဲ့… အဲ့ဒါအသာထား၊ ညည်းလူလေ မနက်က အစ်စာကြီးအိမ်ကိုရောက်လာတယ်၊ လက်ထဲမှာလည်း ကြက်ကြီးပိုက်လို့'



www.burmeseclassic.com

www.burmeseclassic.com



'အဲ့ဒါများ အထူးဆန်းလုပ်လို့၊ ဟွန်း… အလကား ကြက်သမား၊ အရက်သမား၊ သင်းအကြောင်းကြားကို မကြားချင်တာ'

မျက်နှာလေး မဲ့ကာမဲ့ကာ အတင်းချနေတဲ့ မိဝါကို မျက်စောင်းထိုးလိုက်ကာ။

'ကောင်မ ပြောတာကိုလည်း ဆုံးအောင်နားထောင်ဦး၊ ဟွန်း… ပြောသေးတာ၊ ကြက်သမား၊ အရက်သမားတဲ့၊ ပြီးတော့ သူပဲ…'

'ကောင်မနော်'

'ကောင်မနော် လုပ်မနေနဲ့၊ ညည်းလူ ပိုက်ထားတာ သူကြီးကြက်ဖကြီးဟဲ့'

'ဟင်… တကယ်'

မျက်လုံးလေးဝိုင်း ပါးစပ်လေးပါဟ သွားလေရဲ့၊ မိတိုးက အခုမှ ဖြစ်နေတာဆိုတဲ့ မျက်နှာပေးနဲ့ ကြည့်ကာ…

'ငါ့ကိုတောင် နင့်ကို ပြန်မပြောပါနဲ့တဲ့'

'ဟယ်တော်… ညက ငါလည်း မရိုန်းပါဘူး၊ သြော်… အဘ ကြက်ပျောက်ပါတယ်ဆိုတာ၊ လက်စသတ်တော့ သင်းလက်ချက်ကိုး၊ အံ့မယ် ငါကတော့ ကာဆီးကာဆီးပြောသေးတာ၊ သင်းပဲကိုး၊ ထင်တော့ ထင်သား'

အံ့ဩစိတ်ပျောက် ဒေါသစိတ်ရောက်လာတော့တာ။ နှုတ်ခမ်းကို ကိုက်ပြီး ဒေါနဲ့မောနဲ့ ပြောတယ်။

'တွေ့မယ်၊ ခိုးစရာရှားလို့ သူကြီးကြက်မှ ခိုးတယ်၊ မလေးမစား ငါ့မျက်နှာကိုတောင် မထောက်ဘူး၊ ပြန်လာပေ့စေ'

'ကောင်းတယ်၊ မှတ်လောက်အောင်လုပ်၊ ဒါမှနင်စိတ်ချရမှာ၊ မရခင်တည်းက မီးသေမှ၊ မဟုတ်ရင် နင် မလွယ်ဘူးနော်'

ဘေးနားက မိတိုးကလည်း ဝင်ထောင်တာနဲ့ အတော်ခင်းနေပြီ၊ ပြောသေးတာ မိတိုးက…



www.burmeseclassic.com

www.burmeseclassic.com



'ပြောသာပြောရတယ်၊ ညည်းကောင်က သူ့အဖေနဲ့ အမေတောင် ပြောမရလို့ လွှတ်ထားတာ၊ ဟင်… ညည်းပြောလည်းရမှာ ဟုတ်ပါဘူး လေ'

'ဘာ'

မိဝါ အသံဆောင့်ဆောင့်အောင့်အောင့် ထွက်လာကာ မျက်စောင်း ထိုးတယ်။ ဟုတ်တယ်လေ။ စိတ်ဆိုးတာနဲ့ ချစ်တာက တခြားစီဆိုတော့။ ဆိုတော့လည်း မခံနိုင်။

'ဟင်… ညည်းတော့ မလွယ်ပါဘူးအေ'

'ဘာ… ငါက မလွယ်ဘူးဟုတ်လား၊ ညည်းကောင် ဝေမိုး ကရော ကောင်းလို့လား'

'အဲ… ဒါကတော့'

ကက်ကက်လန် ပြန်ပြောလိုက်တော့ မီးလောင်ရာလေပင့်လုပ်နေ တဲ့ မိတိုး ဘာပြောလို့ ပြောရမယ်မသိ ဖြစ်နေတယ်။ ဟုတ်တယ်လေ။ ကြာဖြူ မကောင်းဘူးဆို ဝေမိုးကရော ဘာမှမထူး။ အတူတူနဲ့ အနူနူ ပဲဟာ။

'ဟွန်း… ငါ့လူကျတော့ ပြောတယ်၊ ညည်းလူကျတော့ရော အရှတ်ကြီးနဲ့ ပေါက်ဖော်ကြီး အတူတူပဲဟာ၊ အဲလိုမပြောနဲ့ မကြိုက်ဘူး၊ ဟွန်း'

'အံမယ်… ကောင်မ ဖြစ်နေတာ၊ ငါကနောက်တဲ့ဟာကို'

ပြောမနိုင်တော့တာနဲ့ မိတိုးက လျှော့ပေးလိုက်တော့ မိဝါက ပြောသေးတာ ရုပ်တည်နဲ့။ သူ့လူကို ထိတော့ မခံနိုင်ဖြစ်နေတာလေ။

'နောက်တာက နောက်၊ ဟွန်း… တော်ရုံနောက်၊ အေးလေး အင်းကလည်း ဆိုးတာကို၊ တွေ့မယ် ပြန်လာမှ'

စိတ်ထဲမှလည်း သူများပြောစရာဖြစ်အောင် လုပ်နေရတားဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အတော်တင်းနေပြီ။ ခဏကြာတော့ နှစ်ယောက်သား မယ်လှဆီကို သွားကြတော့တာ။ မယ်လှက တစ်ခါတလေမှ ရွာထဲလာတတ်တယ်။ အများအားဖြင့်တော့ မိဝါတို့က သွားရတာများတယ်လေ။ မိဝါသွားရင်းလာရင်း ကြာဖြူကို စိတ်တိုနေလေရဲ့။

♦ ♦ ♦

'ဟား…ဟား…ဘာတတ်နိုင်သေးသတုံး၊ အခုတော့ ပေသီးအကြောင်း သိသွားပြီမလား'

'ဟုတ်ပါ့ကွာ၊ ပေသီးတော်တော် အခွပ်ကောင်းတာပဲ၊ အံမယ် ဟိုကောင်တွေကြက် ကားခနဲ ကားခနဲ လွင့်လွင့်သွားတာ တကယ် တော်တဲ့အကောင်'

'မင်းတို့ကို ငါ့ပြောတယ် မဟုတ်လား၊ နိုင်ပါတယ်လို့၊ အခုတော့ ပိုက်ဆံအပြင် နောက်ဆို ငါတို့ကို ဒီကောင်တွေ မော်တောင်မကြည့်ရဲတော့ဘူး၊ အဟဲ'

လေးယောက်သား ပေသီးရဲ့ အစွမ်းနဲ့ နိုင်လာကြတယ်လေ။ သိတဲ့အတိုင်း ကိုယ်ရှုံးတော့ သူများအပြောခံရသလို အခု ကိုယ်နိုင်တော့ သူများကို ပိုးစိုးပက်စက်ပြောခဲ့ကြတယ်။

'ညနေ ထန်းတောထဲမှာ ဆုံကြမယ်နော်'

'အေး… နိုင်တဲ့အတွက် ပျော်ပွဲပေါ့ကွာ အဟဲ'

ကြာဖြူတို့ သုံးယောက်ကို ပေတိုးက စွေကြည့်တယ်။ ဟိုဟာတွေ ပျော်နေပေမယ့် သူက သူကြီးထိတ်တုံးကို တွေးကြောက်နေလေရဲ့ ရွာထိပ်ရောက်တော့ ခဏနားလိုက်ကြတယ်။ ကြာဖြူက ပေတိုးကိုကြည့်ပြီး ပြောတယ်။

'ဟော့ကောင်တွေ ကြည့်ကြစမ်း၊ ပေတိုးမျက်နှာကို'



www.burmeseclassic.com

www.burmeseclassic.com



'ဟော… ဘာဖြစ်လို့လဲဟ'

ဝေမိုးနဲ့ မင်းမောင်က ပြူးပြဲကြည့်ကြတော့။ ဟုတ်ပါတယ် ချက်နှာက မယားငယ်ဆီမသွားရသလို မှိုင်လို့ ငိုင်လို့။

'မဟုတ်မှလွဲရော သူ့ညီမ လင်နောက်လိုက်သွားလို့နေမယ်'

'ဘာကွ'

'အဟီး'

ကြာဖြူရဲ့စကားကို ဟိုနှစ်ယောက်ကရယ်နိုင်ကြပေမယ့် ပေတိုးက စိတ်တိုသွားတော့တာ။ ကြာဖြူကို စွေကြည့်၊ ဝေမိုးကို စောင်းကြည့်ကာ ပြောတယ်။

'မင်းတို့ကွာ ပြောင်စရာရှားလို့ ပြောင်တယ်ဆိုတာ စတီး(လ်) တို့ ဒန်တို့ပဲ ကောင်းတာနော်၊ ဟွန်း… ငါ့ညီမကို မထိနဲ့ကွ၊ ဒါနောက်ဆုံး အကြိမ် ဖြစ်ပေ့စေ'

ပြောလည်းပြော၊ စိတ်ဆိုးမာန်ဆိုးနဲ့ ဟိုသုံးယောက်ကို မစောင့် တော့ဘဲ ပြန်သွားတော့တာ။ မင်းမောင်က ကြာဖြူနဲ့ ပေတိုးကို စွေကြည့် ပြီး ပြောတယ်။

'ကြာဖြူ၊ မင်းကွာ၊ ဒီကောင်က သူ့ညီမကိုထိလို့ မရဘူးဆိုတာ သိရဲ့နဲ့၊ သွားစတယ်၊ အခုကောက်သွားပြီ'

'အဟီး… ငါလည်း အပျော်လွန်သွားလို့ပါကွာ၊ ဘာပဲဖြစ်ဖြစ် ညနေ သွားချော့ခေါ်ကြမယ်၊ ဒီကောင်က ပိုကိုပိုတာပါကွာ'

သုံးယောက်သား တိတ်သွားကြတယ်။ ပေတိုးကတော့ ရွာလမ်း အတိုင်း တဖြည်းဖြည်းဝေးသွားတယ်။ ဒီတော့မှ ဝေမိုးက သတိရပြီး ကြက်ဖကြီးပေသီးကို ကြည့်ကာ မျက်လုံးပြူးသွားတယ်။

'ဟာ… အခုလောလောဆယ် အရေးကြီးတာက ဒီကောင်၊ ကြာဖြူ မင်းဘယ်လိုလုပ်မယ်စိတ်ကူးလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဟုတ်တယ်၊ မင်းဓာတ်မင်း မနိုင်လို့ကတော့ ထိတ်တုံး နော်… ဟွန်း…'

ကြာဖြူက မျက်လုံးတစ်ဘက်ပိတ်ခေါင်းကြီးပွ ပါးစပ်ကြီးဟပြီး အသက်ရှူနေရတဲ့ ပေသီးကို ကြည့်လိုက်တယ်။ ပြောသာပြောရတယ်။ ဟိုကြက်ကို အတော်ခွပ်လိုက်ရတော့ အခု ခွက်ခွက်လန် ပင်ပန်းနေတာလေ။ ဒါပေမဲ့ ကြက်ကုတာကိုတော့ အကုန်ကျွမ်းပြီးသား ကိစ္စမရှိပါ။ ကြာဖြူက ဆရာပြုံးပြုံးလိုက်တာ ပိုင်ပိုင်နိုင်နိုင်ပြောတယ်။

'စိတ်ချစမ်းပါကွာ၊ သူကြီးက မင်းတို့သာ ကြောက်တာ၊ ငါက မကြောက်ဘူး၊ အဟဲ… ယောက္ခမဆိုတော့လေ၊ ပြီးတော့ ငါ့အဘ ပြောတာ ရှိသေးတယ်၊ သူငယ်ငယ်ကလည်း ကြက်သမားတဲ့၊ ဘာပဲဖြစ်ဖြစ် ဘဝတူချင်းတော့ ကိုယ်ချင်းစာတတ်မှာပါ၊ ဒီည သွားပြန်ထားမယ်'

'အေးလေ… ဒါဆိုလည်း ပြီးတာပဲ၊ သွားကြမယ်'

သုံးယောက်သား တဖြည်းဖြည်းရွာလယ်ပိုင်းနဲ့ နီးလာတယ်။ မင်းမောင်က ချောင်းရှိတဲ့ မြောက်ဘက်ကိုပြန်တယ်။ ကြာဖြူနဲ့ ဝေမိုးက တောင်ပိုင်းသားအချင်းချင်းဆိုတော့ အတူပြန်လာခဲ့ကြတယ်။

ရွာအရှေ့ပိုင်းနဲ့ တောင်ပိုင်းလမ်းဆုံရောက်မှပဲ နှစ်ယောက်သား ပြုံးနေတာ ပျောက်ပြီး ကြောက်သွားကြတော့တယ်။ ကြာဖြူက ကြက်ကို ကပျာကယာ ဝှက်မယ်ကြံတယ်။ မရတော့။ မိဝါကို ခါးထောက်လျက်သား မျက်နှာမာကြီးနဲ့ တွေ့ရသလို၊ မိတိုးကိုလည်း စွေကြည့်ရဲ့သား တွေ့ရတာလေ။ နှစ်ယောက်သား မျက်နှာအငယ်စားလေတွေနဲ့ သွားဖြဲပြတော့တာ။

'အဟဲ'

'ဟွန်း'

မိဝါက ရုပ်ကို အသားကုန်မာပြီး မျက်စောင်းကို ပျစ်ပျစ်နှစ်နှစ် ထိုးတယ်။ ပြီးမှ နားရွက်ကနေဆွဲပြီး လမ်းကြားထဲ ခေါ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တော်ကြီး လာခဲ့'

'အာလား၊ ပြတ်ပါပြီဗျ'

စောင်းစောင်း စောင်းစောင်းနဲ့ ပါသွားတယ်လေ။ လမ်းကြား ထဲလည်းရောက်ရော၊ လှည့်ကြည့်လိုက်တော့ ဝေမိုးနဲ့ မိတိုးလည်း ဘယ်ရောက်သွားကြတယ်မသိအောင် ပျောက်သွားကြတော့တာ။ မိဝါက နားရွက်ကိုလွှတ်၊ ခါးထောက်ပြီး ရန်တွေ့တယ်။

'ကြည်စမ်း၊ ပေသီးကြက်ရုပ်တောင် မပေါ်တော့ဘူး၊ ဟင်… ခိုးစရာရှားလို့ ကိုယ်နဲ့ အမျိုးတော်ရမယ့် ပြီးတော့ ရွာသူကြီး အိမ်က ကြက်ကို ခိုးရလား မသာရဲ့၊ ကဲ'

'အား… သေပါပြီဗျာ'

ဗိုက်ကြောကို တစ်ခါ ဆွဲပြန်တာနဲ့ ရှုံ့မဲ့သွားပြန်တယ်။ ပေသီး ကတော့ အသံပင်မထွက်နိုင်တော့ဘဲ မှေးမှေးလေးပွင့်နေတဲ့ မျက်လုံးနဲ့ မိဝါကို အားကိုးတကြီးကြည့်နေတယ်။ ဗိုက်ကြောကိုလွှတ် တစ်ခါပြော ပြန်တယ်။

'ဟင်… လူကြားလို့မှ မကောင်းအောင် သောင်းကျန်းတယ် ပေါ့၊ ကျုပ် တကယ်စိတ်ဆိုးတယ်၊ ကျုပ်ကို ခိုးတာတောင် အဲလောက် စိတ်ဆိုးမှာ မဟုတ်ဘူး အခုတော့၊ ကျုပ်အဘ အရှက်ကို သက်သက်မဲ့ ခွဲတာလို ဖြစ်နေပြီ၊ အင်းဟာ'

'အံမယ်လေးဗျ'

ဗိုက်ကြော ဟိုဘက်ဘေးဒီဘက်ဘေးကို ရှောင်မရအောင် နှစ်ဘက် မှျ ဆွဲတယ်။ ကြာဖြူလည်း တွန့်လိန်နေတော့တာ။ နောက် ဗိုက်ကြော လွှတ်သွားရင် နားရွက်ကို အတင်းလိုက်ဆွဲ နားထင်မွှေးတွေဆွဲနဲ့ ကြာတော့ မခံနိုင်တော့ဘူးလေ။ စိတ်ရှိလက်ရှိ နှိပ်စက်ပြီးမှပဲ ရပ်သွားတယ်။ ပြီးမှ လက်လျှော့တဲ့လေသံနဲ့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… တော်ကြီးနဲ့တော့ ခက်ပါတယ်၊ အဘကလည်း မဟုတ်မခံ'

'ဟုတ်လည်း ခံတာမှ မဟုတ်တာ'

'ဘာပြောတယ်၊ ဟွန်း'

ကြာဖြူက ဟိုပွတ်ဒီပွတ်မဲ့နေရင်း တန်းလန်းကနေပြောသေးတာ။ ဒါနဲ့ပင် လက်က ဗိုက်ကြောနားရောက်သွားပြန်တယ်။ ကြာဖြူက အလန့်တကြားဖာရတော့တာ။

'အဲလေ၊ မင်းအဘက အမြဲမှန်တယ်လို့ပြောတာ အား… ကျွတ်… ကျွတ်… သေပါပြီ'

'သေလေ အဲ့သမှာ၊ ပေး ကြက်၊ ဟွန်း'

တော်ကြီးကို စိတ်ဆိုးတယ်၊ တစ်လလောက်မတွေ့ဘဲ နေလိုက်မယ်၊ ဟွန်း'

ရှုံ့မဲ့နေတဲ့ ကြာဖြူကို စိတ်ထဲက သနားပေမယ့် ရုပ်ကိုမာ ကြက်ကို ပြန်တောင်းပြီး မဲရွဲ့ပြောတယ်။ တကယ်တော့ စိတ်ဆိုးက ပြေနေပြီ။ ဒါကို မသိတဲ့ ကြာဖြူက အတင်းတားတယ်လေ။

'ဟာ… မလုပ်ပါနဲ့ဟာ၊ ငါ့မှာ မင်းမျက်နှာလေးမှ မမြင်ရင် မနေနိုင်ဘူးနော်၊ စိတ်ဆိုးလည်း အဟဲ… ခဏပဲဆိုး၊ နော်'

'ဘာ၊ မရဘူး၊ ကျုပ်က တစ်လဆိုတစ်လပဲ၊ အပိုမပြောဘူး၊ ဟွန်း… တော့်အချိုးကိုပြင်ပါ မပြင်လို့ကတော့ ပြတ်ပြီမှတ်၊ ဒါပဲ၊ သွားမယ်၊ ကျုပ်နောက်ကိုတော့ လိုက်လာမယ် မကြံနဲ့နော်၊ တစ်ခါတည်း ပွဲပြီးသွားမယ်'

'မိဝါ၊ ဟာ… နေပါဦးဟ'

မရတော့ ကြက်ဖကြီးကို ပိုက်ပြီး လမ်းကြားထဲကနေ ဆောင့်ဆောင့် ထွက်သွားကာ ရွာအရှေ့ဘက်ကို ပြန်သွားတယ်။ အဲ… ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြားထဲကနေ မိတိုးလည်း စောင်းငန်းငန်းနဲ့ ထွက်လာတာတွေ့ရပြီး မိဝါနောက် လိုက်သွားတယ်လေ။

ခဏနေတော့ နှစ်ဘက်လမ်းကြားထဲကနေ ကြာဖြူနဲ့ ဝေမိုး ဟိုပွတ်ဒီပွတ်နဲ့ ထွက်လာကြတာများ မိုက်ကယ်ဂျက်ဆင် က,နေသလား မှတ်ရတာ။ ရွာတောင်ဘက်ပိုင်း သွားတဲ့လမ်ပေါ်ရောက်တော့ နှစ်ယောက် သား စကားတောင် ဟဟမပြောနိုင်ကြတော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြန်လာကြတော့တာ။

♦ ♦ ♦

ရွာထဲ ဆွမ်းလှည့်လာပြောတဲ့ ကပ္ပိယဦးထော်က လမ်းမှာ ပေစောင်းစောင်းနဲ့ ကြက်ကြီးကို ပိုက်ပြန်လာတဲ့ မိဝါကို လှမ်းတွေ့တယ် ဆိုရင်ပဲ အံ့ဩသွားတော့တာ။ အနီးဆုံးခြံထဲဝင်လိုက်တော့ ရာကျော်ကို တွေ့ရတာနဲ့ မိဝါကို မေးငေါ့ပြတယ်။

'ဘာလဲဗျ'

ရာကျော်က မသိတော့ မေးတယ်၊ မေးတော့ ပြောပြတယ်လေ။ ဦးထော်က ဒီရွာသားတွေ အကြောင်းအကုန်သိတာရယ်။

'ဘမျိုး ဘိုးတူဆိုတာ တယ်မှန်သကွ၊ အခုပဲကြည့်၊ သူကြီး ဘယ်လောက်ပဲ အနေပိရိပါစေ၊ ပေါ်တာလေ'

'ဘာပေါ်တာလဲ ဦးထော်ရ၊ ရှင်းရှင်းပြောပါဗျ'

ရာကျော်က စိတ်မရှည်သလိုမေးတော့ ခွေကြည့်တယ်။ ပြီးမှ အတင်းချတော့တာ။

'သူကြီးက ကြက်မတိုက်ရဘူးသာပြောတာ၊ သူလည်း ငယ် ငယ်က ကြက်သမားပဲ'

'ဗျာ'

www.burmeseclassic.com



'ဘာလဲ၊ အံ့သြသွားသလား၊ အခုမှ သူက ကြက်တိုက်ရင် ဘာညာနဲ့ ငယ်ငယ်ကဆို ကြက်နဲ့ ဖက်အိပ်တာ၊ အဲ သူတင်လားဆိုတော့ မဟုတ်ဘူး၊ သူ့အဖေလည်း ကြက်သမားကွ'

'ဟာ… ဟုတ်လို့လားဗျာ'

အံ့သြနေတဲ့ ရာကျော်ကို ဆရာပြုံးပြုံးပြီး ကြည့်တယ်။ တစ်ခါ အဝေးရောက်သွားတဲ့ မိဝါကို လှမ်းကြည့်လိုက်ကာ။

'မင်း မယုံမရှိနဲ့၊ အခုပဲ မိဝါကြက်ကြီး ပိုက်ပြီးရွာထဲ လျှောက် သွားနေတာလေ၊ တကယ်တော့ ယောက်ျားလေးဆို ပွဲကပြီးပြီ၊ အခု မိန်းကလေးဖြစ်နေတော့ ကြက်မတိုက်ရတာတောင် အာသာပြေ ကြက် ပိုက်ပြီး လျှောက်သွားနေတော့တာ'

'ဟာဗျာ… ဦးထော်တို့ကတော့ မဟုတ်တာက စပြီ'

'ဟာ… မင်းလည်း မိဝါကို တွေ့လိုက်တာပဲ မဟုတ်လား'

'တွေ့တော့ တွေ့တာပေါ့ဗျ၊ ခင်ဗျားပြောသလိုကြီးတော့ မဟုတ် နိုင်ပါဘူးဗျာ'

ဦးထော်စိတ်ဆိုးသွားတော့တာ။ ပေစောင်းစောင်းနဲ့ ရာကျော် ကိုကြည့်။ ဘာမှမပြောတော့ဘဲ ခြံထဲက ပြန်ထွက်သွားတယ်။ ရာကျော်က ခေါင်းကုတ်ကျန်ခဲ့တယ်လေ။

◆ ◆ ◆

'ဟင်း… သမီး၊ ဟာ… ကြက်ကြီးပိုက်ပြီး လျှောက်သွားနေ တယ်၊ ဒုက္ခပဲ… မိန်းကလေးတန်မဲ့'

ခြံထဲကြက်ကြီးပိုက်ပြီး ဝင်လာတာကိုကြည့်၊ သူကြီးအံ့သြသွား တယ်။ စိတ်ထဲမှာလည်း ဖအေတူဆိုတာ ယုံရမလို ဖြစ်နေပြီ။ မိဝါက ဘာမှ မပြောဘူး။ ကြက်ကို စားပွဲပေါ်တင်လိုက်ကာ ထိုင်မိုက်ပြီးမှ။



www.burmeseclassic.com

www.burmeseclassic.com



'အဘတို့ကတော့လုပ်ပြီ၊ သမီးက ဒီကြက်ကြီးပိုက်ပြီး လျှောက်သွားရအောင် ကြက်သမားမှ မဟုတ်တာ'

'ဟင်… အဲ့ဒါဆို ဒါကြီးက'

စားပွဲပေါ်က ပေသီးကို ဘယ်လိုမှကို မမှတ်မိတာနဲ့ မျက်လုံးလေး လည်တယ်တယ်မေးတော့။ စိတ်မရှည်တဲ့ မိဝါက…

'အဲဒါ… အဘကြက် ပေသီးလေ၊ သေသေချာချာ ကြည့်ပါဦး'

'ဟင်…ဟုတ်ပဲနဲ့'

ရုပ်ပျက်ဆင်းပျက်ပွဲ့ရွဲ့နေတဲ့ ပေသီးကို အတော်ကြာလှည့်ပတ်ကြည့်ပြီးမှ မှတ်မိသွားတယ်လေ။ ဒီတော့မှ မျက်လုံးတွေဖြဲကြည့် နှုတ်သီးတွေဖြဲကြည့်နဲ့ အလုပ်ရှုပ်သွားတော့တာ။ ပြီး သတိရပြီး မေးတယ်။

'နေပါဦး… ဒီကောင့်ကို ဘယ်နားကတွေ့တာလဲ ဒဏ်ရာတွေကလည်း များလှချည်လား'

'အဲ… ဟိုလေ… ဟို'

မျက်လုံးလေးလည်။ လက်ညှိုးဟိုဒီထိုးပြီး ဘာပြောရမှန်း မသိဖြစ်နေတာနဲ့ သူကြီးသက်မကင်းဖြစ်လာတယ်။

'အဲ… ဒီကောင်ကို ရွာထဲက တွေ့လာတာ အဘရဲ့၊ အဘကြက်က တော်တော်ဆိုးတာပဲ၊ ရွာထဲက ကြက်ဖတွေကို တစ်အိမ်တက်တစ်အိမ်ဆင်း စိန်ခေါ်ခွပ်တာတဲ့၊ အဲဒါလေ အခု ဒဏ်ရာတွေ များတာပေါ့ အဟင်း'

'ဟေ… မြတ်စွာဘုရား'

မကြားဘူးတဲ့ စကားတွေကြား မကြုံဘူးတာတွေ ကြုံရတာလေ သူကြီးမျက်လုံးကြီးပြူးပြီး မိဝါကို ကြည့်လိုက်တော့။ ဟိုက နှာကိုးရှုက်ကန်းနဲ့ အိမ်ပေါ်တက်ပြေးသွားတယ်။

အတော်ကြာတဲ့အထိ ငိုင်နေပြီးမှ သူကြီးတစ်ခုခုကို သတိရ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ စိတ်ထဲမှာလည်း ဒါ ကြာဖြူ လက်ချက်ပဲနေမှာပဲလို့ တွေးမိပြီးသကာလ နှုတ်ခမ်းမွေးထောင်လာတဲ့အထိ စိတ်ဆိုးနေတော့တာ။ ဒါပေမဲ့ သနားစရာမျက်နှာနဲ့ ပေသီးကို သတိရကာ နန္ဒင်းမှုန့်တွေသိပ် ဆန်တွေတွေး၊ ကြက်နဲ့ အလုပ်ရှုပ်နေတော့တာ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ကျောင်းဝန်းထဲကို ရုပ်တည်နဲ့ဝင်လာတဲ့ မင်းမောင်ကို တွေ့ရတာနဲ့ ဦးထော်လန့်သွားသလို။ အလိုလို စိတ်တိုသွားတယ်။ ပေါက်လက်စ ထင်းတုံးကို ပြန်ထောင်လိုက်ရင်း မသိယောင်ဆောင်နေပေမယ့် မရ။ အနား လာရပ်ပြီး စပ်ဖြဲဖြဲနဲ့။

'ဦးထော်၊ အဟဲ… ထင်းပေါက်နေတာလား'

'မင်းတွေ့သားပဲ မဟုတ်လား၊ ဟွန်း'

စကားမရှိ စကားရှာမေးတာနဲ့ ဘုတွန်းလိုက်တယ်။ နဖူးက ချွေး ကိုသုတ် စိတ်ထဲမှာလည်း မောပါတယ်ဆိုမှ လာပြောင်နေတယ်လို့ တွေးကာ ချွေကြည့်လိုက်တယ်။

'ပေး၊ ပေး၊ ကျွန်တော် ဝိုင်းကူမယ်'

'ဟာ… နေပါစေကွာ ရပါတယ်'

'ပေးပါဗျာ၊ ဟိုတစ်ခါလို ကြောင်လည်း မတောင်းတော့ဘူး၊ အဟဲ'

'ဟွန်း'

ပေါက်ဆိန်ကို အတင်းလိုက်လုတာနဲ့ ပေးလိုက်ရတယ်။ ကြောင် အကြောင်းပါလာတာနဲ့ စိတ်တိုသွားတယ်လေ။ မင်းမောင်က အင်္ကျီကို



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ပြီး ထင်းဆက်ပေါက်နေတယ်။ ဦးထော် ခုံတန်းလျားပေါ်ထိုင် ရေနွေး ကြမ်းသောက်ရင်း မျက်ခုံးလှုပ်နေတော့တာ။

မင်းမောင်ကို ကြည့်လိုက်တော့ စပ်ဖြဲဖြဲနဲ့ ရယ်ပြပြီး ထင်းပေါက် နေတယ်။ ဗလကကြီး၊ အားကကောင်းတော့ တွင်ကျယ်သားလို့ တွေး လိုက်မိတယ်။ ဒါပေမဲ့ ချီးမွမ်းတာတော့ မချီးမွမ်းရဲသေး။ ဒါက အကြောင်း ရှိတယ်။

ကျန်ခဲ့တဲ့ နှစ်ကပေါ့။ ဒီလိုပဲလာ နေ့လယ်ကတည်းက ထင်း ဝိုင်းကူပေါက်ပေးတယ်။ အကြောင်းမသိတော့ မြှောက်ခိုင်းခိုင်းပြီး ရှိတာ လေး ချကျွေးတယ်။ ဦးထော်မှာ အဲဒီတုန်းက ကြောင်ဝဝထွားထွားကြီး တစ်ကောင် ရှိတယ်။ ဒါကို မင်းမောင်ကလည်းသိတော့ အဲ့ဒီနေ့က ထင်း လည်းပေါက်ပြီးရော အနားကို အမြီးထောင်လာတဲ့ ကြောင်ကြီးရွှေဝါကို တွေ့တယ်ဆိုရင်ပဲ။

မင်းမောင်မျက်လုံး အရောင်ဝင်းသွားခြင်းနဲ့အတူ တံတွေးကို ဂလုခနဲ မျိုချလိုက်တာ တွေ့ရတယ်။ အနားရောက်လာတဲ့ ကြောင်ကြီး ကိုပွေ့ရင်း ပြောတယ်။

'ဟာ… ဦးထော် ကြောင်ကြီးက ချစ်စရာကြီးဗျနော်၊ အဟီး… ကျုပ်က ဒီလို ကြောင်ဝဝကြီးတွေကို လက်ကုန်ချစ်တာဗျ'

'အေးကွ… ဒီကောင်ကြီးက လိမ္မာသလို အလိုက်လည်းသိ၊ ကျောင်းမှာ ကြွက်ဆိုအမြီးတောင် မတွေ့ရဘူး၊ အဟင်း'

အကြောင်းမသိတော့ ပိုပိုသာသာလေး ကြွားပြောလိုက်တယ် ဆိုရင်ပဲ မင်းမောင်ကြိတ်ပြုံးလိုက်ကာ။

'ဟာ… အတော်ပဲ၊ ကျုပ်အိမ်မှာကြွက်တွေ သောင်းကျန်းတာ အတော်ကြာပေါ့၊ လုပ်ဗျာ၊ ကျုပ်ကိုခဏငှားလိုက်ပြီးတော့ ကျုပ်က ကြောင် ဆို ချစ်တယ်ဗျ'

www.burmeseclassic.com



ဦးထော်ပြုံးလိုက်တယ်။ စိတ်ထဲမှာလည်း ကြောင်အတော်ချစ်တဲ့ကောင်လို့ တွေးလိုက်မိတယ်။ ပြီးတော့ ထင်းတွေလည်း သူ့ဝိုင်းကျ ပေါက်လို့ ပြီးတာဆိုတော့ အားနာတာလည်း ပါတာပေါ့။

'အကြာကြီးတော့မရဘူးနော် တစ်ရက်လောက်ပဲ ရမယ်၊ ဒီကောင်ကြီးကို ငါက သံယောဇဉ်ကြီးတယ်ကွ၊ ငယ်ငယ်လေးကတည်းက မွေးထားတော့ သားအဖလို ဖြစ်နေတာ'

'ဟာ…ကျုပ်သေသေချာချာ လုပ်ပေးမှာပါ၊ စိတ်ချ၊ တခြားကို မသွားစေရဘူး'

'အင်း… ပြောမရလည်း ယူသွားကွာ၊ မနက်ဖြန်နေ့လယ် ခင်းလာပို့နော်'

'ဟာ… စိတ်ချ၊ တခြားဘယ်အိမ်မှကို မသွားစေရဘူး၊ ကျုပ်က အသေချစ်တာဗျ၊ အဟဲ'

ပြောလည်းပြော၊ ကြောင်ကြီးကို ပွေ့ကာပိုက်ကာနဲ့ ယုယုယယ သုတ်သတ်ပေးနေတာနဲ့ စိတ်ချလက်ချ ပေးလိုက်တယ်။ တဖွဖွမှာနေတဲ့ ကြားကပဲ ပြောသွားသေးတာ။

'စိတ်ချပါဗျာ၊ ကျုပ်က တကယ်အသေချစ်တာ'

မောင်ရီပျိုးစမှာ ပြန်သွားတယ်။ ကြောင်ကြီးကို ပိုက်ပြီးတော့။ ဦးထော်က စိတ်မချတဲ့ မျက်လုံးနဲ့ ကြည့်နေမိတယ်။ ကျောင်းဝင်းထဲက ထွက်သွားတယ်ဆိုရင်ပဲ ရွှေဝါကြီးရဲ့ 'ညှောင်'ဆိုတဲ့ အသံမပီမသကြား လိုက်ရတယ်။ မောင်ကလည်း မောင်ဆိုတော့ ဘာမှမမြင်ရဘူးလေ။ သြော်… ကျောင်းထဲကနေ မသွားချင်လို့ အော်တာမှတ်တယ်။ ဘယ်ဟုတ် မှာလဲ။ နောက်နေ့လည်း မင်းမောင်နဲ့ ကြောင်ပေါ်မလာ။ ပေါ်မလာတဲ့ အဆုံး အိမ်ကိုလိုက်သွားတော့ မင်းမောင်အဖေနဲ့ အမေက ဘာကြောင်းမှ မတွေ့သလို၊ မင်းမောင်လည်း ပြန်မလာဘူးတဲ့။ အဲဒါနဲ့ပဲ လိုက်ရှာ တော့လည်း မတွေ့။ မတွေ့ဆို ပုန်းနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှသိလိုက်ရတာက မင်းမောင်တို့တတွေ ချက်စားလိုက်ကြတယ်တဲ့။ ဒါနဲ့ပဲ ပေါက်ကွဲသွားတော့တာ။ ဒါကြောင့်မလို့ အသေချစ်တာလို့ ပြောသွားတာကိုးလို့ တွေးလိုက်မိလေရဲ့။

အခုလည်း ထင်းလာပေါက်နေပြန်တာလေ။ ဒီတစ်ခါ အကြောင်းသိသွားတော့ ဘာမှကို မပြောတော့ဘဲ ရေနွေးပဲ သောက်နေတော့တာ။

မင်းမောင်ကို မျက်ခြေမပြတ်ကြည့်နေရင်းနဲ့ ကျောပေးထိုင်ထားတဲ့ ဓမ္မာရုံကြီးကို ကျော်ကျော်ပြီး။ ခြံထောင့်ကို ကြည့်နေရင်း သက်ပြင်းကို ချမိတယ်။ ဓမ္မာရုံခံနေတော့ မင်းမောင်လည်း မြင်ရမှာ မဟုတ်ဘူးလို့ တွေးပြီး စိတ်ချသွားတယ်။

မင်းမောင် ထင်းတုံးကို ထောင်ပေါက်ဆိန်နဲ့ချိန်ရင်း ဦးထော်ကို တစ်ချက်လှည့်ကြည့်လိုက်တော့ မျက်ခြေမပြတ်ကြည့်နေတာကို တွေ့လို့ ပြုံးလိုက်မိတယ်။

တကယ်တော့ ဒီလူကြီးကို စ,ရတာ ပျော်စရာအရမ်းကောင်းတာလေ။ ဟိုတစ်ခါလည်း ကြောင်ကိုလိမ်သွားသလို ဒီတစ်ခါလည်း...။ ဒီကိစ္စကို အစယူလာတာက ဝေမိုး။ ကျောင်းကို ဆွမ်းပို့လာတော့ ဦးထော်နဲ့အတူ ကြက်လည်ပြောင်ကြီးသုံးကောင်ကို တွေ့လိုက်ရတာနဲ့ အသာလိုက်ချောင်းတယ်။

ကြက်လည်ပြောင်မျိုးက အသက်ငယ်ပေမယ့် နထွားထွားကြတယ်။ ပြီးတော့ အမွေးဆိုလို့ အတောင်ပံလေးမှာပဲ တစ်ပင်နှစ်ပင်ရယ်။ ဦးထော်က ဘေးဘီကို ဝေ့ကြည့်တယ်။ ဓမ္မာရုံနောက်ခြံထောင့်မှာ ကြက်သုံးကောင်ကို လှောင်မွေးထားတယ်။ လူလစ်တဲ့အခါမှ လွှတ်တတ်တာလေ။

ထုံးစံအတိုင်း ရွာထဲပြန်ရောက်တာနဲ့ လေးယောက်သား တိုင်ပင်ပြီး မင်းမောင်က အယောင်လာပြတာ။ ဦးထော်ဆိုတာကလည်း ပါးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သမှ ဟိုဘက်ဒီဘက်မြင်နေရတာ။ လျင်တာပြောပါတယ်။ ကျောင်းအပြင် ဘနေ အလစ်ကို ချောင်းနေတာ ဘယ်လိုမှမရ။ ထင်းပေါက်ရင်းနဲ့တောင် စိတ်မချလို့ တစ်ချက်ပေါက်လိုက် တစ်ခါပြေးကြည့်လိုက်နဲ့လေ။

ဒါနဲ့ပဲ မင်းမောင်နဲ့ အလုပ်ပေးလိုက်ရတော့တာ။ မင်းမောင်ကို အာရုံစိုက်နေတုန်း ဝင်မ,ကြမှာလေ။ ကျောင်းမှာက ကိုရင်မရှိဘူး။ ရှိတဲ့ ကိုရင်သုံးလေးပါးကလည်း စာသင်တိုက်ရောက်နေတယ်။ လူက ရှင်းတော့ ဦးထော် မင်းမောင်ကို ကြည့်နေတုန်း ခွေးတိုးပေါက်က တိုးပြီး လွယ်လွယ် စဲ မ,သွားကြတယ်။

မင်းမောင်ကပြုံးပြီး အခြေအနေကို စောင့်ကြည့်နေတယ်။ ကိုယ့် ကောင်တွေ ပိုင်လောက်ပြီဆိုမှ ပေါက်ဆိန်ကို ပစ်ချ။ အင်္ကျီကိုယူ ဦးထော် ဆီ သွားထိုင်တယ်။

'ရော့… အကြွမ်းသောက်လိုက်ကွာ'

'ဟုတ်ကဲ့'

ဟုတ်ကဲ့ဆို ပြုံးဖြီးဖြီးနဲ့ ရေနွေးခွက်ကို မှုတ်သောက်နေလိုက် တယ်။ ပြီးမှ ရုပ်တည်နဲ့ ဦးထော်ကိုမေးတယ်။

'ဦးထော် ကျွန်တော် မသိလို့ မေးရဦးမယ်'

'အေး… မေးလေကွာ၊ ငါမသိတာတော့ ခပ်ရှားရှားရယ်'

ပိုပိုသာသာ ကြွားတာကို မင်းမောင်က မသိသလိုနဲ့…

'အင်း… ကြက်လည်ပြောင်မျိုးဟာ အတော်ဆန်းတာနော်၊ အမွေးဆိုလို့ ပေါင်ရယ် အတောင်ပံရယ်မှာပဲ ပါတယ်၊ အဲ… မချမ်းဘူး လား သိဘူးနော်'

'အင်း… သူတို့က မချမ်းတတ်ဘူးထင်တယ်၊ ဒါပေမဲ့ မျိုးရှား သလို အပူပိုင်းမှာပဲ တွေ့ရတာ'

'ဩော်'



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသလိုနဲ့ ရေနွေးကို ဆက်သောက်နေတယ်။ ဦးထော် စိတ်ထဲ ကြက်တွေ ပြေးကြည့်ချင်စိတ်မနည်း ထိန်းထားရတယ်။ မင်းမောင်တို့ သိလို့ကတော့ ကုန်ပြီမှတ်၊ ဆက်မေးတယ်။

'ဒီကောင်တွေကို ချက်စားတာကောင်းလား၊ ကြော်စားတာ ကောင်းလား၊ အသားကရော ရိုးရိုးကြက်တွေလိုပဲလား'

'အင်း… ဒီကောင်တွေက အထွားမြန်တော့ အသားနုတယ်၊ သိတဲ့အတိုင်း ကာလသားချက်တို့ ဆီပြန်တို့လို ချက်စားရင် အရသာဟာ အရည်ထဲရောက်သွားတော့ အသားစားရတာ မကောင်းဘူးကွ၊ ကြော်စားရင်စား၊ ဒါမှမဟုတ် ကင်းစားတာ ကောင်းတယ်ကွ'

'သြော်… ဟုတ်လား'

'နေပါဦး၊ မင်းမှာ အဲဒီကြက်မျိုးရှိလိုလား မျိုးရှိရင် ငါ့ကိုလည်း ပေးဦး'

'မရှိပါဘူးဗျာ၊ အဟီး… ကျုပ်က လိုရမယ်ရမေးထားတာ၊ မောင်ဒီကြက်တွေကိုချက်စားမိမှ ဦးထော်ပြောသလို အရသာမရှိ ဖြစ်နေမှာစိုးလို့၊ အဟီး'

'ဟွန်း… ဒါနဲ့များ'

မင်းမောင် အတော်ရယ်ချင်နေပြီလေ။ ဟိုကတော့ သူ့ကြက်တွေ မ,သွားတာကိုမသိ။ သိလို့ကတော့ မလွယ်။ စိတ်ထဲမှာလည်း ဟိုကောင်တွေ ကြက်ကို မကြော်ဘဲ ချက်နေမှလို့တွေးကာ ကပျာကယာ ထတယ်။

'ဟင်… သွားတော့မလို့လားကွ'

'ဟုတ်တယ်၊ သွားမှဖြစ်မယ် တော်ကြာ မကြော်ဘဲ ချက်နေဦးမယ်'

'ဘာရယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲလေ… ဟို… ကျုပ်အိမ်မှာ ဘာချက်ထားလဲ မသိဘူး၊ အဟီး… ပြန်မယ်ဗျာ၊ သွားပြီ၊ ဗိုက်လည်း ဆာပြီ၊ ထင်းပေါက်ထားရတော့လေ၊ အဟဲ…'

ပြောလည်းပြော၊ ပုဆိုးမ,ပြီးပြေးတော့တာ။ စိတ်ထဲမှာလည်း ဟိုကောင်တွေ ဘာမှလုပ်မထားပါစေနဲ့လို့ ဆုတောင်းသွားသေးတယ်။

'ဟင်… ဘယ်လိုကြီးတုံးဟ'

ဦးထော် မင်းမောင်နောက်ကျောကို ကြည့်ပြီး သက်မကင်းဖြစ်သွားတယ်။ ဖုန်ထောင်းထောင်းထပြီး ရွာနားရောက်ကာနီးလောက်ကျမှ ကြက်တွေကို သတိရလို့ ဓမ္မာရုံနောက်ကို သွားလိုက်တယ်။ အဲ… ဓမ္မာရုံနောက်ကို ရောက်တယ်ဆိုရင်ပဲ ကြက်အုပ်ဆောင်းကြီးက ပက်လက်လန်နေတယ်။

ဒါနဲ့ပဲ ကျောင်းဝင်းထဲ ဒေါင်းတောက်အောင် ရှာရတော့တာ။ နောက်ဆုံး စောစောက ထိုင်တဲ့နေရာပြန်လာထိုင်ပြီး မှိုင်နေလေရဲ့။ ထိုင်စဉ်းစားနေတယ်။ ခဏနေမှ မျက်နှာကြီးရဲ့ နှုတ်ခမ်းမွေးပါ ထောင်ပြီး သကာလ အံကြိတ်သံနဲ့ ပြောတော့တာ။

'မင်းမောင်၊ ခွေးသား၊ ငါလာပြီကွ'

လက်သီးလက်မောင်းတန်းပြီး ရွာဘက်ကို ပြေးသွားတော့တယ်။

◆ ◆ ◆

ဦးဖိုးမောင် ဝါခြမ်းကိုစိပ်။ အူကိုထုတ်ပြီး နှီးထိုးလိုက်တယ်။ စိတ်ထဲမှာလည်း သားဖြစ်သူမင်းမောင်ကို မြင်လိုက်တယ်။ အလကား ဘာမှသုံးမရတဲ့ အကောင်လို့တွေးလိုက်တော့တာ။ မိန်းမဖြစ်သူ ဒေါ်ယုမင်းကတော့ မီးဖိုချောင်ထဲ တကုပ်ကုပ်နဲ့။

သားမမွေးဘဲ သမီးမွေးထားရင် အားကိုးရသေးတာ။ အခုတော့

www.burmeseclassic.com



တွေးရင်းဒေါကန်လာတယ်။ ဖရဲတွေဈေးကောင်းတာနဲ့ ဒီနှစ် ဖရဲစိုက်ကြတယ်။ ချောင်းနဲ့နီးတော့ ရေစုပ်စက်နဲ့ ရေတင်လိုက်ရင်ပြီးပြီ။ အခုဆိုတော့ သိတဲ့အတိုင်း ခိုးလို့ ခြံကာရတာခဏခဏ။ ဝက်ရန်က ကြောက်ရသလို၊ ခိုးတဲ့ရန်ကလည်း ကြောက်ရသေးတာ။

မင်းမောင်က ဖရဲခင်းစောင့်တာလောက်တော့ ရတယ်။ ဒါကလည်း သိတဲ့အတိုင်း ဝတ်ကျေတမ်းကျေ။ ဖရဲခင်းတွေက ချောင်းနဲ့မဝေးသလို၊ ထန်းတောနဲ့လည်း မဝေးဘူး။ ပြီးတော့ ကြာဖြူ၊ ပေမိုး၊ ပေတိုးတို့တတွေကလည်း ဖရဲစိုက်ကြတော့ ကွင်းပြင်မှာပဲလေ။ ဒီတော့ ဖရဲခင်းကတော့ ဘယ်လိုနေတယ်မသိ။ လူတွေကတော့ ထန်းတောထဲမှာပဲ ရှိဖို့များတာလေ။ ဒီလိုတွေးနေချိန်မှာပဲ ဒေါယမင်း မီးဖိုချောင်ထဲကထွက်၊ တန်းလျားမှာ ဝင်ထိုင်ရင်း ညည်းတယ်။

'အံမယ်လေး... တစ်နေ့တစ်နေ့ ချက်ရပြုတ်ရတာ မလွယ်ပါလား၊ မင်းမောင်ကို မိန်းမမြန်မြန်ပေးစားမှပဲ သက်သာမယ် ထင်တယ်'

'ဟွန်း... ဒီလိုကောင်မျိုးကို ယူမယ့်မိန်းမ ရှိလို့လားကွ၊ ဟော...၊ အလကားသုံးမရတဲ့ကောင်'

နဂိုကတည်းက စိတ်တိုနေပါတယ်ဆိုမှ မိန်းမစကားကြားမှပဲ ပိုဆိုး သွားတော့တာ။ ဒေါယမင်းက သားကို ချစ်တော့မခံ မျက်စောင်းထိုးကာ။

'ရှင်ဟာလေ၊ အဲ့ဒါကြောင့် သားကရှင့်ကို မချစ်တာ၊ ဖအေဖြစ်ပြီး အကောင်းမမြင်ဘူး၊ အဲဒါ ရှင်နဲ့ရထားတာ'

'အင်'

ရှုံ့မဲ့သွားတော့တာ။ စိတ်ထဲမှာလည်း သင်းမကောင်းလို့ ပျက်စီးနေတာလို့ တွေးလိုက်သေးတာ။

'ဟွန်း... မင်းရှေ့က အဲ့လိုကာဆီးကာဆီးလုပ်လို့ သားက



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနေတာ၊ တကယ်တော့ မင်းက သားကိုချစ်တာမဟုတ်ဘူး၊ နှစ်နေတာ၊ ဟွန်း… အခုဆို ရွာထဲ သူများပြောစရာကိုဖြစ်လို့'

'အံမယ်… ရှင်ငယ်ငယ်ကဆို ဒီထက်တောင်ဆိုးသေးတာ ကျုပ်မျက်မြင်ပဲ'

'ဟာ… မင်းတော်ကွာ၊ ငါစိတ်တိုလာပြီကွနော်'

ငယ်ကျိုးငယ်နာ ပြန်ဖော်မှာစိုးတာနဲ့ပဲ ရုပ်တည်နဲ့ အတင်းပိတ်တယ်။ ဒေါ်ယမင်းက စွေကြည့်တယ်။

'အံမယ်… မတိတ်တော့ရော ဘာဖြစ်လဲ၊ လာသေးတာ၊ ဟွန်း'

'မင်းတော့ကွာ၊ ငါကိုင်ထားတာ ဘာလဲ'

ပြောလည်းပြော နှီးထိုးတဲ့ ဓားကို ထောင်ပြတော့ ဒေါ်ယမင်းက ကြောက်ဖို့နေနေသာသာ မဲ့ရွဲ့ပြောသေးတာ။

'ဓားလေ၊ ဘာလဲ၊ ရှင်က ကျုပ်ကို စိန်ခေါ်တာလား၊ တွေ့ပြီးပေါ့'

'ဟင်'

ပြောလည်းပြော၊ ရုပ်တည်နဲ့ထ၊ ထဘီတိုတိုဝတ်တာနဲ့ပဲ မျက်လုံးပြူးသွားတော့တာ။ ပြီး…မေးသေးတာ။

'ဟာ… မင်းပြောတာလိုသေးတယ်၊ ဒါဘာဓားလဲ အပြည့်အစုံပြော၊ ဟွန်း'

'နှီးထိုးတဲ့ဓားပေါ့၊ ဟွန်း… ယမင်းတို့က ဒူါလောက်တော့ အပျော့ပေါ့'

'ဟင်'

ပြောလည်းပြော၊ လက်မောင်းစနှစ်ဖက်ကို ပင့်တင်ပြီး သူ့နား ရွေ့ခနဲရောက်လာတာနဲ့ အလန့်တကြားတားလိုက်ရတော့တယ်၊ မျက်နှာငယ်လေးနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုး… ခဏ… ခဏနေပါဦး မိန်းမရယ်'

'မရဘူး၊ စောစောက ကျုပ်ကို ဘာစားလဲ မေးထားတာ စိန်ခေါ် တာနဲ့ အတူတူပဲ'

မျက်နှာကြီးရဲ့ ခါးကြီးထောက်ပြီး ပြောတာနဲ့ လက်ထဲက နီးထိုးတဲ့ မားချွန်လေးကို ထောင်ပြကာ။

'အဟဲ…ဒါဘာစားလဲဆိုတော့ နီးထိုးတဲ့မားလေ နီးထိုးတဲ့ မားဆိုမှတော့ အဟင်း… နီးထိုးမှာပေါ့လို့၊ ဟုတ်ဘူးလား'

'ဘာ'

စပ်ဖြဲဖြဲပြောတာနဲ့ ဒေါ်ယမင်း အူလည်ကြောင်လည် ရိုက်သွားတော့တာ။ မေးသေးတယ်လေ။

'ဒါဆို ရှင်က စောစောက ဘာလို့ ကျုပ်ကိုမေးတာလဲ'

'အဟီး… မေ့နေလို့လေ'

'ဘာ… ကဲ'

'အား… သေပါပြီ'

စကားလည်းဆုံးရော ဒေါ်ယမင်းက ဦးဖိုးမောင်နားရွက်ကို လိမ် လိုက်တော့တာ။

'ဟွန်း… တော်ကြီး၊ ကျုပ်ကျုပ်သတိထား၊ ကျုပ်ကို ဘယ်တုန်း ကများ နိုင်ဖူးလို့လဲ၊ ဟင်း… သေမယ်၊ မလုပ်ချင်လို့ ကြည့်နေတယ် မှတ်ပါ'

'အား… လွှတ်ပါဟ၊ ဟုတ်ပါတယ်၊ မိန်းမရယ် မင်းမလုပ် ချင်ပေလို့ပဲနော်၊ ကျွတ်… ကျွတ်'

'ဟင်း… သေမယ်တော်'

နားရွက်ကို လွှတ်ပြီး အိမ်ပေါ်ဆောင့်ဆောင့်နဲ့ တက်သွားတယ်။ အပေါ်ရောက်သွားတော့မှ ရှုံ့မဲ့နေတဲ့ မျက်နှာနဲ့ နားရွက်ကို ပွတ်နေလေရဲ့၊



www.burmeseclassic.com

www.burmeseclassic.com


စိတ်ထဲမှာလည်း မင်းမောင်ကို အတော်လေးတင်းနေတယ်။ ဒီအချိန်မှာပဲ နှုတ်ခမ်းမွေးထောင်နေတဲ့ ဦးထော်ခြံထဲကို ဆောင့်အောင့်ဝင်လာတယ်။

'မင်းမောင်'

'ကိုရင်ဖိုးမောင်'

'မင်းမောင်ရော'

'ဟင်... ဘာဖြစ်လို့လဲ'

ဦးထော် ရှပ်ကိုမာလိုက်တယ်။ ဦးဖိုးမောင်က ဘာများလဲလို့ မေးတယ်။

'ဒီကောင်ပေါ့ ကျောင်းကိုလာပြီး...xxxxxxxx'

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ဒေါ်ဖြူလှဆိုင်ရှေ့ ထွက်လာတယ်ဆိုရင်ပဲ မင်းမောင်ကို တွေ့လိုက်ရတော့တာ။ ဖရဲသီးရှည်ရှည်ကြီးကြီးကိုပိုက်၊ စပ်ဖြဲဖြဲနဲ့ မယ်လှနား ရပ်နေတယ်။ ဘာတွေပြောနေကြလဲတော့မသိ။ စိတ်ထဲ အတော်တင်း သွားတာနဲ့ ခါးထောက်ပြီး ရန်လုပ်လိုက်တယ်။

'ဟဲ့… အကောင်၊ အဲ့ဒါဘာလုပ်နေတာလဲ၊ ကြည့်စမ်း၊ ငါ့ သမီးနားကပ်ပြီး ဘာပြောတာလဲ'

'ဟင်… အဟဲ… ဒီမှာလေ အရီးအတွက် ဖရဲသီးလာပေး တာ၊ အဲ့ဒါ မယ်လှကို ပြောပြနေတာ၊ ဟုတ်တယ်နော်'

'အင်း'

အိုးတို့အမ်းတန်းနဲ့ ပွေ့ထားတဲ့ ဖရဲသီးကိုပြ။ မလုံမလဲဖြစ်နေ တဲ့ မယ်လှကိုပါ အဖော်ဆွယ်တာနဲ့ ဟိုကလည်း အတင်းအင်းလိုက်တယ်။ နှစ်ယောက်လုံးကို စွေ့ကြည့်လိုက်တော့ မယ်လှက တဖြည်းဖြည်း လှုချင်း ခွာတယ်။ မင်းမောင်ကတော့ စပ်ဖြဲဖြဲ၊ အဲ… ပြောသေးတာ။

'ရှော့ဗျာ၊ အရီးအတွက်၊ ဒီကောင်ကြီးက အခုမှ မှည့်တာ၊ အဘ လာတဲ့အခါ တွေ့မှာစိုးလို့ ကျုပ် ဝှက်ထားရသေးတာ၊ ဒီဟာ… ဦးဦးဖျားဖျား လာပေးတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဟုတ်လှချည်လား၊ အံမယ်… ကိုရင်ဖိုးမောင်တို့က သားလိမ္မာလေး ရထားတာကိုး၊ တယ်လည်း အလိုက်သိတာပဲ'

ရွှဲပြောတာကို ပြောမှန်းမသိ၊ သဘောကျနေတာဗျာ။ သွားဖြဲကြီးနဲ့လေ။ စိတ်ထဲမှာလည်း အတော်မွေးရကျိုးနပ်တဲ့ အကောင်လို့ တွေးလိုက်ပြီး ဒီစကားကိုသာ ကြားလိုက်ရတော့ မင်းမောင် အိမ်ပေါ်က ခွေးပြေးပြေးရမှာကို တွေးမိလိုက်တယ်။

'ဖရဲသီးပေးတာတော့ ကျေးဇူးတင်တယ်'

'အဟဲ… ရပါတယ်၊ လိုပါဘူးဗျာ'

သွားအဖြဲသားနဲ့လေ။ ဒေါ်ဖြူလှက ရုပ်ကိုမာပြီး ဆက်ပြောတယ်။

'ဒါပေမဲ့ ငါ့သမီးကိုတော့ ပြဿနာရှာမယ်မကြံနဲ့၊ နင့်ဦးလေးအကြောင်းလည်း သိသားနဲ့၊ မလုပ်ရင်သာနေတာ၊ လုပ်ရင်အပြတ်ပဲ'

ပြုံးနေတဲ့ မျက်နှာမဲ့သွားတော့တာ။ မနီးမဝေးထန်းပင်အောက်မှာ ကြာဖြူတို့သုံးယောက်က မျက်နှာအမာစားတွေနဲ့ မင်းမောင်ကို ကြည့်နေတယ်။

မင်းမောင်ကို ထန်းရှည်ယူ၊ ကြက်သုံးကောင်ကို ကြော်ခိုင်းလိုက်တာလေ။ ဟိုကလုပ်နေတာက တလွဲ။ ဒါနဲ့ တင်းနေကြတယ်။

မင်းမောင်က အမွေးနုတ်ထားတဲ့ ကြက်သုံးကောင်ကို ပေးလိုက်ကာ…

'အရီးဖြူလှ၊ ဒီသုံးကောင်ကို ကြော်လိုက်ဗျာ၊ အဟဲ… အရီးလက်ရာက တစ်ခါစား တစ်သက်မမေ့စရာဗျ'

မြှောက်လည်းမြှောက်၊ မျက်နှာချိုပါ သွေးလိုက်ရတာလေ။ မျက်နှာက အနည်းငယ်လျော့သွားပေမယ့် ကြက်သုံးကောင်ကိုကြည့်ပြီး မသက်မာဖြစ်သွားပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… နင် ဘယ်ကခိုးလာတာလဲ၊ ဦးတိုးကြက်ခြံကလား'

'ဟာ… မဟုတ်ပါဘူးဗျာ၊ ဒါလောက်ကတော့ ဝယ်စားနိုင်ပါတယ်ဗျ'

မလုံ့မလဲနဲ့ အတင်းငြင်းတော့ ဘာမှမပြောတော့ဘဲ ပေစောင်းစောင်းနဲ့ အထဲဝင်သွားတယ်။ မင်းမောင်မျက်နှာ ပြုံးသွားပြီး မယ်လှနား ကပ်သွားတယ်။ ဟိုကလည်း ပြုံးနေတယ်။

'အဟဲ… ဟိုလေ ညကျရင်…'

'ဟင့်အင်း၊ အမေဆူလိမ့်မယ်'

'ဟာ… မသိပါဘူးကွာ၊ လာခဲ့မယ်နော်'

တစ်ယောက်က ငြင်းတယ်။ ရှက်နေတဲ့ပုံနဲ့။ တစ်ယောက်ကတော့ အတင်းလာချင်နေတယ်။ ဒီအချိန်မှာပဲ ဦးညိုကြီး ထန်းရည်အိုးကြီး နှစ်အိုး ထမ်းလာတာနဲ့ နှစ်ယောက်သား ပျာသွားတော့တာ။

ထမ်းပိုးနဲ့ ထမ်းလာတဲ့ အိုးကြီးနှစ်လုံးကိုချပြီး ဦးညိုကြီးက စွေ့ကြည့်တယ်။ မယ်လှနား ကပ်နေတဲ့ မင်းမောင်ကိုတွေ့တော့ လှမ်းဟောက်တယ်။

'ဟေ့ကောင်၊ ဒါဘာလုပ်နေတာလဲကွ၊ ဟေ'

'အဟဲ… ဟိုလေ ထန်းရည်လာယူတာပါဗျ၊ ပေး နှစ်မြူ'

ပြောလည်းပြော၊ မယ်လှဘေးက ထန်းရည်ကျည်တောက် နှစ်ခုကို လှမ်းတောင်းတာနဲ့ ပေးလိုက်တယ်။ အိုးမလုံ အုံပွင့်ပြီးသကာလ နှစ်မြူတောင်းတာ သုံးမြူပေးလိုက်တယ်ဆိုရင်ပဲ ဦးညိုကြီး အသံပေါ်လာပြန်တယ်။

'ဟိုကောင်မလေး၊ သဘောကောင်းလှချည်လား၊ နင့်ဂရဲ နှစ်မြူ ပြောတာ၊ အံမယ်… တစ်မြူတောင် ပိုပေးနေတယ်၊ အတော်[illegible]တနော ရှိနေတယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com


'အဲလေ… ဟို…'

'ဟွန်း'

မျက်နှာမာကြီးကို ကြည့်ပြီး မယ်လှ အ,ထစ်ထစ်ဖြစ်နေတယ်။ အခြေမလှတာနဲ့ မင်းမောင်လည်း ထန်းကျည်တောက်နှစ်ခုယူပြီး သုတ်ခြေတင်တော့တာ။ မယ်လှကတော့ မျက်နှာငယ်လေးနဲ့ ကျန်ခဲ့တယ်။

◆ ◆ ◆

'မင်းကွာ၊ ထန်းရည်လေး တစ်ခါသွားယူခိုင်းပါတယ်၊ မယ်လှနဲ့ ညားနေလား မှတ်ရတာ'

'ဟုတ်ပါ့ကွာ၊ သံလိုက်ကျနေတာပဲ၊ သွားကပ်နေတာ ပြန်ကို လာတော့ဘူး'

ပေတိုးနဲ့ ကြာဖြူပြောတာကို ဂရုမစိုက်အား။ ကျည်တောက်နှစ်ခုကိုချပြီး အသည်းအသန်ထိုင်လိုက်တယ်။ ပုဆိုးကိုဖြေ၊ နဖူးက ချွေးတွေကို သုတ်ပြီးမှ သေတွင်းကလွတ်လာတဲ့ လူနှာလို ညောင်နာနာပြောတယ်။

'ဟူး… တော်ပါသေးရဲ့၊ အံ့မယ်လေး… ကံကောင်းလို့ ဦးညို ကြီး ထန်းလှီးဓားနဲ့ ညားတော့မလို့'

'ကောင်းတယ်၊ ဒီလောက်ငမ်းကြောထနေမှတော့'

ပေတိုးက ဝင်နှိပ်ကွပ်တယ်။ ထန်းရည်ရောက်လာတာနဲ့ပဲ သောက် ထိုက်ကြတာ ခဏပဲ။ ကျည်တောက်တစ်ခု ပြောင်သလင်းခါသွားတာနဲ့၊ နောက်တစ်ခုကို ကြာဖြူက ယူမယ်လုပ်တော့ ပေတိုးက စွေ,ကြည့်တယ်။

'နေပါဦး ကြာဖြူရ၊ အမြည်းစောင့်ပါဦး၊ သေတော့မှာ ကျင်းသာပဲ'

'အေးလေ'


www.burmeseclassic.com

www.burmeseclassic.com


ဝေမိုးကလည်း ဝင်ထောက်တယ်။ ဒါနဲ့ပဲ သောက်တာ ခဏ ရပ်လိုက်ကြတယ်။ ပေတိုးက ဆရာလေသံနဲ့…

'မြန်မြန်သောက်ပြီး မြန်မြန်ပြန်ကြတာ ကောင်းမယ်၊ ဖရဲတွေက မှည့်ကုန်ပြီဆိုတော့ ဂရုစိုက်မှ'

'ထားပါကွာ၊ ဘယ်သူမှ မခိုးပါဘူး၊ မင်းကလည်း ဇိမ်ရှိရှိ လေး သောက်ရအောင် အမြည်းပါ ဖန်ခဲ့ရတာ'

'အေးလေ'

ပေတိုးရဲ့ပြောစကားကို ဝိုင်းငြင်းကြတယ်။ မကောင်းတဲ့နေရာ ဆို ညီကြတာလေ။ ပေတိုးကလည်း ပါးစပ်ထဲရှိလို့သာ ပြောရတာ။ သိပ်စိတ်ပါလှတာတော့ မဟုတ်။ ဒါနဲ့ပဲ ငြိမ်နေလိုက်တယ်။ အတော် ကြာတဲ့အထိ စောင့်ပြီးမှပဲ မယ်လှကြက်ကြော်သုံးကောင် ထည့်ထားတဲ့ ဇုန်းကြီး မ,လာတယ်။ ဒီတော့မှပဲ ထန်းရည်ဆက်မှာပြီး သောက်ကြ တော့ပဲ။

'ဟား ဟား… ကပ္ပိယကြီးရဲ့ ကြက်သားက စားလို့ တယ် ကောင်းပါလားကွ၊ ဟေ'

'အဟား… ငါက သူ့ဆီကနေ အသေအချာမေးလာခဲ့တာ၊ အံမယ်… ပြောသေးတာ၊ မင်းမှာ မျိုးရှိရင် ပေးဦးတဲ့လေ'

'အတော်ပိန်းတဲ့လူကြီး၊ ငါတို့လည်း လွယ်လွယ်ပဲ မ,လာခဲ့တာ၊ ကြက်တွေကလည်း ယဉ်တယ်လေ၊ ဘာသံမှကို မကြားရတာ'

အရှိန်လေး ရလာတာနဲ့ တဟီးဟီး တဟားဟားဖြစ်လာကြတော့ တာ။ ကြက်ကြော်လည်း တက်တက်ပါအောင်ပြောင်တော့ လူတွေလည်း အတော်မူးနေကြပြီ။ ဒီအချိန်မှာပဲ ကြာဖြူက ပြူးပြူးပျာပျာနဲ့ ပြောတယ်။

'ဟင်… မင်းမောင်၊ နောက်မှာ မင်းအဘ လာနေတယ်'

'ကြာဖြူ မင်းမူးနေရင်လည်း ပြန်ကြမယ်။ ငါ့အဘက ထန်းရည် မကြိုက်ဘူးကွ၊ အေ့'


www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ထိုင်နေတဲ့ ကြာဖြူက ပြုံးပြဲပြောတာကို ဂရုစိုက်ဘဲ ရယ်တောင်ရယ်နေသေးတာ။ ပြီး… ဆက်ပြောတယ်။

'ဟားဟား… ငါ့အဘက ငါတစ်ခွန်းပဲ၊ နံ့တာလေ'

'တကယ် ဟော့ကောင်၊ တကယ်ပြောနေတာဟ'

နောက်ကိုကြည့်ပြီး ပြုံးပြဲပြောနေတဲ့ သုံးယောက်ကို ဇွေ့ကြည့်လိုက်တယ်။ နောက်နေတယ် ထင်လို့လေ။

'ငါ့ကို ကြောက်မယ်ထင်လို့ ခြောက်တယ်ပေါ့လေ၊ နိုးပဲ၊ အဘက ငါ့ကိုယုံပြီးသား၊ အခုတောင် ဖရဲသီးမှည့်တာကို မပြောဘူး၊ အခင်းထဲ လိုက်လာမှာစိုးလို့ လိုက်လာရင် ငါ့မယ်လှလေးအတွက် ခူးထားတဲ့ ဖရဲသီးပါသွားမယ်လေ၊ အဟဲ'

'ဟာ… ဒုက္ခပဲ၊ ဟော့ကောင် အတည်ပြောတာကွနော်၊ ကြိမ်လုံးသည်း ပါလာတယ်'

'ဟားဟား… ရယ်ရတယ် ဗြဲ… အဘက ငါ့ကို ကြိမ်လုံးနဲ့ ရိုက်ဖို့ နေနေသာသာ၊ ရွယ်တောင် မရွယ်ဘူး'

'အေး… မယုံလည်း မတတ်နိုင်ဘူး၊ ငါတို့တော့ ပြေးပြီ'

'ဟာ… ဟော့ကောင်တွေ၊ ဟင်'

ကြာဖြူတို့သုံးယောက် ပုဆိုးစွန်တောင်ဆွဲ ပြေးကြတော့တာ။ ခင်မောင်က နောက်လှည့်လှည့်ကြည့်လိုက်ရော မျက်နှာမာကြီးနဲ့ ရပ်နေတဲ့ ဦးအိုးမောင်ကို ကြိမ်လုံးကိုင်လျက် တွေ့ရတာလေ။

'ဟင်… အဘ'

'အေး… ငါပဲ'

'အဟဲ… စောင့်ရတာပျင်းလို့ ထန်းရည်လာသောက်နေတာ အဘရဲ့ သောက်ချင်ထိုင်လေ'

'ဟွန်း'

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးမောင်က စွေ့ကြည့်တယ်။ မင်းမောင်ကတော့ ပြေးပေါက်ချောင်းနေတယ်လေ။ ရုပ်တည်နဲ့ မေးတယ်။

'မင်း စောစောက ပြောတယ်၊ ဘာ… ဖရဲသီးတွေ မှည့်နေတာကို မပြောဘူး၊ ပြီးတော့ ငါက နံ့တယ်၊ မင်းကိုလည်း ယုံတယ်၊ ဟုတ်လား'

'အဲလေ… အဟဲ… အဲဒါ'

မျက်နှာကြီး နီးလာခြင်းနဲ့အတူ ဒေါသအတော်ထွက်လာပုံရတယ်။ မင်းမောင်လည်း မျက်လုံးပြူးနေပြီး ဘာပြောလို့ ပြောရမယ်မသိ ဖြစ်နေတယ်။ မယ်လှနဲ့ ဦးညိုကြီးက တဲဝကနေ လှမ်းကြည့်နေကြတယ်လေ။

'ပြောသေးတယ်၊ ဟုတ်ပါတယ်၊ အစကတော့ မင်းကို ငါ ရှယ်တောင် မရှယ်ခဲ့ဘူး၊ ဒီနေ့တော့'

'ဟင်'

စကားကိုဖြတ် အင်္ကျီလက်မောင်းနှစ်ဘက်ကို ပင့်တင်လိုက်တယ်။ မင်းမောင် အနေအထားကြည့်ပြီး ကောင်းသတင်းဆိုတာ မဖြစ်နိုင်ဘူးလို့ တွေးပြီးသား။

'ဟင်… ကပ္ပိယဦးထော် ငါ့ဆီရောက်လာတယ်'

'ဟာ… သူ့ကြက်ကို ကျုပ်မခိုးဘူးဗျ'

ဦးဖိုးမောင်က ကြက်ရိုးတွေကို ကြည့်ပြီးပြုံးတယ်။

'ဟုတ်တယ်၊ မင်းမခိုးဘူး၊ ဟိုကောင်တွေ ခိုးတာ၊ ဒါပေမဲ့ အတူတူပဲ၊ ဒီတော့'

စကားဆုံးတာနဲ့ ပြေးဖို့ပြင်တယ်။ မရ။ မူးနေတဲ့အပြင် ဦးဖိုးမောင်က ဖအေဆိုတော့ သဒ္ဒါအကြောင်း နောကျေနေပြီ။ အင်္ကျီနုပ်ကို ဆွဲပြီးသကာလ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူတို့သုံးယောက် ဖရဲခင်းဘက်ကို ပြန်ပြေးတယ်။ နည်းနည်းဝေးတော့မှ နောက်လှည့်ကြည့်လိုက်တယ်။ ဘယ်သူမှ ပါမလာဘူး။ ကြာဖြူက ထန်းပင်တစ်ပင်ကို မှီထိုင်။ ချွေးကိုသုတ်လိုက်ရင်း ပြောတာကို ဟိုနှစ်ယောက်က ထောက်ခံတယ်။

'တော်ပါသေးရဲ့၊ မလိုက်လာလို့၊ တောက်... သောက်ထားတဲ့ အရှိန်လေးတောင် ဘယ်ရောက်သွားတယ် မသိဘူး'

'ဟုတ်ပါ့ကွာ၊ ဟူး... အမူးတောင် ပြေသွားတယ်'

'မင်းမောင် ကျန်ခဲ့တာ ကောင်းတယ်ကွ၊ မဟုတ်ရင် ဆက်ပြေးနေရဦးမယ်'

အတော်အားကိုးရတာလေ။ ကိုယ့်လူတစ်ယောက် ကျန်ခဲ့တာကိုပဲ ကောင်းတယ်ထင်နေကြတာ။

ဒီအချိန်မှာပဲ အသံကြီးထွက်လာတယ်။

'ဖုန်း... ဖုန်း'

'ဟင်... ပေတိုး ဘာသံလဲဟ'

'မယ်လှ ဖျာနေလှန်းထားတာ တွေ့တယ်၊ ဖျာကို သိမ်းကာနီး ရိုက်နေတာနေမှာ'

'ဖြန်း... ဖြန်း'

'ဟင်...ပေါ်လာပြန်ပြီ'

'သေချာအောင် ဟိုဘက်ဒီဘက် လှန်ရိုက်တာနေမှာ'

'ဟုတ်မှာပါ'

'ဖြန်း... ဖြန်း'

'ဟင်း... ကြားရပြန်ပြီ'

'ကြမ်းပိုး ပေါလို့နေမှာပေါ့'

'ဖြန်း... ဖြန်း'



www.burmeseclassic.com

www.burmeseclassic.com



အသံတွေက ဆက်တိုက်ထွက်နေတာနဲ့ သုံးယောက်သား ငြိမ်နားထောင်နေကြတယ်။ လှမ်းကြည့်တော့လည်း မမြင်ရဘူးလေ။ အသံကလည်း တဖုန်းဖုန်း၊ တဖြန်းဖြန်းနဲ့ အဆက်မပြတ်ပေါ်နေတယ်။

'ဖုန်း… ဖုန်း'

'ဟာ… တွယ်ပြန်ပြီ'

'ဟင်… အသံက ဖျာရိုက်သံနဲ့ မတူဘူး၊ တို့ကျွဲတွေနွားတွေကို ကြိုးတုပ်ပြီး ကြိမ်နဲ့ ပတ်ရိုက်နေသလား မှတ်ရတာ၊ အင်း… ကြားရတာ မြိန်ရေရှက်ရေရှိလိုက်တာ'

'ဟုတ်ပါ့ကွာ၊ ဟင်… မဟုတ်မှလွဲရော မင်းမောင်ကိုများ'

ဝေမိုးရဲ့အဆုံးမရှိတဲ့ စကားနဲ့အတူ သုံးယောက်သား တစ်ယောက်ကို တစ်ယောက်ကြည့်၊ မျက်လုံးပြူးသွားကြတယ်။ ပေတိုးက ပြောသေးတာ။

'ဟုတ်နိုင်ပါဘူးကွာ၊ သူ့အဘက သူ့ကို အသေချစ်တာ'

'ဟုတ်မှာပါ'

ကြာဖြူရဲ့ ထောက်ခံစကားနဲ့အတူ တဖြန်းဖြန်းအသံတွေ ထွက်မလာတော့။ ခဏနေတော့ တဖုတ်ဖုတ် ခြေသံနဲ့အတူ ဖုန်ထောင်းထောင်းထအောင် အသက်လုပြေးလာတဲ့ မင်းမောင်ကို တွေ့ရတယ်။ ဝတ်ထားတဲ့ အင်္ကျီနဲ့ ပုဆိုးမရှိတော့ဘဲ ဘောင်းဘီတိုလေးနဲ့လေ။

မင်းမောင်ကို ကြည့်ပြီး မျက်နှာငယ်လေးတွေနဲ့ ထန်းပင်နောက်အတင်းပုန်းနေကြတယ်။ အားကိုးရတာ ပြောပါတယ်။ မင်းမောင်ကျောတွေရင်တွေ အဲ… နေရာတိုင်းမှာ အရှိုးရာကြီးတွေနဲ့၊ အသက်လုပြေးရင်းပါးစပ်ကလည်း အော်သွားသေးတာ။

'ကြောက်ပါပြီဗျ၊ နောက်မလုပ်တော့ပါဘူး အဘရဲ့'

နည်းနည်းလှမ်းတဲ့နေရာမှာ ဦးဖိုးမောင်ကို လိုက်လာတာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ လက်ထဲမှာ မင်းမောင်ရဲ့ ပုဆိုး အင်္ကျီတွေကို တွေ့ရတယ်။ ကြည့်ရတာ ပုဆိုးတွေ၊ အင်္ကျီတွေ ဆွဲရိုက်လို့ ချတ်ပြေးရပုံပဲ။ ညာဘက် လက်ထဲမှာ မွှမွှကြေနေတဲ့ ကြိမ်လုံးကြီး။ ပါးစပ်ကလည်း အော်သေးတာ။

'ဟော့ကောင်… ခွေးသား၊ မပြေးနဲ့၊ ရပ်၊ အဲလေ… ခွေးမသား၊ ရပ်ကွနော်၊ အေး… ဒါသဘောလောက်ပဲ ရှိသေးတာ၊ မိရင် သေပြီမှတ်၊ ရပ်လေကွာ'

'ကြောက်ပါပြီဗျ'

'ဟော့ကောင် ရပ်နော်'

'ရပ်ဘူးဟာ၊ အမေရေ ကယ်ပါဗျ'

မင်းမောင်လည်း ရွာဘက်ကို သုတ်ခြေတင်တယ်။ ဦးဖိုးမောင် ကလည်း ကြိမ်လုံးအစုတ်ကို မြှောက်ကာမြှောက်ကာနဲ့ အော်ဟစ်ပြီး လိုက်သွားတော့တာ။ ရွာပြန်လမ်းတစ်လျှောက်မှာတော့ ဖုန်တသောသောနဲ့လေ။

◆◆◆

ဖရဲသီးတွေ လှိုင်လှိုင်ပေါ်ပြီဆိုတာနဲ့ အခင်းစောင့်တဲ့လူတွေ အလုပ်ရှုပ်ပြီ။ ကင်းတဲကိုလမ်းရှိတဲ့ဘက် ဒါမှမဟုတ် အခင်းအလယ်မှာ ဆောက်ထားကြတယ်။ ပြောင်းခင်းတွေကလည်း ရှိတော့တဲကို မျှော်စင်လို မြင့်ဆောက်ကြရတယ်၊ ဒီတော့ ဝါးလုံးကြီးလေးလုံးကိုစိုက်၊ လူတစ်ရပ်သာသာအမြင့်မှာ အခင်းခင်းထားတယ်။ အပေါ်မှာ လူနှစ်ယောက်စာ သုံးယောက်စာလောက်ပဲ ကျယ်တယ်။

ဒါမှလည်း အဆင်ပြေမှာ။ ညာဘက်ပြောင်းခင်းထဲ ဝင်ချိုးတဲ့လူ ဒါမှမဟုတ် ဖရဲသီးဝင်ခိုးတဲ့လူတွေကို အပေါ်စီးကနေ တွေ့ရတာကိုး။ ဒီအချိန်ဆို ကြာဖြူတို့ မပေါ်ရဲတော့။ နေ့ဘက်ထန်းတောသွား ညာဘက်

www.burmeseclassic.com



ကို ကင်းတဲပေါ်မှာ မအိပ်နိုင်ဘူး။ လေးခွတစ်လက်နဲ့ အလုပ်ကိုရှုပ်လို့။ တစ်တဲနဲ့တစ်တဲ သိပ်မဝေးဘူး။ ဒီတော့ ညဥ့်နက်ပြီဆိုတာနဲ့ အလယ်ကျတဲ့ ကြာဖြူတဲမှာ စုစကားပြောစရာရှိပြော။ ပြောင်းဖူးပြုတ်စားတဲ့အခါ စားနဲ့ပေါ့။

ချက်တယ်ပြုတ်တယ်ဆိုရင်တော့ အောက်ဆင်းချက်ကြရတာ။ အပေါ်မှာ တစ်ယောက်ကတော့ ရှိနေရတယ်။ လက်နှိပ်ဓာတ်မီးတွေလည်း ရှိကြတယ်လေ။ ကိုယ့်ရွာသားတွေကတော့ ခိုးကြ၊ ဝှက်ကြတာဆိုလို့ ရှိကြ။

အဲ… ခိုးစားတယ်ဆိုတာကလည်း အပျော်။ အခင်းစောင့်ရတာကလည်း ဘာမှမခဲယဉ်းပါ။ ပြောင်းတောထဲ တိုးတဲ့အသံ ကြားတယ်ဆိုပါစို့။ ပြောင်းပင်လှုပ်တာကိုကြည့်ပြီး လေးခွနဲ့ပစ်လိုက်ရုံ။ ဝက်တို့၊ ခွေးတို့ဆို အော်ပြေးတာလေ။

ထုံးစံအတိုင်း ဒီညလည်း ညဥ့်နက်တာနဲ့ ဟိုသုံးယောက် ရောက်လာကြတယ်။ ဝေမိုးက လေးလွယ်အိတ်ထဲက ပုလင်းနှစ်လုံးကို ထုတ်လိုက်တယ်ဆိုရင်ပဲ မျက်နှာတွေ ပြုံးသွားကြတယ်။ ဝေမိုးက ပြောတယ်။

'အသောင်းရဲ့ အရက် မသောက်ရတာကြာလို့ ဝင်ဝယ်လာတာ၊ အဟဲ… စိတ်ဆိုးကြမယ် ထင်တယ်'

'ဟာ… ဆိုးတာပေါ့ကွာ၊ အမြည်း၊ အဲ… ငါ ပြောင်းဖူးပြုတ်လိုက်ရမလား'

ကြာဖြူရဲ့စကားကို ခဏစဉ်းစားကြတယ်။ ပေတိုးက အကြီးဆုံးဆိုတော့ သူ့ကို ဝိုင်းကြည့်ကြတယ်။

'ဟာ… လုပ်မနေနဲ့ကွာ၊ မင်းမောင်သွား၊ ဖရဲသီးတစ်လုံး ခူးခဲ့၊ အလကား ပြောင်းဖူးပြုတ်ရင် အလုပ်ရှုပ်တယ်'

'ဒါလည်း ကောင်းတာပဲ၊ ဖရဲသီးက အေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော၊ မင်းမောင်က ဖရဲခင်းထဲ သွားတယ်။

'ငါတို့ အပေါ်က စောင့်နေမယ်နော်'

'အေး'

သုံးယောက်သား တဲပေါ်ကိုတက်ပြီး အဆင်သင့် ပြင်ထားကြတယ်။ ရေဗူးရှိတယ်၊ ငါးခြောက်ကြော် ပန်းကန်ရှိတယ်။ သိတဲ့အတိုင်း အသောင်းရဲ့ အရက်က ထန်းရည်ထက် ဆယ်ဆမက ပြင်းတာလေ။ အနံ့ကလည်းကောင်း၊ အဝင်ကလည်း ခွက်ခွက်လန်ဆိုးတာ။ လူတစ်ယောက် သောက်နိုင်မှ တစ်ပိုင်းကျော်။ ဒါတောင် ဝါရင့်မှ။ အခု နှစ်လုံးကို လေးယောက်သား ဝိုင်းသောက်ကြတော့တာ။

ထန်းရည်လို ခွက်ကိုင်မမော့နိုင်။ အကြမ်းပန်းကန်လေးထဲ နည်းနည်းထည့်။ အလှည့်နဲ့ သောက်ကြတယ်။ လူတိုင်းမျိုပြီး မဲ့မဲ့သွားကြတယ်။

ဖရဲသီးကိုခွဲ၊ တစ်ခြမ်းစီလှန်ပြီး ဇွန်းနဲ့ ကော်မြည်းကြတယ်။ ငါးခြောက်ကိုတော့ တို့ကိုမတို့ချင်ကြ။ တစ်ယောက်တစ်ခွက် နည်းနည်းစီနဲ့ နှစ်ပတ်လောက် ပတ်လိုက်တယ်ဆိုပဲ ကောင်းသွားကြပြီ။ သိတဲ့အတိုင်း ကောင်းသွားကြပြီဆိုတာနဲ့ စကားများလာကြတော့တာ။ ပေတိုးက ဖရဲသီးကို မြည်းရင်း ပြောတယ်။

'ညက ရာကျော်တို့တတွေ ပြောင်းဖူးခိုးပြုတ်စားကြတယ်တဲ့၊ အဲဒါ ဘယ်သူ့အခင်းလဲ မသိဘူးကွ'

'ငါတို့ဆီတော့ ဒီကောင်တွေ မလာရဲဘူး၊ မဟုတ်မှလွဲရော ကိုကြီးအောင်သင်းစောင့်တဲ့ သူကြီးအခင်းက နေမယ်'

ကြာဖြူရဲ့စကားကို ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံကြတယ်။ အောင်သင်းဆိုတာက ငထူ၊ ထူတာက တစ်ပေတောင် ကျော်ချင်ကျော်မှာ။ ပြီးတော့ ပျင်းချက်ကလည်း လက်လန်ချင်စရာ။ အဲ… ခဏာသို့ ကျောခင်း

www.burmeseclassic.com



ရှင် တစ်ရေးပဲ။ မိုးချုပ်ပြီဆိုပါစို့၊ ထမင်းစားပြီး ကျောခင်းတယ်။ အင်း…ခဏ ထမင်းလုံး စီလိုက်ပါဦးမယ်ဆို။ ဒါသေချာပြီ တစ်ရေးပဲ။ အဲ…တစ်ရေး ဆိုတာက သူနိုးလို့ ခေါင်း ပြန်ထောင်ကြည့်လိုက်ရင် နေလုံးကို အတော်မြင့်မြင့် မြင်နေရပြီလေ။ သူ တစ်ရေးဆို မိုးလင်းပြီလို့ ပြောတာ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

'အင်း… ဒီအတိုင်းဆို ငါတို့ ပေါ့လို့မဖြစ်ဘူး၊ အတော်ဂရုစိုက်ရမယ်'

'လာတော့လည်း လေးခွစာ ကျွေးလိုက်ကြတာပေါ့ကွာ'

အမိုးကဖြစ်သလို၊ အကာက ပတ်ပတ်လည် တစ်တောင်သာသာ။ ဘားပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့ အရာရာတိုင်းဟာ လရောင်ရဲ့ အေးမြခြင်း မြောက်ပြန်လေရဲ့ ဆော်သွေးခြင်းနဲ့အတူ ကြည်နူးစရာကောင်းနေတော့တာ။

ကြာဖြူက တစ်ပိုင်းတစ်စသာ ထွက်နေတဲ့လမင်းကိုကြည့်ပြီး အရက်ခွက်ကို ကောက်မော့လိုက်တယ်။ မျက်နှာမဲ့သွားခြင်းနဲ့အတူ…

'ထွီ… အား… ဆိုးလိုက်တဲ့ အရသာ၊ အော့'

'ဘာလဲ၊ မကောင်းလို့ မဲ့တာလား'

'အဟဲ… ကောင်းလို့လေ'

သုံးယောက်သား ဝွေ့ကြည့်ကြတော့တာ။ ဖရဲသီးကို ဓွန်းနဲ့ ဆော်လိုက်ရင်း မျက်နှာသေလေးနဲ့ ညည်းတယ်။

'ဟင်း… မိဝါနဲ့ မတွေ့ရတာလည်း ကြာပြီ၊ သတိရလိုက်တာ၊ အင်း… သူက နေနိုင်ပေမယ့် ငါက မနေနိုင်ဘူး'

'ဟွန်း… ဖြစ်ရပြန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဝေမိုးက စွေကြည့်တယ်။ ကြည့်ဆို ကြာဖြူကြောင့် သူလည်း မတွေ့ရတာကြာပြီ။ ဒါပေမဲ့ မပြောရဲ ပေတိုးရှိတော့ ရှော့ရှိတယ်လေ။ ပြောချင်တဲ့စကားတွေကို အတင်းမျိုချလိုက်ရတော့တာ။ ပေတိုးက သောက် ရင်း ပြောတယ်။

'မင်းဟာလေးက ကြည့်တော့တာ လှတပတလေးနဲ့ အပြော ကလည်း ဆိုး၊ လက်ကလည်း သွက်ပါ့'

'ဟုတ်တယ်ကွ၊ တစ်ခါတစ်လေ စိတ်ကုန်တယ်'

ကြာဖြူက စိတ်ပျက်သံနဲ့ ပြောတယ်။ မင်းမောင်ကို ကြည့်ပြီး ပေတိုးက ဆက်ပြောတယ်။

'ဟိုကောင် မင်းမောင်ကမှ တော်သေးတယ်၊ သူ့ဟာလေးက ကြည့်တော့သာ ဆိုးမယ့်ပုံ၊ မင်းမောင်တို့များ တစ်ခါမှ ရိုက်တာ နှက်တာ မခံရဖူးဘူး'

'အဟဲ… ဒါကတော့ ကုသိုလ်ပေါ့ကွာ၊ သူက ငါ့အပေါ်သာ ကောင်းတာ၊ တခြားသူတွေအပေါ်ဆို မကောင်းဘူးကွ၊ အဟီး'

ဝေမိုးနဲ့ ကြာဖြူက မင်းမောင်စကားကြောင့် မဲ့သွားကြတယ်။ ပြောတာလည်း ဟုတ်နေတာလေ။ မယ်လှက တခြားလူတွေပေါ်သာ ဆိုးတာ မင်းမောင်ကိုတော့ ဘာလုပ်လိုက်တယ် ဘာညာ အသံမကြားရ။

'အင်း…ငါ့ ဟာလေးကတော့ ကြာရင် မလွယ်ပါဘူး'

'ဒါဆိုလည်း အလွယ်လေး ဖြတ်လိုက်ပေါ့'

မဲ့ရွဲ့ပြောတဲ့ စကားကို ပေတိုးက လိုက်ပေးတယ်ဆိုရင်ပဲ ကြာဖြူ က စွေကြည့်တယ်။ ပြောသေးတာ။

'ဟာ… ဖြတ်ဖို့ နေနေသာသာ၊ ခဏခဏ လွမ်းပါတယ်ဆိုမှ ဘာလို့ ဖြတ်ရမှာလဲ၊ ဖြတ်ပါဘူး၊ သူရိုက်တာ ပုတ်တာလေးတွေကြောင့်ပဲ ချစ်ချစ်နေရတာ၊ အဟဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… သူပဲ ပြောတာပဲ'

ဟိုအကြောင်း ဒီအကြောင်းတွေ ပြောပြီး သောက်လိုက်ကြတာ အရက်လည်းကုန်ရော ခေါင်ချာဆိုင်းသွားကြတယ်။ ဒီတော့မှာပဲ နှုတ်ဆက် ဖြန့်သွားကြတော့တာ။ ကြာဖြူက တစ်ယောက်တည်းလွမ်းရင်း ကင်းစောင့် နေလေရဲ့။

◆ ◆ ◆

သူကြီး စောစောစီးစီးထပြီး လယ်တောထဲသွားဖို့ ပြင်တယ်။ ခါတိုင်းက မိဝါ သွားတယ်။ အောင်သင်းကို ဖရဲခင်းတွေ ပြောင်းခင်းတွေ စောင့်ခိုင်းထားတော့ ရွာထဲပြန်မလာရဘူး။ ဒီတော့ မနက်စာသွား ပို့ရမှာ။ ဒီနေ့တော့ စားပင်တွေရဲ့ အခြေအနေကိုကြည့်ချင်တာနဲ့ ကိုယ်တိုင် သွားမလို့လေ။

ရေနွေးကြမ်းထိုင်သောက်ရင်း ချက်ပြုတ်တာကို စောင့်နေတယ်။ မိဝါကလည်း မီးဖိုချောင်ထဲချက်ရင်း စဉ်းစားနေတယ်။ ကြာဖြူနဲ့ မတွေ့ တာကြာပြီဆိုတော့ ဒီနေ့ ကိုကြီးအောင်သင်းကို ခေါ်ခိုင်းမယ်လို့ တွေး နေတယ်။

ကြာဖြူကလည်း ရွာပြင်ရောက်နေတာ ကြာပြီလေ။ ရွာထဲရှိရင် တွေ့ချင်တွေ့မှာ၊ အခုတော့ မတွေ့တာ တစ်လကျော်လာပြီ။ မကောင်း ကျောင်းပို့မဟုတ်တော့ မကောင်းရွာပြင်ပို့ ဖြစ်သွားပြီ။

'ဟင်း… တစ်လမတွေ့ဘူး ပြောထားတာ၊ အခု တစ်လကျော် ပြီ၊ အံမယ်နေနိုင်တယ်ပေါ့လေ၊ တွေ့ဦးမယ်၊ ဒီတစ်ခါ သင်းနားရွက်ကို ဖြတ်အောင်လိမ်ပစ်ရမယ်၊ ဟွန်း'

တပွက်ပွက်ဆူနေတဲ့ ထမင်းအိုးကိုကြည့်ရင်း စိတ်ဆိုးနေတော့ တာ။ သူပဲ စိတ်ဆိုးပြီး မတွေ့ခိုင်းတာ။ အခုမတွေ့လို့ စိတ်ဆိုးပြန်တယ်တဲ့။

www.burmeseclassic.com



တစ်ယောက်တည်း ယောက်မကြီးကိုင်ပြီး တဖျစ်တောက်တောက် ပြော နေပြန်တယ်။

'ပြောမယ့်သာပြောတာ၊ သူက ငါ့ကိုချစ်သား၊ ဘာလုပ်လုပ် ခံတာပဲ၊ ပြောရင်းသတိတောင်ရလာပြီ၊ ဟင်း…ငါ့ကို တစ်လလောက် ပစ်ထားနိုင်တယ်ဆိုတာ ရှိးမှရှိးရဲ့လား၊ အသစ်များ တွေ့နေပြီလား၊ ဟွန်း… အသစ်ထားတယ်ကြားလို့ကတော့ သေဖို့သာပြင်'

ချက်ချင်းစိတ်ပြန်ဖြေပြီး တစ်ခါစိတ်ပြန်တိုသွားတာလေ။ မျက်လုံး ထဲမှာလည်း ရည်းစားမဖြစ်ခင်က စုစုနဲ့ အတူတွဲသွားတွဲလာ လုပ်နေတာကို ပြန်မြင်ယောင်မိပြီး နေမထိ၊ ထိုင်မထိ ဖြစ်လာတယ်။

စုႏုက ကြာဖြူတို့နဲ့ အိမ်နီးနားချင်းတွေ။ ဒီလိုပဲ ငယ်ပေါင်းတွေ ဆိုတော့ ရိုးရိုးသားသားရှိကြတယ်။ ဒါကိုပဲ အခုမှ သဝန်ထကြောင်နေ တာလေ။ စဉ်းစားရင်းနဲ့ ထမင်းအိုးကို ကြည့်နေတာ အတော်ကြာပြီး အဲ… ထမင်းအိုးကို မမြင်ဘဲ လက်ထဲကိုင်ထားတဲ့ ယောက်မကို တွေ့မှာပဲ သတိရသွားတယ်။

'အဲ့တော့… ဟယ်… ပျော့သွားပြီတော့'

ပြူးပြဲပြီး ထမင်းအိုးကို မီးဖိုပေါ်ကချ ရေပြေးခပ်ကာ ရေရော ပြီး ငှဲ့ရတော့တာ စိတ်ထဲမှာလည်း ကြာဖြူကို အတော်ဂြိုဟ်မွှေတာပဲဆို ပြီး စိတ်ဆိုးနေလေရဲ့။

◆ ◆ ◆

'အဘရေ… သမီး ထမင်းသွားပို့လိုက်ဦးမယ်'

ချက်ပြုတ်ပြီးတာနဲ့ ရေပြေးချိုး၊ အလှပြင် စားသောက်ပြီး ထမင်း ပို့မယ်လုပ်တော့။ သူကြီးက လေးလွှယ်အိတ်လွှယ် ဆေးလိပ်တွေ၊ ဆွမ်းတွေ ထည့်ကာ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သမီးနေကွဲ့၊ အဘသွားပို့လိုက်မယ်၊ ပေး'

'ဟင်···အဘကလည်း နေပါ၊ သမီးပို့လိုက်ပါ့မယ်'

ကိုယ့်အကြံနဲ့ကိုယ်ဆိုတော့ အတင်းငြင်းတယ်။ မရဘူး။သူကြီးက ကြင်နာပြုံးပြုံးပြလိုက်ပြီး···

'သမီးက ချက်ဟယ် ပြုတ်ဟယ်နဲ့ ပင်ပန်းပါတယ်။ ဒီမနက်တော့ နားလိုက်။ အဘက ဟိုကောင် အောင်သင်းကို သိပ်စိတ်ချတာမဟုတ်ဘူး။ အိမ်မှာလည်း သုံးမရမယ့်အတူတူ လယ်ထဲထားတော့ မျက်စိနှစ် သက်သာတာလေ၊ ကဲပါ···ဖရဲတွေ အခြေအနေလည်း ကြည့်ရဦးမယ်၊ အဘသွားပြီ'

'ဟွန်း··· သူများပို့မှာပါဆို'

သူကြီးက ပြောချင်ရာပြောပြီး ထမင်းအိုးတွေ၊ ခွက်တွေထည့်ထားတဲ့ တောင်းကြီးကို ကောက်ထမ်းထွက်သွားတယ်။ နက်ကျော်ကလည်းပြေးလိုက်သွားတယ်။ မိဝါကတော့ နှုတ်ခမ်းစူပြီး ကျန်ခဲ့ရော့တာ။

အိမ်ပေါ်ထပ်က ဆင်းလာတဲ့ ဒေါ်ပန်းဝါ၊ သမီးမိဝါ တန်းလျားမှာ စိတ်ပျက်လက်ပျက် ထိုင်နေတာကို တွေ့လိုက်တယ်။ နှုတ်ခမ်းကိုရှုံ့ပါးစပ်ကလည်း ပွစိပွစိနဲ့ ပြောနေသေးတာ။ ဝင်ထိုင်ရင်းမေးတယ်။

'သမီး ဘာဖြစ်နေတာလဲ'

'အဘပေါ့၊ အဲ့သမှာ သူများသွားမလို့ဟာကို အတင်းလုသွားတယ်'

'သြော်··· ဘာများလဲလို့ သမီးရယ်၊ ဒါများစိတ်ဆိုးစရာလား'

ပြောလို့ မဖြစ်တာနဲ့ဘဲ မပြောတော့ဘဲ ထိုင်ကောက်နေတယ်။ ဒေါ်ပန်းဝါက ပြုံးပြီး···

'နင့်အစ်ကို အောင်သင်းက သိတဲ့အတိုင်း ထူတာရယ်၊ ရွာမှာ ပြောင်းဖူးတောင် မရောင်းရသေးဘူး၊ စားတဲ့လူက စားကုန်ပြီဆိုတော့စိတ်မချဘူးလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… အမေကလည်း ပြောင်းခင်းက အဘတစ်ဦးတည်းရှိတာ လိုက်လို့'

ဆောင့်အောင့်ပြောတာနဲ့ စွေကြည့်လိုက်တယ်။

'ဟဲ့… ရွာထဲ ပြောင်းနဲ့ ဖရဲစိုက်တာ နင့်အဘနဲ့မှ ငါးဦးပဲရှိတာလေ၊ ကျန်တဲ့လေးဦးက ဘာသံမှမကြားရတော့ နင့်အဘက စိတ်ပူတာပေါ့၊ သူများ အခင်းဆို လာတိုင်ပကြာပြီ၊ အခုလာမတိုင်တော့ တို့အခင်းက ဖြစ်ဖို့ များတယ်'

'အဲဒါများ အရင်နေ့တွေက သွားပါလားလို့၊ ဒီနေ့ကျမှ ဟွန်း… သူများ တစ်လကျော်သွားပါပြီဆို'

'ဘာရယ်'

ကိုယ့်ဟာကိုယ် တွေးချင်ရာတွေးပြီး ပြောချင်ရာ ပြောလိုက်တာ အမေဖြစ်တဲ့သူ မျက်လုံးပါ ပြူးသွားတယ်။ ကပျာကယာ ဖာရတော့တာ။

'အဲလေ… မှားလို့၊ သမီးသွားပို့နေတာပဲ ကြာကြာလှပြီ၊ အခုမှ… ဟွန်း'

'ဟဲ့… သူ့ဟာသူ ကြည့်ချင်တဲ့ နေ့ကြည့်မှာပေါ့၊ ညည်းနော် ငါ့ကို နှလုံးရောဂါရအောင် မလုပ်နဲ့၊ အံမယ်လေး… တော်သေးတာပေါ့… သွား… အိမ်ပေါ်တက်နေ၊ ဒီနေ့ရွာထဲ မသွားရဘူး၊ ဒါပဲ'

'အမေတို့ကလည်း…ဟွန်း'

'အံမယ်…ငါ့ကိုများ ညည်းတော့နာတော့မယ်'

ခြေဆောင့်ပြီး အိမ်ပေါ် နှုတ်ခမ်းစူတက်သွားတယ်။ ဒါပေမဲ့ ဒေါ်ပန်းဝါရဲ့ မာန်မဲသံ နောက်က ကပ်ပါလာတော့တာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



အောင်သင်း အိပ်ရာကနိုးလို့ ခေါင်းထောင်ကြည့်လိုက်တော့ ထုံးစံအတိုင်း နေကအတော်မြင့်နေပြီ။ ချောင်းနဲ့ကနီးတော့ ချောင်းထဲဆင်း၊ သွားတိုက်၊ မျက်နှာသစ်ပြီး ပြန်တက်လာတယ်။ ပြောင်းခင်းထဲ လိုက်ပတ်ကြည့်တော့ တချို့နေရာတွေ ချိုးထားတာတွေ့ရသလို။ ဖရဲခင်းထဲမှာလည်း ခူထားတာ တွေ့တာနဲ့ စိတ်ပျက်သွားတော့တာ။

'တောက်... ဘယ်ခွေးမသားတွေများလဲ၊ ခိုးစရာရှားလို့ ဒီအခင်းမှ ခိုးရလားဟာ၊ ဟိုဘက်မှာ ကြာဖြူတို့ ရှိတာကို ငါ့ဆီပဲ လာလာခိုးနေကြတယ်၊ ဟင်း'

စောစောစီးစီး စိတ်ပျက်သွားတော့တာ။ ဗိုက်ကလည်း အတော်ဆာနေပြီ။ ဖရဲသီးကျတော့လည်း မစားချင်။ ပြောင်းဖူးကျတော့လည်း မပြုတ်ချင်တာနဲ့ တဲပေါ်ပြန်တက်ပြီး မိဝါအလာကို မျှော်နေတယ်။

'တောက်... ဒီငနာမလေးကလည်း၊ ဒီနေ့မှ နောက်ကျလိုက်တာ၊ ဗိုက်က ဆာနေပါပြီဆို၊ မဟုတ်မှလွဲရော၊ ငါ့ဆီမလာဘဲ ကြာဖြူဆီ သွားနေတယ်ထင်ပ၊ ဟွန်း'

ရွာလမ်းဆီကို မျှော်ကြည့်လိုက်တော့ လူကြီးတစ်ယောက် တောင်းကြီး ထမ်းလာတာတွေ့ရတယ်။ အဲ... ခွေးတစ်ကောင်ကလည်း ပါသေးတယ်။

နည်းနည်းလှမ်းတော့ ဘယ်သူလဲမသိ။ မကြည့်တော့ဘဲ ပက်လက်ပြန်လှန်ပြီး မှိန်းနေတယ်။ အတော်ကြာမှ အောက်က လူသံကြားတာနဲ့ မထဘဲ ဟောက်လိုက်တော့တာ။

'နင်ဟာလေ၊ အမှတ်ကို မရှိတာ၊ ဆာနေပါပြီဆို မြန်မြန်မလာဘူး၊ ဟွန်း... ငါလေးခွနဲ့ ပစ်လိုက်လို့'

'ဘာရွ'

'ဟင်... ဘကြီး သူကြီး'



www.burmeseclassic.com

www.burmeseclassic.com



မိဝါမှတ်လို့ ဟောက်လိုက်တာ အသံမာကြီးပေါ်လာမှ သူကြီး မှန်းသိပြီး ပြုံးပြဲဆင်းလာတယ်။ ဟိုက စွေကြည့်ပြီးပြောတယ်။

'မင်းတော့ ကျပ်ကျပ်သတိထား၊ နာမယ်…ဟွန်း'

'အဟဲ… နောက်တာပါ ဘကြီးရဲ့'

'ဟွန်း… ဟော့ကောင်၊ မင်းကြည့်ရတာ ပြောင်းခင်းစောင့်တာနဲ့ မတူဘူး၊ ကြည့်စမ်း၊ ဝလာလိုက်တာ၊ မင်းကို အနားလာယှဉ်ခိုင်းတာနဲ့ တူနေပြီ၊ ဟော့ကောင်… ညဘက်စောင့်ရှော စောင့်ရဲ့လား'

'ဟာ…စောင့်တာပေါ့ ဘကြီးရဲ့၊ တစ်ညလုံး တစ်ရေးတောင် မအိပ်ရဘူး၊ အဲ…ပြောရဦးမယ်၊ ညက အိပ်မက်ထဲမှာ ဘကြီး ထိပေါက် လို့တဲ့၊ အဟဲ'

'ဟေ… ဟုတ်လား၊ ပျော်စရာကြီး၊ အဟင်း… ငါချမ်းသာ သွားတာပေါ့'

'အင်းပေါ့'

'အေး… ကောင်းလိုက်တာ၊ အဟဲ… အန်… ဘာကွ၊ မင်း ပြောတော့ တစ်ရေးမှ မအိပ်ရဘူးဆို၊ မအိပ်ရင် အိပ်မက်ကမက်မလား ကွ၊ ငါ ဟင်း…'

'ဟင်… ဟုတ်သား'

မျက်ထောင့်နီနဲ့ ကြည့်တာနဲ့ မျက်နှာလေးငယ်သွားတော့တာ။ လိမ်မှမလိမ်တက်ပေပဲ။ ခေါင်းကုတ်ဖင်ကုတ်နဲ့ တောင်းထဲက ထမင်း အိုးကိုဖွင့်၊ ပန်းကန်ထဲထည့်မလို့ လက်ဆေးပြီး နှိုက်လိုက်တယ်ဆိုရင်ပဲ။

'ဗွီ'

'ဟင်… ဟာ… ဘယ်နှယ့်တုံးဟ'

ထမင်းပေါ်လက်တင်ရုံရှိသေးတာ နှိုက်တောင် မနှိုက်ရသေး ခြိမ်နဲ့ နစ်သွားတယ်။ မျက်လုံးပါ ပြူးသွားတော့တာ။ စိတ်လည်း ဟိုသွား တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… သေပါပြီဗျ၊ မိဝါတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဝက်စာနဲ့များ မှားထည့်ပေးလိုက်သလားထင်ရတာ၊ ပျော့ချက်ကတော့ ထိတောင်မရဘူး'

'ဟင်… ဘာဖြစ်တာလဲကွ'

'ကြည့်ပါဦး ဘကြီး သူကြီးရယ်၊ ဒါထမင်းတဲ့လား၊ အဟင့်'

အောင်သင်း မျက်နှာကြီးမဲ့။ ထမင်းအိုးထဲကလက်ကိုထုတ်ပြီး ပန်းကန်ထဲ ထည့်လိုက်တယ်ဆိုရင်ပဲ။ အစေ့ပျောက်နေတဲ့ ထမင်းထဲကနေ ရေတရွှဲရွှဲ ထွက်လာတော့တာ။

'ရေတောင် ထွက်လာတယ်၊ ဟင်း… ဒီကောင်မလေးတော့ ပြန်ရောက်မှ ဆူရဦးမယ်'

'အီး… အဝါးလွတ်ပါပြီဗျ'

အောင်သင်းက တညည်းညည်း တညူညူနဲ့ ထမင်းစားနေတယ်။ လက်နဲ့ကိုင်မရတာနဲ့ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်။ သုံးချောင်းနဲ့ ကော်စားနေတယ်။ မသိရင် အနူကြီး ထမင်းစားနေသလိုလေ။ သူကြီးလည်း ပြုံးပြီး ပြောင်းခင်းဘက်ထွက်သွားတယ်။

◆ ◆ ◆

ထမင်းစားပြီးလို့ လက်သုတ်ရုံရှိသေးတယ်။ ပြောင်းခင်းတွေဘက်ကနေ မျက်နှာမာကြီးနဲ့ ပြန်လာတဲ့ သူကြီးကြောင့် အလိုလိုကြောက်သွားတယ်။ သူကြီးဒေါသထွက်ရုံတင်မဟုတ် နှုတ်ခမ်းမွေးပါ ထောင်နေတော့တာ။

'ဟေ့ကောင်… မင်းပြောတော့ စောင့်တယ်ဆို၊ ငါ့ပြောင်းပင်တွေများ အဖူးမတွေ့တော့ဘူးကွ၊ အပင်ပဲကျန်တော့တယ်၊ တောက်… ငါလေ၊ ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ… ခဏာတော့ အိပ်ပျော်သွားတတ်လို့ပါ'

လက်တစ္စရှယ်ရှယ်နဲ့ပြောတာ။ မျက်နှာငယ်လေးနဲ့ ဆင်ခြေပေးတယ်။

'မလိုချင်ဘူး၊ မင်းခဏာကို ငါသိတယ်၊ ကြည့်စမ်း၊ ဖရဲခင်းလည်း ငါလိုက်ကြည့်တာ အမှည့်ကို မတွေ့ဘူး၊ ဟွန်း… ကောင်းကွာ၊ စိုက်တဲ့လူက မစားရဘဲ မစိုက်တဲ့ လူတွေကျတော့ စားလို့'

'ဟိုလေ… စိုက်တာနောက်ကျလို့ မမှည့်သေးတာပါ ဘကြီးရဲ့၊ သူများတွေစားတယ်ဆိုတာကလည်း ဟိုဘက်အခင်းတွေက ဝယ်စား'

'ဘာ… တိတ်… ငါလုပ်လိုက်ရ'

'ဗျောင်'

ပြောတာကနောက်။ နားရင်းကို အရင်တီးလိုက်တယ်ဆိုရင်ပဲ ပါးစပ်ပိတ်သွားတော့တာ။ သူကြီးက အတန်ကြာတဲ့အထိ စဉ်းစားတယ်။ ပြီးမှ ခေါင်းယမ်းပြောတယ်။

'မဖြစ်သေးပါဘူး၊ ငါကိုယ်တိုင်လာစောင့်မှပါ၊ တောက်… ဖရဲသီးလေးများ စားရမလား မှတ်တယ်၊ ဟွန်း'

'ကောင်းတာပေါ့၊ ဘကြီးလာစောင့်ရင် ကျွန်တော်ရွာထဲ ပြန်နေလို့ ရတာပဲ'

'ဘာကွ… ငါနဲ့အတူ မင်းပါစောင့်ရမှာ'

'ဗျာ'

အောင်သင်းမျက်လုံး ပြူးသွားတယ်။ သူကြီးပါလာစောင့်လို့ကတော့ အနေချောင်မှာ မဟုတ်တော့ဘူးလို့ တွေးကာ စိတ်ပျက်သွားတော့တာ။ သူကြီးကတော့ ရုပ်ကြီးကိုမာလို့။

'ဝုတ်… ဝုတ်… ဝုတ်'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



ဒီတုန်းမှာပဲ နက်ကျော်ကြီး ပြောင်းခင်းထဲဟောင်ပြီး ပြေးဝင်သွားတာနဲ့ နှစ်ယောက်သား ဝမ်းသာသွားကြတယ်။ တူဝရီးနှစ်ယောက်တူတာတစ်ခုတော့ ရှိတယ်။ ကြွက်သားကြိုက်တာလေ။

နက်ကျော်ဆိုတာကလည်း ပျင်းရင်သာနေတာ။ စိတ်ပါတဲ့အခါဆို လူပါစရာမလိုအောင် ကြွက်လိုက်ကောင်းတာ။

'အဟား၊ ကြွက်သားစားရချည်သေးရဲ့'

'ဝုတ်… ဝုတ်'

ပြောင်းခင်းထဲဝင် ပြေးသွားတယ်။ ပြောင်းပင်တွေ လှုပ်တာနဲ့အတူ ဟိုဘက်ထိပ်က ပြန်ပေါ်လာတယ်။ တစ်ခါပြန်ဝင်ပြေး ဒီဘက်ထိပ်တစ်ခါ ပြန်ပေါ်လာတယ်။ ဒီလိုနဲ့ ပြောင်းခင်းတစ်ပတ်ပြည့်တော့ ကြွက်အတော်ကြီးကြီးတစ်ကောင် ကိုက်ချီပြီး ပြန်လာတာနဲ့ နှစ်ယောက်သား ပျော်သွားကြတော့တာ။

'ဟား… ဟား… တယ်တော်ပါလားကွ၊ ကဲ… အောင်သင်း၊ ထမင်းကျန်သေးလား'

'အင်း… ကျန်တယ်ဗျ၊ ဟင်းရည်နဲ့ နယ်ကျွေးလိုက်မယ်၊ ဆောကောင်… လာ… လာ… ရော့'

သူကြီးက ကြွက်ကြီးကိုယူ။ အနားက ကောက်ရိုးတွေ အမှိုက်တွေကိုစု အလယ်မှာ ကြွက်ကိုထည့်ပြီး မီးဖုတ်လိုက်တယ်။

ဒါက အလွယ် အမွှေးနှုတ်တာဖြစ်သလို၊ ကင်စရာမလိုဘဲ ချက်စားလို့ ရတယ်။ ပြောချင်တာက ကြွက်ကိုမကင်ဘဲ ချက်စားရင် အစိမ်းဆော်နံ့တယ်။ စားမကောင်းဘူး။ အခု မီးဖုတ်လိုက်တော့ အလွယ်ပဲပြီးသွားတာပေါ့။

'ဟာ… စားလေကွာ… စားပါကွ'

အောင်သင်းက နက်ကျော်ကို ထမင်းကျွေးနေတာ။ မစားဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပေါ်တင်ထားတဲ့ ထမင်းကို နူတ်သီးနဲ့ တို့ကြည့်တယ်။ ဆေးခတ်ထား သလားထင်ရအောင် တွန့်သွားပြီး ဆောင့်ကြောင့်ထိုင်တယ်။ လှည့်ကို မကြည့်တော့ သူကြီးလည်း ရယ်လေတော့တာ။

'ဟား… ဟား… မိဝါတို့လုပ်ချက်ကတော့ သူချက်တဲ့ ထမင်း ကို ခွေးတောင်မစားဘူးဗျာ၊ ဟား… ဟား… ခွေးထက်ဆိုးတဲ့ ကောင်ပဲ စားတာ'

အနားက အောင်သင်းမျက်နှာကြီး မဲ့သွားလေရဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒေါပန်းဝါ တစ်ယောက်တည်းထိုင်၊ ဒေါကန်နေတယ်။ သမီးဖြစ်တဲ့သူကတော့ ကောက်ပြီး အိပ်နေတယ်။ ဒေါသဖြစ်တာက ထမင်းစားပြီးမှလေ။ မိဝါတို့များ အချက်အပြုတ်တော်ပါတယ်ပြောကာမှာပဲ အခုယောက်မမြင်းစီး ထွက်တယ်လေ။

'ဟွန်း… ထမင်းကို တမင်များ ပျော့အောင်ချက်ထားတယ် မှတ်ရတာ၊ အံမယ်… ငါ့သမီးလေးတော်ပါတယ် ဆိုမှပဲ၊ တွေ့မယ်၊ သင်းအချိုးနဲ့ ယောကျ်ားရမှ ဆောင့်ကန်ခံရမှာ'

တဖျစ်တောက်တောက်ပြောရင်း ဆေးလိပ်ထိုင်ဖွာနေတယ်။ အဲ… တစ်ခါ ယောကျ်ားဘက် ဦးလှည့်သွားပြန်တယ်။ သွားတာ အတော်ကြာပြီ။ ပြန်ကို မလာတော့။

'ဟင်… ကိုရင်ဖိုးထိန်တို့များ ခဏဆိုသွားလိုက်တာ ပြန်ကို ပေါ်မလာတော့ဘူး၊ ဖရဲသီးစားချင်ပါတယ်ဆိုမှ ဘယ်မယားငယ်ဆီ ဝင်နေလဲ မသိဘူး၊ ဟွန်း…လာပေ့စေ'

အလိုမကျခြင်းနဲ့အတူ မျက်နှာက အတော်မာနေတာ။ ဒီတုန်းမှာပဲ ခြံထဲကို ဖရဲသီးပိုက်ဝင်လာတဲ့ လူကို တွေ့ပြီး ဆေးလိပ်ငြိမ်းသွားတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… အဟွတ် ဟွတ်'

'အဟဲ… အရီးလေး နေကောင်းတယ်မလား'

'ဟင်း… ဟဲ့အကောင် ဘာလာလုပ်တာတုံး'

သွားအဖြဲသားနဲ့ ကြာဖြူ ဖရဲသီးကိုစားပွဲပေါ်တင်ပြီး ဘေးဘီကို ကျီးကန်းတောင်မှောက်ရှာတယ်။

ဒါနဲ့ စွေ့ကြည့်ပြီး ဒေါ်သက ပုံကျသွားတယ်။

'ဟဲ့… ဘာလာလုပ်တာလဲလို့ မေးနေတာလေ၊ ငါ စိတ်အတော်တိုနေတာနော်'

'အဟဲ… ဟိုလေ… အဲ့ဒါ ဖရဲသီး၊ အဟဲ… ဖရဲသီး အရီးလေး အတွက် လာပို့တာ၊ ကျုပ်အိမ်ကိုတောင် မပို့ရသေးဘူး၊ ဦးဦးဖျားဖျား စားစေချင်လို့လေ'

ပါးစပ်ကသာ ပြောနေတာ မျက်လုံးကတော့ ရှာနေတုန်းပဲ။ ဖရဲသီးစားချင်နေတဲ့ အချိန်မှာ လာပေးတော့ စိတ်ဆိုးပြေသွားတယ်။

'ဟယ်… ဟုတ်လား၊ အတော်ပဲ ငါလည်း အတော်စားချင်နေတာ၊ ဘုန်းကြီးလို့ အသက်ရှည်ပါစေတော့'

'အဟဲ… ဟိုလေ… အရီးလေး မိဝါလည်း မတွေ့ပါလား'

'ဩော်… နင်က ငါ့ကို ဖရဲသီးပေးပြီး ဖားတယ်ပေါ့လေ'

'ဟာ… မဟုတ်ပါဘူးဗျာ၊ ကျုပ်က စေတနာနဲ့ပါ၊ မိဝါကို မတွေ့လို့ မေးကြည့်မိတာ'

မျက်စောင်းထိုးကြည့်လိုက်တော့ စပ်ဖြဲဖြဲနဲ့ မလုံမလဲ ရပ်နေတယ်။

'မရှိဘူး၊ ရွာထဲသွားတယ်၊ ကဲ… နင်ဖရဲသီး လာပေးတာ မို့လား၊ ပြန်တော့၊ တော်ကြာ ငါ့ယောကျ်ား ပြန်လာတော့မှာ၊ သူက နင့်ကို ကြည့်ရတာ မဟုတ်ဘူး'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'မဟာင်နဲ့၊ ဟိုတစ်လောက နင်တို့ ကြက်ခိုးစားတာကို လာတိုင်သွားတယ်'

ကြာဖြူ ပျာပျာသလဲ ပြူးပြဲကာ ခြံဝကို ကြည့်တယ်။ ပြီးမှ…

'ဟိုလေ…မိဝါ ဘယ်အပိုင်းကို သွား… သွားမယ် ပြောသွားသလဲဟင်'

'ဟယ်… ဒီကောင်တော့ ငါမသိဘူး၊ ပြန်တော့၊ တကတည်း ဘယ်လိုကောင်စားမှန်းကို မသိတာ'

ဟောက်ထုတ်လိုက်မှပဲ ခေါင်းကုတ်ဖင်ကုတ်ပြီး ပြန်မယ်လုပ်တုန်း ခြံဝမှာ သူကြီးနဲ့ နက်ကျော်ပေါ်လာတယ်။ ကြာဖြူ တုန်သွားတော့တာ။

'ဟိုက်… နာပြီ'

'ကောင်းတယ်၊ ဖမ်းပါစေတော်၊ အဲ့သမှာ'

'ဟာဗျာ… အရီးကလည်း'

ပြောလည်းပြော ပုဆိုးကို ခေါင်းကောက်ခြုံလိုက်တယ်။ ဒေါ်ပန်းဝါက ပြုံးပြီးပြောတယ်။

'ဟဲ့… ကြည့်စမ်း၊ လူကြီးကို မရိုမသေ'

'ဟာဗျာ၊ ဘောင်းဘီ ပါ,ပါတယ်ဗျ'

အသာလေး မသိမသာ ခြံထဲက ထွက်တယ်။ သူကြီးက တောင်းကြီးကိုင်၊ ပေစောင်းစောင်းကြည့်တယ်။ ဘာမှတော့ မပြော။ ဒေါ်ပန်းဝါ အရောက်မှ ခြံထဲက ထွက်သွားတဲ့ လူကို လှည့်ကြည့် လှည့်ကြည့်နဲ့ နေးတယ်။

'ဟိုကောင် ဘယ်သူလဲဟ၊ မျက်နှာက ဘာဖြစ်နေလို့ ပုဆိုးခြုံသွားတာလဲ'

'ကြာဖြူလေ တော့်ကိုတွေ့လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ကြာဖြူ ဟုတ်လား၊ ဖမ်းဖမ်း၊ အံမယ်… မဖမ်းချင်လို့ ထားတာ၊ ငါ့ခြံထဲ လာဖြောင်တယ်ပေါ့'

ပြောလည်းပြော၊ တောင်းကြီးချပြီး လိုက်မယ်ကြံတော့ ဒေါ်ပန်းဝါက ဆွဲထားတယ်။

'တော်ကလည်း ထားလိုက်ပါတော့၊ ဒီမှာ တော်စားဖို့ ဖရဲသီး လာပို့တာတဲ့'

'ဟင်… ဟုတ်လား'

စားပွဲပေါ်က ဖရဲသီးမြင်မှ ဒေါသတွေ ပျောက်ကုန်တယ်။ စိတ်ထဲမှာလည်း ဒီလိုကျတော့လည်း မဆိုးပါဘူးလို့ တွေးလိုက်သေးတယ်။ ပါးစပ်ကတော့ ပြောသေးတာ။

'ဟွန်း… ငါ့ကိုများ ဖရဲသီးနဲ့ လာဖားသွားတယ်ပေါ့၊ ငါလည်း စိုက်ထားတဲ့ဟာ'

'ဘာလဲ မစားဘူးလား၊ ဒါဆိုလည်း'

'အဟဲ… စားမှာပေါ့၊ စားချင်လို့ အခင်းထဲ လိုက်ရှာတာ တစ်လုံးမှကို မတွေ့တာ၊ ဟိုကောင်အောင်သင်းတို့ ညှံ့ချက်ကတော့ ဘာမှကို သုံးစားလို့ မရတာ၊ မဖြစ်ပါဘူး၊ ကြာရင်ကုန်မယ်၊ ငါဒီညကစပြီး သွားစောင့်တော့မယ်'

'တော်ဟာလေ…. ကိုယ့်တူအကြောင်းလည်း ကိုယ်သိသားနဲ့ ပျောင်း'

နှစ်ယောက်သားထိုင်ပြီး အောင်သင်း အတင်းချနေတုန်း မိဝါ အိမ်ပေါ်က ဆင်းလာတယ်။ ဖရဲသီးကိုတွေ့တော့ မျက်လုံးလေးဝိုင်းပြီး ပျော်သွားတော့တာ။

'ဟယ်… ဖရဲသီးကြီးတော်၊ အဲ့ဒါကြောင့် အဘာရှ်ချစ်တာ'

'အံမယ်…လာပါဦး မယ်မင်းကြီးမရဲ့၊ ထိုင်ပါဦး'

www.burmeseclassic.com



သူကြီးက ရှပ်တည်နဲ့ ခေါ်တာနဲ့ မျက်နှာငယ်လေးနဲ့ သွားထိုင်တယ်။

'နင်မနက်က ထမင်းကို ဘယ်လိုချက်သတုံး အောင်သင်းကတော့ ကောင်းကောင်းကြိမ်းနေတယ်၊ အံမယ်… နင့်ထမင်းကို ခွေးတောင်စားဘူး၊ ဟွန်း…အချိုးက မပြေဘူး၊ မပြေဆို မအေတူတာလေ'

'ဘာပြောတယ်'

ဘေးနားကပြုံးနားထောင်နေတဲ့ ဒေါ်ပန်းဝါ နောက်ပိတ်စကားကြားမှာပဲ အသံဆောင့်အောင့် ထွက်လာတော့တာ။ သူကြီးက ပြုံးပြုံးလေးကြည့်လို့ မိဝါကတော့ ပြုံးနေလေရဲ့။

'တော်ပါတော့ အဘရယ်၊ မနက်က အဟဲ… အိပ်ငိုက်သွားလို့ပါ၊ စိတ်ချ၊ နောက်မဖြစ်စေရဘူး'

'ဟွန်း… ဟုတ်လည်းဟုတ်တယ်၊ နင့်ထမင်းက ငါလည်းစားမရဘူး၊ ပြန်တည်'

'ဟုတ်… အဲ… နေဦး၊ သမီးဖရဲသီး စားချင်သေးတယ်၊ အဘတို့ရော စားမယ်မို့လား၊ ခွဲလိုက်မယ်နော်'

နှစ်ယောက်သား စွေ့ကြည့်နေကြတယ်။ ဘာမှမပြောတာနဲ့ ဖရဲသီးကို ခွဲနေရင်း ပြောသေးတာ။

'သမီး သွားသွားနေတာ ဒီလိုအလုံးမျိုး မတွေ့ပါဘူး'

'ဘယ်တွေ့မှာလဲ၊ ဒါတို့ အခင်းထဲက မဟုတ်ဘူး၊ ကြာဖြူလာပေးသွားတာ'

'ဟယ်'

သူကြီးက ကြာဖြူလို့ပြောတော့ ရှိလိုရှိငြား ပြုံးပြလိုက်ရတယ်။ ဒေါ်ပန်းဝါစွေကြည့်ပြီး မဲ့ရွဲ့သွားတယ်။

'အခု ပြန်သွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



'သြော်'

ပြောလိုက်မှပဲ စိတ်ပျက်လက်ပျက် သြော်ဆိုပြီး မျက်နှာညိုး သွားတော့တာ။

◆ ◆ ◆

ဝေမိုး အိမ်ထဲကို ခြံဝကနေ လှမ်းချောင်းလိုက်တယ်။ ဦးတိုးတို့ လင်မယားကို ရွာထဲမှာတွေ့လိုက်ရတော့ အိမ်ထဲမှာ တိုးတိုးတစ်ယောက်ပဲ ရှိမယ်ထင်ပြီး အခုချောင်းနေတာ။

မီးဖိုခန်း အဝမှာထိုင် ဟင်းရွက်သင်နေတယ်။ ဒါနဲ့ပဲ ခပ်တည် တည် ဝင်မယ်လုပ်ကာမှ ဘေးအိမ်က အဒေါ်ကြီးလာတာတွေ့တာနဲ့ ပြန်ပုန်းနေရတယ်။ ပြောမယ့်သာပြောရတယ်။ ဘယ်လောက်ပဲ ပိရိပါစေ၊ တိုးတိုးတိတ်တိတ် တစ်ရွာလုံး သိကြတယ်ဆိုတာ ဒါမျိုးနေမှာ။

အခုလည်း ခပ်တည်တည်ဝင်သွားလို့ရပေမယ့် မိတိုးရဲ့သိက္ခာက ရှိသေးတယ်။ သူ့အမေ ဒါမှမဟုတ် သူ့အဖေရှိရင် သွားရတယ်။ အခု ဘယ်သူ့မှမရှိတဲ့အချိန် ဘေးလူအမြင်မလှဘူးလေ။

အဒေါ်ကြီးက မိတိုးဘေးထိုင်ပြီး နှုတ်ခမ်းချင်းပွတ်သလို၊ တွတ်ထိုး နေကြတော့တာ။ မဟုတ်မှလွဲရော ဘယ်သူ့အတင်းချနေကြတာလဲ မပြော တတ်။ မိတိုး ခြံဝကို လှမ်းအကြည့်မှာ လူယောင်ထွက်ပြတယ်။ ဒါပေမဲ့ မတွေ့ဘဲ စကားဆက်ပြောနေကြတယ်။

ဟိုတစ်ခါ ကြာဖြူကောင်းမှုနဲ့ စိတ်ဆိုးနေတာ တစ်လကျော်ပြီ။ အခုလောက်ဆို စိတ်ပြေရောပေါ့။ တခြားသာရတာ ဒီကြက်တိုက်တာ ကိုတော့ မိတိုးကလည်း မကြိုက်ပါ။ ငရဲကြီးမယ် ကိုယ့်အလှည့်ကျ ပြန်ခံရမယ်ဆိုပြီး ကြက်တိုက်တာကို ခွင့်မလွှတ်တတ်။

ဝေမိုးကလည်း ဒါမျိုးကျမရ။ ထမင်းသာမစားဘဲ နေနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



သူများတွေကြက်တိုက်လို့မှ မတိုက်ရရင် စားမဝင်။ အခုတော့ တွေ့လည်း တွေ့ချင်၊ စိတ်ဆိုးပြေလောက်ပြီ ထင်တာနဲ့ လာတွေ့တာလေ။

အဓော်ကြာတော့ အဒေါ်ကြီး ပြန်သွားတာနဲ့ ပိုင်ပြီဆို လှမ်း ဝင်မယ် လုပ်တယ်။ ဝင်တွေ့လို့မဖြစ်။ မဓော် သူ့မိဘတွေ ပြန်လာတာ ပဲဖြစ်ဖြစ် တစ်ယောက်ယောက် ဝင်လာတာပဲဖြစ်ဖြစ် မကောင်း။

ခြံဝကနေ အထဲနည်းနည်းဝင်ပြီး ခြံထောင့်ကနေလက်လှမ်းပြ တယ်။ မတွေ့ဘူး။ ဟင်းရွက်ဖန်းကိုမ အထဲဝင်သွားတယ်။ ခဏကြာတော့ ဆီသတ်နံ့နဲ့အတူ ညှော်လာတာ။ ဟင်းချက်နေတာ သေချာလောက်ပြီ။ ခေါင်းကုတ်မိတော့တာ။ သွားရကောင်းမလား ဆက်စောင့်နေရတာ ကောင်း မလား စဉ်းစားနေတုန်း ယောက်မကြီးကိုင် ထွက်လာတယ်။

ဝမ်းသာသွားပြီး အသံလှမ်းပြုတယ်။

'ရွတ်… ရွတ်'

'ဟင်…'

မိတိုးတွေ့သွားပြီး မျက်လုံးဝိုင်းသွားတယ်။ ဒါနဲ့ လက်ယပ်လှမ်း ခေါ်တော့ ယောက်မကို ထောင်ပြီး မွှေပြတယ်။ ဟင်းချက်နေတယ်ဆိုတဲ့ သဘော ပြီးမှ လက်ကာပြတယ်။ ခဏစောင့်ဆိုတဲ့ သဘော။ ဒါနဲ့ပဲ ပြုံးနိုင်သွားတယ်။ တော်သေးတယ်။ စိတ်ဆိုးပြေသွားလို့လေ။

လက်ပြပြီး အထဲပြန်ဝင်ပြေးသွားတာနဲ့ ဟိုဒီကြည့်ပြီး ခြံဝကို ပြန်ထွက်တယ်။ ဘာပဲဖြစ်ဖြစ် ခြံဝမှာဆိုတော့ ပြောတာတောင် အများ ကြီး အပြောမခံရတော့ဘူးလေ။ ခြံတွေက ကျယ်တော့ တစ်အိမ်နဲ့တစ်အိမ် ဝေးကြတယ်။ လယ်ကွင်းထဲရောက်တဲ့ သူရောက်ဆိုတော့ လူကရှင်းတယ်။ ခြံဝကို ကျောခိုင်းပြီး အိမ်ထဲကိုကြည့်နေမိတယ်။ မတွေ့တာကြာလို့လား မသိ။ ပိုလှလာတယ် ထင်မိတယ်။

ထွက်လာနိုးထွက်လာနိုးနဲ့ ငေးနေမိတယ်။ အခုမှ မိတိုးက

www.burmeseclassic.com

www.burmeseclassic.com



လွဲလို့ စိတ်ထဲဘာမှ မရှိပါ။ ကိုယ့်အပေါ် ဘယ်လောက်ပဲဆိုးပါစေ ချစ်တာက ချစ်တာပဲလေ။ သူပြောတာကလည်း ကိုယ့်အတွက် ကောင်းဖို့ပဲလို့ တွေးလိုက်မိတယ်။ အတွေးနဲ့အတူ ငိုင်နေမိတယ်။

မိတိုး မီးဖိုခန်းပေါက်ကနေ ဝမ်းသာပြီးခုန်ဆင်း ခြံဝကိုလည်း ကြည့်လိုက်ရော မျက်လုံးပြူးပြီး အလိုလိုရပ်သွားတော့တာ။

ဝေမိုးကတော့ အတင်းလက်ယပ် လှမ်းခေါ်တယ်။ ဒါနဲ့ပဲ ခေါင်းကို ကုတ်ပြီး လက်ဟန်နဲ့ ပြန်ခိုင်းတယ်။ မရဘူး။ ဓောကပ်နေတဲ့ ဝေမိုးက သူ့နောက်မှာ မျက်နှာမဲကြီးနဲ့ ခါးထောက်ရပ်နေတဲ့ ပေတိုးကို မမြင်။ မြင်ဆို တစ်လောကလုံးကို မေ့နေတာလေ။

မိတိုး အပြေးကလေးလာမယ်မှတ်တာ ပြူးပြဲပြီး ရပ်သွားတာနဲ့ အံ့ဩသွားတယ်။ အဲ··· မလာဘဲ လက်ညှိုးတထိုးထိုး အတင်းပြန်ခိုင်းနေတယ်။

တွေ့ချင်လို့ လာပါတယ်ဆိုမှ ပြန်ခိုင်းတယ်ထင်ပြီး မပြန်ဘူး။ အတင်းခေါ်တယ်။ မလာဘူး။ မျက်လုံးပြူးလေးနဲ့ မီးဖိုခန်းထဲ ဖွေ့ခနဲ ခုန်ဝင်သွားတာနဲ့ လက်ယပ်လျက် တန်းလန်းကျန်ခဲ့တော့တာ။ နောက်က အသံထွက်လာတယ်။

'ခေါ်မနေနဲ့ မလာတော့ဘူး'

'ဟာ···လာမှာပါ၊ ဘာလို့မလာတာပါလိမ့် သူ့အဖေနဲ့ အမေလည်း မရှိဘဲနဲ့၊ ရှိလည်း ခြံဝလောက်တော့ လာရဲပါတယ်၊ ပေတိုးရှိရင်သာ'

'အေး···နောက်မှာ မင်းပထွေးရောက်နေလို့ မလာတာပေ့၊ ဟင်း···'

သတိရပြီး နောက်လှည့်ကြည့်လိုက်တော့ မျက်နှာကြီးရဲနေတဲ့ ပေတိုးကို တွေ့လိုက်ရတော့တာ။ ခဏကြောင်သွားတယ်။ နောက်မှ သွားကို အတင်းဖြဲပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဟီး'

'ဟွန်း… ဟော့ကောင်၊ မင်းဘာလုပ်တာလဲ၊ တောက်… ငါ့ရှေ့ဆို ရှောင်ပါလို့ ပြောထားရဲ့သားနဲ့၊ သွားတော့၊ မင်းတော့ကွာ'

ဒါနဲ့ပဲ မျက်နှာပူပူနဲ့ ပြန်ခဲ့ရတော့တာ။ စိတ်ထဲမှာလည်း ဘော်ဒါအချင်းချင်းရဲ့ ညီမကို ချစ်မိတာ တယ်ဆိုးပါလားတွေးပြီး ညစ်သွားတော့တာ။ လယ်တောထဲပဲ ပြန်သွားရမှာ။ ထန်းတောထဲ သွားထိုင်လို့လည်း ဖအေလုပ်သူရဲ့ လက်သီးကပြင်းတော့ မသွားရဲ။

◆ ◆ ◆

မိဝါ ထမင်းတောင်းကိုရွက်ပြီး ဖရဲခင်းထဲဝင်လာတယ်ဆိုရင်ပဲ အောင်သင်းမျက်နှာ မာသွားတယ်။ အဲ… နောက်ကကပ်လျက် နက်ကျော်ကြီးကို မြင်မှ ပြန်ပြုံးသွားတယ်။ ထမင်းတောင်ကို ဝိုင်းချရင်း …

'အဟား… နက်ကျော် ကောင်းမှုနဲ့ ဒီနေ့လယ်တော့ ထမင်းစားကောင်းဦးမှာ၊ ဟား… ဟား… အဲ…နေဦး မိဝါ၊ နင်မနက်က ထမင်းတွေထည့်လာသေးလား၊ ဟင်း… ထည့်လာလို့ကတော့ နာပြီမှတ်'

နက်ကျော်ကို လှည့်ချီးမွမ်းပြီး တစ်ခါ မိဝါကို လှည့်မာန်လိုက်ပြန်တယ်။ မိဝါကတော့ ဂရုကိုမစိုက်တာ။ ပြောတဲ့စကားကိုလည်း ကြားပုံမရ။ အတော်လှမ်းလှမ်းက ကြာဖြူတဲဘက်ကိုကြည့်ပြီး မျက်နှာငယ်လေးနဲ့ ပြောတယ်။

'ကိုကြီး အောင်သင်း မစားနဲ့ဦးဟာ၊ ကြာဖြူကို ခေါ်ပေးဦး၊ ပြီးမှစား'

'ဘာ…မသိဘူး၊ နင်တွေ့ချင် သူ့ဆီသွား၊ ငါမိုက်ဆာနေပြီ'

'သွားပါဟာ၊ ပြန်လာမှစားလို့… ငိုမှာနော်'

'ငိုချင်ငို မငိုချင်နေ၊ အံမယ်… အတော်ဖြစ်နေတယ်ပေါ့၊ ဟွန်း… ငါ မပြောလိုက်ချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မိဝါ မျက်နှာလေးငယ်သွားပြန်တယ်။ ဒီလိုကျပြန်တော့လည်း အောင်သင်းတို့ မနေနိုင်ပြန်။ ထမင်းထည့်ဖို့ ပြင်နေတဲ့ လက်ကို ရုတ်ပြီး ဖွေ့ကြည့်တယ်။

'သွားပါ… ကိုကြီးအောင်သင်းရယ်၊ ကြွက်သားကို ရှယ်ချက်လာတယ်၊ အဟဲ… သွားနော်'

'ဟွန်း… ရုပ်ကိုက လိုတစ်မျိုး၊ မလိုတစ်မျိုး'

ပြောလည်းပြော၊ ပေစောင်းစောင်းနဲ့ ကြာဖြူတဲဘက်သွားတော့တာ။ ပြောသာပြောရတယ်။ အောင်သင်းက မိဝါကို ချစ်တော့ အလိုလိုက်တာ။ ဒါကြောင့်လည်း မိဝါက ဆိုးနေတာ အခုပဲကြည့်။

'ဟွန်း… ငါကတော့ ထမင်းလာပို့တဲ့ အချိန်လေးများ လမ်းက စောင့်နေမလားဆိုပြီး အေးဘီကိုကြည့်လာရတာ လည်ပင်းတောင်ဆုံလည်လို ဖြစ်နေပြီ၊ သင်းက နေနိုင်တယ်၊ တွေ့မယ်လာပေ့စေ'

တစ်ယောက်တည်းထိုင် ပွစိပွစိနဲ့ အသားကုန်တင်းနေတော့တာ။ နက်ကျော့တတော့ ခွေအိပ်နေတယ်။

'သေချာပြီ၊ သင်း ဒါလောက်နေနိုင်တာ တခြားတစ်ယောက်ရှိလို့နေမယ်၊ လာပေ့စေ ပြတ်အောင်လိမ်ပစ်မယ်၊ နားရွက်ကို ဟွန်း… သေပြီမှတ်'

တစ်ဆက်တည်း စိတ်ဆိုးခြင်းနဲ့အတူ သဝန်ကြောင်နေပြန်တယ်။ မကြာပါဘူး။ ပြန်လာတဲ့ အောင်သင်းကို လှမ်းတွေ့ရတယ်။ ထမင်းကလည်း ဆာတော့ အပြေးကို ပြန်လာတာ။ မိဝါမျက်နှာလေး ဝင်းသွားတယ်။ တပျောပျော၊ တဟဲဟဲ ပြန်လာတဲ့ အောင်သင်းကို မေးတယ်။

'ကိုကြီးအောင်သင်း၊ လာပြီမို့လား'

'တွေ့ခဲ့ရဲ့လား၊ ဘာပြောလိုက်လဲ၊ အခုလာမယ်တဲ့လား၊ ယို… မြန်မြန်လာလို့ ပြောခဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ရှုပ်နေတာပဲဟာ၊ မောပါတယ်ဆိုမှ'

မေးခွန်းပေါင်းကို စုံနေအောင် မေးတာနဲ့ပဲ၊ မောမောပန်းပန်း ထိုင်ချလိုက်ကာ…

'ဟူး… မတွေ့ခဲ့ဘူး၊ အဲ့ဒီမှာ တဲလေးတဲလုံး တစ်ယောက်မှကို မတွေ့တာ၊ ဒီကောင်တွေ ထမင်းပဲ ပြန်စားသလား၊ ထန်းတောထဲပဲ သွားလား မသိဘူး၊ ကဲ… စားပြီ'

'အဟင့်…ဒုက္ခပဲ'

မိဝါ ပြန်မှိုင်သွားပြန်တယ်။ အောင်သင်းလက်ဆေး ပန်းကန်ထဲ ထမင်းတွေ၊ ဟင်းတွေပုံပြီး စားတယ်။ ကြွက်သားကို ငရုတ်သီးခြောက် နိုင်နိုင်နဲ့ ချက်ထားတာများ အောင်သင်းစားလိုက်သမှ ခေါင်းကိုမဖော်။ နက်ကျော်အတွက် အရိုးတွေစုပြီး ပုံထားတယ်။

'ဟွန်း… ဘယ်သွားသေနေလဲ မသိဘူး၊ မဖြစ်ပါဘူး၊ ညနေဆို အဘလာမှာ၊ ကိုကြီးအောင်သင်း စားပြီး တစ်ခေါက်သွား'

'ဘာ… အု… အိ…'

စားနေတဲ့ ထမင်းတောင် နင်သွားတော့တာ။ ဒါနဲ့ပဲ အချဉ်ဟင်းတို အမြန်သောက်ပြီး မျှောချလိုက်ရတယ်လေ။

◆ ◆ ◆

ပေတိုးက မီးဖိုခန်းဝမှာ နှုတ်ခမ်းချွန်ပြီး ထိုင်နေတဲ့ ညီမကို ခွေ့ကြည့်တယ်။ ချစ်လို့ အလိုလိုက်ထားတော့ ဘယ်လိုမှ ပြောမနိုင်၊ ဆိုမနိုင်။ ဘာမှ မပြောတော့ဘူး။ ပြောလည်း ထူးမှာမှမဟုတ်တာ။ ဒါနဲ့ပဲ ထိုင်ခုံဝင်ထိုင်ပြီး ညင်ညင်သာသာပြောတယ်။

'ညီမလေး၊ ကိုကြီးဗိုက်ဆာပြီကွာ၊ ထမင်းထည့်ခဲ့၊ ဘာဟင်း ချက်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'မုံလာရွက်နဲ့ ငါးချက်တယ်'

'ဟား… ဒီနေ့တော့ ထမင်းစားလို့ကောင်းပြီ၊ ငါ့ညီမက တကယ် တော်တာ၊ အဟဲ…'

ဘာမှမပြောတော့ဘူး။ ထမင်းတွေ၊ ဟင်းတွေ ခူးခပ်ပြင်ဆင် ပေးနေတယ်။ တူးနေတဲ့ ဟင်းတွေကို ကြည့်ပြီး အံ့သြသွားတော့တာ။

'ဟင်… ငါ့ညီမကတော့ လုပ်ချလိုက်ပြန်ပြီ၊ တစ်ခါမှ ဒီလို မဖြစ်ဖူးပါဘူး'

'သြော်… အစ်ကိုကြီးရယ်၊ တစ်ခါတလေတော့လည်း ဖြစ် မှာပေါ့'

'ဟွန်း… ဟုတ်မှာပေါ့'

သိသိကြီးနဲ့ မသိယောင်ဆောင်ပြီး မျက်စောင်းထိုးလိုက်တော့ တယ်။ စိတ်ထဲမှာလည်း ဝေမိုးကို ဖနှောင့်နဲ့ အကြိမ်ပေါင်းများစွာ ပေါက် နေတော့တာ။

မိတိုးက အပေါက်ဝသွားပြီး ထိုင်ငိုင်နေပြန်တယ်။

'ညီမလေး တစ်ခါတည်း မစားဘူးလား၊ လာစားလေ'

'စားဘူး၊ သူများ ရင်ပြည့်နေတယ်'

'ဟွန်း… ဟုတ်မှာပေါ့'

သိသိကြီးနဲ့ မသိဟန်ဆောင်ပြီး ဆက်စားနေတယ်။ စိတ်ထဲမှာ ဝေမိုး မျက်နှာကို ဖြတ်ဖြတ်ရိုက်နေတာ အကြိမ်ပေါင်း မနည်းမနောပင်။ ထမင်းစားရင်း ညီမကို အကဲခတ်နေတယ်။ စိတ်ထဲမှာလည်း ရိုးမှုရိုးရဲ့ လားပေါ့။

'ညီမလေး မှိုင်လှချည်လား၊ နေမကောင်းဘူးလား၊ ဘာဖြစ် နေတာလဲ၊ ကိုကြီးကို ပြောနော်'

'ဟုတ်တယ်၊ ကိုကြီးရဲ့ အစကတော့ အကောင်း၊ ဟိုစောက မှ ရင်တုန်ပြီး အခုခေါင်းနည်းနည်း ကိုက်လာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… ဟုတ်မှာပေါ့'

သိသိကြီးနဲ့ မဟိဟန်ဆောင် ထမင်းဆက်စားနေတယ်။ ဘာမှ မဟုတ်လို့ တော်သေးတာပေါ့လို့ တွေးနေပြန်တယ်။ အဲ… စိတ်ထဲမှာတော့ ဆမိုးကို လက်သီးနဲ့ တခွပ်ခွပ်ထိုးနေတော့တာ။ လျှာကရှည်သေးတယ်။

'ညီမလေး ရွာထဲသွားချင်သွားလေ၊ အမေတို့ ပြန်လာတဲ့အထိ အစ်ကိုစောင့်နေမယ်၊ သွားချင်သွား'

ကြံဖန်ပြီး ချော့နေတာလေ။ ဟိုက စွေ့ကြည့်တယ်။ ပြော သေးတယ်။

'စောစောကတော့ သွားမလို့ပဲ၊ အခုတော့ သွားတော့ဘူး၊ ဟွန်း… အကျင့်ပုတ်တွေရှိနေတော့ သွားလည်း အလကားပဲ'

'အန်… ဟင်း… ဟုတ်မှာပေါ့'.

'ဟွန်း… သွား အိပ်တော့မယ်၊ ဘာမှန်းကို မသိဘူး၊ ရှုပ်ကို ရှုပ်တယ်'

'ဟင်'

ပြောပြီး ခြေဆောင့်ကာ အပေါ်ထပ်ကို တက်သွားတယ်လေ။

'ဟွန်း… ဟုတ်မှာပေါ့၊ ငါနော်'

သိသိကြီးနဲ့ မသိဟန်ဆောင်ပြီး ထမင်းဆက်စားနေရတယ်။ စိတ်ထဲမှာလည်း ဝေမိုးကို ဓားနဲ့ အချက်ပေါင်းများစွာ ထိုးနေတာ။

ဒေါသစိတ်နဲ့ အရိုးကို ဖိဝါးလိုက်တယ်။

'အား…ဟား… သေပါပြီဗျ'

သွားဖုံးမှာ ငါးရိုးစူးပြီးသကာလ အသားကုန်အော်လိုက်ရတော့ တယ်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ကပ္ပိယဦးထော် ကျောင်းပေါက်ဝ ထိုင်မှိုင်နေတယ်။ ရွာထဲက ဆွမ်းတွေတော့ ပို့ပါတယ်။ ဆရာတော်ကြီးက အသားမစားတော့ သူပါ ရှောင်တော်နေတယ်။ အဲ···အကြော်နဲ့ မွှေးထားတဲ့ ကြက်သုံးကောင်ကလည်း ကြာဖြူတို့ လက်ချက်နဲ့ ကုန်ပြီဆိုတော့ ဘာမှမရှိတော့။

ဒါပေမဲ့ အခုလောလောဆယ် ရာသီစာ ဖရဲသီးတို့ ပြောင်းဖူးတို့ကို အတော်စားချင်နေတာ။ အခုမှ ဖရဲဆို မှည့်မလို့နေတုန်း။ ပြောင်းဆို ရင့်မယ်ကြံတုန်းရှိသေးတော့ ဘယ်သူမှ လာမလှူကြဘူးလေ။

ဒါနဲ့ပဲ ထိုင်ငိုင်နေတော့တာ။ ဒီတုန်းမှာပဲ ရွာဘက်ကနေ လျှောက်လာတဲ့ အောင်သောင်းကိုတွေ့ရတယ်။ ဒီတော့မှာ ပြုံးသွားတယ်။ ဘာပဲဖြစ်ဖြစ် အောင်သင်းတို့နဲ့ ပေါင်းတာ အကောင်းဘက်ကပဲလေ။

'ဟာ၊ ကပ္ပိယကြီး မှိုင်လှချည်လားဗျ အဟဲ··· ရော့··· ခင်ဗျားအတွက် ကျုပ် ယူလာတာ၊ ဝက်သားဟင်း'

'ဟင်··· ဂလု··· ပေး'

သွားရည်ကို အနိုင်နိုင်သိမ်းရင်း လွယ်အိတ်ထဲက အိတ်နဲ့ထုပ်ထားတဲ့ ဟင်းအိတ်ကို လှမ်းယူတယ်။ စိတ်ထဲမှာလည်း ဒီမင်.စားကောင်းပြီလို့တွေးတယ်။ ဆရာတော်ကြီးက ကိုယ်တိုင်သာ အသားမစားတာ



www.burmeseclassic.com

www.burmeseclassic.com



ခြားသူတွေကိုတော့ စားချင်စားခွင့်ပေးထားတယ်။ အဲ... ဦးထော် ဆရာတော် ရှေ့မှာတော့ မစား။ ကွယ်ရာကျမှ ခိုးစားတာလေ။

'အောင်သောင်း ဒါအသာထား၊ ငါ ခုတလော ဖရဲသီးတို့၊ ပြောင်းဖူးတို့စားချင်တာအရမ်းပဲ၊ ဟိုကောင်တွေဆီမှာလည်း မဝယ်ချင်ဘူး၊ ဒါ မင်းဝယ်ပေးစမ်းပါဦး'

'ဟာ... ဦးထော်ရာ၊ ဖရဲသီးလောက်စားချင်တာများ ပိုက်ဆံ ကုန်မခံနဲ့ ကျုပ်တို့ရှိတယ်ဗျ၊ အောင်သောင်း ရုပ်တည်နဲ့လက်မထောင် ပြောတာနဲ့ ဦးထော် ဝမ်းသာသွားတော့တာ'

'ဘာလဲ၊ မင်းတို့စိုက်ထားလို့လား၊ ဟား... ဝမ်းသာလိုက်တာ ကွာ၊ ပိုက်ဆံမကုန်တော့ဘူးပေါ့'

'ဘယ်ကလာ၊ ကျုပ်မစိုက်နိုင်ဘူးဗျ၊ အရင်းကကြီးသလို ချောင်း လည်း ဝေးတယ်'

'ဟွန်း... ဒါနဲ့များ'

မဲ့ရွဲ့ပြောတာနဲ့ပဲ ဦးထော်မျက်နှာ ရှုံ့တွသွားတယ်။ မကျေမနပ် နဲ့ အောင်သောင်းကို စွေကြည့်တော့။

'ဒီလိုဗျ၊ ဒါလောက်ဟာလေးနဲ့ ပိုက်ဆံမကုန်ပါဘူး၊ ညကျရင် ဆယ်နာရီလောက်သာ ထွက်ခဲ့'

'ဟင်... ဘာလုပ်မလို့လဲဟ'

'ဟာ...ဦးထော်ရ၊ ညံ့လိုက်တာ၊ ကျုပ်တို့သွားခိုးစားကြမလို့ လေ'

'ဟာကွာ... ငါက ဘုန်းကြီးကျောင်းနေတာဟ၊ ပြီးတော့ ခိုးတာ ဝှက်တာကိုလည်း ဘုရားမကြိုက်ဘူးဟ'

အောင်သောင်းက စိတ်ပျက်တဲ့ပုံစံနဲ့ ကြည့်ပြီးပြောတယ်။

'စိတ်ချ၊ ဦးထော် မခိုးရဘူး၊ အဖော်ပဲလိုက်ခဲ့၊ ကျုပ်တို့ ခင်း ထဲဝင်တဲ့အခါ အပြင်မှာနေ၊ လိုရမယ်ရ လူစောင့်ပေးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဘာမှမထူးပါဘူးကွာ၊ နိုးတာပဲ'

'ကဲ… ဒါဆိုလည်းသဘောပဲ၊ စားချင်လိုက်ခဲ့၊ မစားချင် မလိုက်နဲ့၊ ကျုပ်သွားပြီ'

ပြောပြီး အောင်သောင်းရွာအကဲ ပြန်သွားတယ်။

ဦးထော်ကျောင်းပေါက်ဝမှာ ထိုင်ကျန်ခဲ့တယ်။ စိတ်ထဲမှာလည်း ညကျရင် သွားရကောင်းမလား။ မသွားရကောင်းမလား တွေးရင်း အကြ အိုက်နေတယ်။ ခဏကြာမှ ဆုံးဖြတ်ချက်ချပြီး ကျောင်းထဲဝင်သွားတော့ တာ။

◆ ◆ ◆

ကြာဖြူ ချောင်းကမ်းနဖူးထိုင်ပြီး စိတ်ညစ်နေတယ်။ ထမင်း နေ့လယ်ပြန်စားတဲ့အချိန် မိဝါကို လိုက်ရှာတာ ဘယ်လိုမှမတွေ့။ အဆက် အသွယ်ပြတ်နေတာ တစ်လကျော်ပြီဆိုတော့ ဘာလုပ်တယ်၊ ဘယ်သွား တယ်ဆိုတာလဲမသိ။

ဒီတော့ အိမ်မှာအပိုင်ရှိမှာပဲဆိုပြီး သွားတယ်။ မတွေ့ဘူး။ ရွာထဲပတ်ရှာတော့လည်း နီးပဲ။ တကယ်တော့ ရွာထဲပတ်ရှာတဲ့အချိန် မိဝါ က လယ်ထဲရောက်။ ဟိုက တစ်ခါ ပတ်ရှာပြန်တယ်။ ကြားထဲက အောင်သင်းက ဟိုပြေးဒီပြေးနဲ့ ထွေးခါးနာတယ်ဆိုတာ ဒါမျိုးဖြစ်မှာ။

ကြာဖြူ လယ်ထဲပြန်လာတဲ့အခါ မိဝါက ရွာထဲပြန်ရောက်နေ ပြန်တာလေ။ တခြားအချိန်ဆို ဘယ်ပြေးပြေးရှာနိုင်တယ်။ အခုတော့ အလုပ်ကတစ်ဘက် ဒီတော့ အားတဲ့အချိန်မှပဲ ရှာလို့ရတာလေ။ ကမ်းနဖူး ကနေ သောင်ခုံထဲဆင်းပြီး ပက်လက်လှန်နေတော့တာ။

'ဟင်… ငါမှာတော့ လွမ်းလို့၊ သူကတော့ နေနိုင်လိုက်တာ ရက်စက်လိုက်တာ မိဝါရယ်၊ အဟင့်…'



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ကောင်းကင်ကို ကြည့်လွမ်းနေတာ။ ညနေခင်းရဲ့ ကောင်းကင်က ကာလာစုံဒီဇိုင်းစုံနဲ့ လွမ်းစရာကောင်းနေပြန်တယ်။ မျက်လုံးကို မှိတ်လိုက်တယ်။ စိတ်ထဲမှာတော့ မိဝါပဲ ရှိနေတာ။ ခြေသံလိုလို ကြားရလို့ မိဝါများလား ထင်မိတယ်။ အနားလာရပ်လို့ ကမန်းကတန်း ငုံ့ကြည့်တော့။

'ဟင်...'

'အဟီး ငါ.'

ဝေမိုး မျက်နှာကြီးကို ငုံ့ကြည့်လျက်သား တွေ့ရတော့တာ။ အသက်မပါဘဲ သွားဖြဲပြတယ်။

'မင်း ဘာလုပ်နေတာလဲကွ'

'စိတ်ညစ်လို့ကွာ၊ ရွာထဲပြန်ပြီး ငါ့ဟာလေးကိုရှာတာ မတွေ့လို့ဟ'

'ဩော်... ငါလည်း ညစ်လာတယ်၊ မင်းလိုပဲ စကားလေးဘာလေး ပြောရမယ် မှတ်တာ၊ ပေတိုး ပြန်လာတာနဲ့ တိုးပြီး'

စိတ်ပျက်လက်ပျက် မျက်နှာကိုမဲ့ ခေါင်းကိုယမ်းလိုက်တယ်။ ကြာဖြူက ပြုံးသွားတယ်။ ပေတိုးက ပေါင်းနေပေမယ့် လေးနှစ်လောက်ကြီးတာ။ ကြာဖြူတို့သုံးယောက်က မိဝါတို့နဲ့မှ အသက်အတူတူ သူ့အစ်ကိုနဲ့က သူငယ်ချင်းပေါင်းပေါင်းပြီး သူညီမနဲ့ ရည်းစားဖြစ်နေတော့ ခက်တာပေါ့။ ဒါပေမဲ့ ပေတိုးက ဘော်ဒါက ဘော်ဒါ။ ကိစ္စတစ်ခုစီ ခွဲထားတယ်။ သူ့ရှေ့ဆို ရှောင်ရမယ်လို့ ကြိုပြောထားလေတော့။

'ကဲ... လာကွာ၊ ငါ သုံးလုံးဆွဲလာတယ် စောစောစီးစီး ချကြမယ်'

ဝေမိုးက လွယ်အိတ်ကို ပုတ်ပြောတော့ ထလိုက်ကာ တဲဘက်ကို လျှောက်လာရင်း...



www.burmeseclassic.com

www.burmeseclassic.com



'ဟိုနှစ်ကောင်ကို မစောင့်တော့ဘူးလား'

'ပေတိုးက နေ့ခင်းက ကိစ္စနဲ့ မျက်နှာပူပြီးလာမှာ မဟုတ်ဘူး မင်းမောင်ကလည်း ဒီည မယ်လှဆီ သွားလိမ့်မယ်'

'အံမယ်··· ကောင်းတယ်၊ ဒီကောင်ပဲ လွတ်လွတ်လပ်လပ် ငါတို့မှာတော့၊ တောက်··· အမူးသောက်ပစ်မယ်'

နှစ်ယောက်သား ဖရဲသီးမှည့်တစ်လုံးကိုခူးပြီး တဲပေါ်တက် လာခဲ့တယ်။ နေဝင်ပြီဆိုတာနဲ့ အတော်ထွားလာတဲ့ လခြမ်းပြည့်ပြည့်က ထွက်လာတော့တာ။ ပတ်ဝန်းကျင်မှာတော့ ဖုန်တွေရစ်သိုင်းမှုန်မှိုင်းနေ လေရဲ့။

◆ ◆ ◆

အောင်သင်း စိတ်ညစ်နေတယ်။ မိုးချုပ်ကာနီးကတည်းက သူကြီး နှစ်လုံးပြူးဆွဲပြီး တဲကို ရောက်လာလို့လေ။ ထမင်းကို စိတ်မပါတ စားနေရင်း ဒီညတော့ သွားပါပြီလို့ တွေးနေတော့တာ။

သူကြီးက ကင်းထဲပေါ်တက် ပတ်ဝန်းကျင်ကို ပတ်ကြည့်နေ တယ်။ ဖရဲတဲတွေ တစ်ခုနဲ့ တစ်ခုမဝေးကြ။ ဒါပေမဲ့ သူကြီးထဲ့က နည်းနည်းဝေးပြီး တခြားဖြစ်နေတယ်။

အနီးဆုံးက ပေတိုးတဲ ပြီးတော့ မင်းမောင်။ နောက်ကြာဖြူတဲ၊ ဟိုဘက်အဆုံးမှာ ဝေမိုးတို့တဲ။ ဒီတော့ ခိုးချင်တဲ့လူက ဒီကိုပဲ လာခိုး တော့မှာပေါ့။ ကြာဖြူတို့က တော်သေးတယ်။ အောင်သင်းတို့ ပျင်းချက် ကတော့ အခင်းပါ ပျက်တော့မယ်လေ။

ပါးစပ်ထဲ ကွမ်းယာပစ်ထည့်ဝါးရင်း နှစ်လုံးပြူးကို အဝတ်စနဲ့ ပွတ်။ ကျည်ဆံတွေကို စစ်နေလေရဲ့။ အောင်သင်းက မျက်နှာသေလေးနဲ့ တက်လာပြီး လှဲမလို့ လုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်... အဲ့ဒါ ဘာလုပ်တာလဲကွ'

'ဟိုလေ ... အဟဲ... ခဏလှဲမလို့၊ မအိပ်ပါဘူး ဘကြီး သူကြီးရဲ့'

ငေါက်ငမ်းနေတာနဲ့ မျက်နှာချိုသွေး ဆင်ခြေပေးတယ်။ သူကြီး က ရုပ်ကိုမာကာ။

'မရဘူး၊ အခုပြန်ထ၊ လှဲကိုမလှဲနဲ့၊ ငါလည်း မလှဲဘူး'

'ဟာဗျာ... မလှဲဘဲတော့ နေနိုင်မလားလို့၊ လူပဲဟာ'

'လျှာမရှည်နဲ့၊ တိုင်ကိုမှီနေ၊ ဒါပဲ'

'အဟင့်...'

မျက်နှာ အနေအထားကိုကြည့်ပြီး ပြောတဲ့အတိုင်း တိုင်ပဲမှီနေ ရတော့တာ။ စိတ်ထဲမှာလည်း ဂျပန်ကင်ပေတိုင်ရုံးရောက်နေတယ် မှတ်နေ တာ။ ကျပ်တာ ပြောပါတယ်။

မှောင်လာပြီဆိုတာနဲ့ အအေးဓာတ်ဝင်လာတယ်။ သူကြီးက တဘက်ကို ခေါင်းပေါင်း ငွမ်းစောင်ကြီးကိုယ်ကို ပတ်ထားလိုက်တယ်။

အောင်သင်း မျက်နှာသေလေးနဲ့ ခေါင်းအုံးလေးဖက်ကာ စောင်ကို ခြုံလိုက်တယ်။ စိတ်အတော်ပျက်နေတော့တာ။ အဲ့... ဒါပေမဲ့ သူကြီး ကလူကြီးဆိုတော့ အလွန်ဆုံးစောင့်နိုင်လှ နှစ်ညပေါ့လို့ တွေးမိပြီး ပြုံးလိုက် မိတယ်။

◆ ◆ ◆

'စိတ်ညစ်တယ်... မပျော်ဘူး၊ အဟင့်'

'ဟာ... စိတ်ညစ်ပါတယ်ဆို၊ ဘယ်လိုလုပ်ပျော်မှာလဲ'

မူးလာလို့ အာလေးလျှာလေးသံနဲ့ ပြောတော့ ဝေဝိုက ဝင် ဖျက်တယ်။ ဒါနဲ့ပဲ...



www.burmeseclassic.com

www.burmeseclassic.com



'မင်းမသိပါဘူး ဝေမိုးရာ၊ သူကငါ့ကို ရက်စက်တယ်၊ မင်းပဲ စဉ်းစားကြည့်၊ အခုပဲတစ်လကို နှစ်ရက်စွန်းနေပြီ၊ ငါ့ကိုလာမတွေ့ဘူး'

'ဘာ… လာလာချည်သေးရဲ့၊ ဟိုကပဲ မင်းဆီလာရမယ်၊ အဟား… မှတ်တောင်ထားပြီး ထွက်တောင်ပြေးရဦးမယ်၊ ဝါးဟား'

ပြောနေတဲ့ဝေမိုးကို စွေ့ကြည့်လိုက်တယ်။ အရက်တစ်လုံးပဲ ကုန်သေးတယ်။ မြင်နေရတာ ဝေမိုး သုံးလေးယောက်ဖြစ်နေပြီ။

'ဟာ… ငါမှ မအားတာ၊ ကိုကြီးအောင်သင်းနဲ့ နည်းနည်း ပါးပါး မဆက်သွယ်ဘူး၊ ဟွန်း… ငါ့မှာလည်း မာနနဲ့ပါကွ'

'အော့… ကြာဖြူ၊ မင်း မူးနေပြီလား၊ ဒါဆို အိပ်တော့ကွာ၊ စ,မယ့်စ မင်းက စ,ရမှာ၊ သူက မိန်းကလေးကွ၊ မင်းကွာ… ယောကျ်ား ကြီးတန်မဲ့ လာနွဲ့နေတယ်'

'ဘာ'

အသံဆောင့်အောင့်ထွက်သွားတော့တာ။ အရက်ခွက်ကို မော့။ ဆောင့်ချပြီး ဖရဲသီးအရည်ကို ဇွန်းနဲ့ခပ်သောက်တယ်။ ပါသွားတဲ့ အစေ့ တွေကိုလည်း ဝါးစားပစ်လိုက်တော့တယ်။ ပြောသေးတယ်။

'ဩော်… မင်းက သူ့ဘက်ကနာတယ်ပေါ့၊ တကယ်တော့ တို့ယောကျ်ားလေးတွေက အခံဘက်ကချည်းပဲကွ'

'အမ်… ကြာဖြူ မင်းမူးနေပြီ၊ အိပ်တော့ကွာ'

'အု… ငါမူးဘူးကွ၊ မင်းစဉ်းစားကြည့်၊ ငါတို့က ရည်းစား စကားလည်း စ,ပြောရသေးတယ်၊ အဲ… တောင်းလည်းတောင်းယူရတာ၊ ပြီးတော့ ရှာလည်း ကျွေးရသေးတာ၊ အော့… တွေးကြည့်၊ အခံဘက် ချည်းပဲ၊ သူတို့က စ,ပြောရမှာကွ၊ တကယ်တော့ တို့တွေက ဆူးဒေါ် ဖက်ကျလည်း ဆူးပဲကျိုး၊ အဲ… ဖက်ပေါ်ဆူးကျလည်း ဆူးပဲကျိုးတာ ကွ၊ နော်'



www.burmeseclassic.com

www.burmeseclassic.com



ဝေမိုးကို ကြည့်လိုက်တော့ ဆူးကတော့ ကျိုးမကျိုးမသိ။ သူကတော့ ကျိုးသွားပြီ။ အဲ… အရက်ပုလင်းကိုတော့ မလဲအောင် ကိုင်ထားသေးတာ။ လူသာလဲချင်လဲ ပုလင်းတော့ အလဲကို မခံတာ။

'ဟင်… သူတောင်းစား ငါကတော့ ပြောလို့၊ အံမယ်… ငါ့ကိုတော့ ပြောတယ်၊ မူးရင်အိပ်တော့တဲ့၊ အဟား…သူကလဲသွားပြီ'

ပြောလည်းပြော၊ အရက်ပုလင်းကို လှမ်းဆွဲလိုက်ရင်း မှောက်ခုံကြီး လဲသွားတော့တာ။ အရက်ပုလင်းကို ကိုင်လျက်။ မသိရင် အရက်လုသောက်နေတာလို။ လူတွေကတော့ ကျိုးသွားပြီ။

♦ ♦ ♦

ဆရာတော်ကြီး အိပ်ပြီဆိုတာနဲ့ ကျောင်းပေါ် မီးရောင်ပျောက်သွားပြီ။ ဆွမ်းစားကျောင်းပေါ်ကနေ လှည်းကြည့်နေတဲ့ ဦးထော် ပြုံးလိုက်တယ်။ အချိန်က ညကိုးနာရီခွဲ။ ဒါနဲ့ပဲ ပြုံးလိုက်တော့တာ။ ရွာကိုနာရီဝက်လောက်လျှောက်ရမှာဆိုတော့ မီးကိုမှုတ်ပြီး သတ်လိုက်တယ်။ ပြီးမှ ဆွမ်းစားကျောင်းပေါ်က အသာဆင်း ကျောင်းဝင်းတံခါးကို အပြင်ကနေ သော့ခတ်ကာ ရွာဘက်ကို သွားလိုက်တယ်။

♦ ♦ ♦

အောင်သောင်းအိမ်က ရွာအစွန်နားမှာ။ အခု ရာကျော်နဲ့ ဒေဝရောက်နေပြီ၊ အချိန်က ဆယ်နာရီနီးနေတော့ ဒေဝက စိတ်မရှည်တဲ့ လေသံနဲ့ ပြောတယ်။

'မင်းကပ္ပိယကြီးက လာရောလာမှာလား၊ တော်ကြာ နောက်ကျနေဦးမယ်'

'လာမှာပါကွာ၊ ဒီလူကြီးက ဒါမျိုးဆို ဝါသနာထုံတာပါတာ၊ မလာဘဲကို မနေဘူး'



www.burmeseclassic.com

www.burmeseclassic.com



အောင်သောင်းကလည်း မလျှော့ဘူး။ ဒါနဲ့ပဲ သုံးယောက်သား ခြံဝကို ကြည့်နေတယ်။ အောင်သောင်းက အောက်မှာ အိပ်တယ်။ သူ့အဖေ၊ အမေနဲ့ ညီမက အိမ်ပေါ်ထပ်မှာ။

'အံမယ်... ဒီလူကြီးက ဘုန်းကြီးကျောင်းနေလို့ပဲ၊ ရွာထဲမှာသာ နေလို့ကတော့ မလွယ်ဘူး၊ ငယ်ငယ်က ဘယ်လောက်ဆိုးခဲ့တယ် ဆိုတာ'

'ဟုတ်တယ်ဝါ၊ အခုတောင် ဘုန်းကြီးကျောင်းကပ် ပိပိပြီး ရရနေတာ ဒါကြောင့် ကပ္ပိယဖြစ်နေတာ၊ ဟွန်း... နေရာတကာ သူပါတာ'

ရာကျော်တို့ သုံးယောက်သား အတင်းချနေကြတယ်။ ခြံဝကို ချောင်း ခဏခဏကြည့်နေတယ်။

အရင်အခေါက်တွေတုန်းက အောင်သင်းဆီက အလွယ်ရနေတော့ အရက်ခေါက်ကိုလည်း အပိုင်တွက်ထားတယ်။ ယူစရာ ထွေထွေထူးထူး မရှိပါ။ ဘောင်းဘီတိုဝတ် ပုဆိုးကွင်းသိုင်းသွားပြီးပြီ။ ရသလောက်သာ ပုဆိုးထဲ ထည့်ခဲ့ရုံပဲ။

သုံးယောက်သား လရောင် မပြတပြအောက်မှာ ခြံတံခါးကို ကြည့်နေကြတယ်။ ခိုးစားရတာ ပျော်စရာကောင်းသလို၊ စားလို့လည်း ကောင်းတာ။ ဝယ်စားတာနဲ့လည်း မတူ။ တောင်းစားတာနဲ့လည်း မတူ အတော် အရသာကောင်းတာ၊ ဒီလိုအရသာမျိုးက ခိုးစားမှရတဲ့ အရသာမျိုးလေ။

နာရီကြည့်လိုက်တော့ ဆယ်နာရီကို အတော်စွန်းနေပြီ စိတ်မရှည်တဲ့ ရာကျော်က ပြောတယ်။

'ဒီလူကြီးကလည်း ကြာလိုက်တာ၊ လာကွာ... သွားကြမယ်၊ စောင့်တော့ဘူး'

'ဟုတ်ပါ့ကွာ'

ဒေဝကလည်း ထောက်ခံတာနဲ့ အောင်သောင်း ထလိုက်တယ်။ ပြောသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ၊ မလာလည်းနေပေါ့ ဒီလူကြီးက တစ်ခါတလေ ဘုရားစိတ်၊ တရားစိတ်ဝင်ရင် မကောင်းတာ လုပ်ရမှာ ကြောက်တယ်ကွ၊ ဒါပေမဲ့ စိတ်ကောင်းဝင်တာက မရှိသလောက်ပဲ'

ပြောရင်းနဲ့ပဲ ခြံဝမှာ ဦးထော်ကိုတွေ့လိုက်ရတယ်။ အခုလေးတင် သူ့အကြောင်း ပြောနေတာလေ။ ရာကျော်နဲ့ ဒေဝက ဖွေ့ကြည့်တယ်။ အောင်သောင်းကို။

'ငါ မပြောဘူးလား၊ သူ့စိတ်ကောင်းဝင်တဲ့အချိန် နည်းပါတယ်လို့'

ဟိုနှစ်ယောက်က ဘာမှ မပြောတော့ဘဲ မလုံးမလဲ ရပ်စောင့်နေတဲ့ ဦးထော်ဆီသွားတယ်။ အပြုံးနဲ့ မေးတယ်။ ဦးထော်က။

'ဘယ်သူ့အခင်းကို သွားကြမှာလဲ'

'သူကြီးအခင်း'

'ဟေ'

အောင်သောင်းရဲ့ အဖြေလည်းကြားရော ပါးစပ်ပြဲသွားတယ်လေ။

◆ ◆ ◆

ဦးဖိုးကြာ အိပ်မရဘူး ဖြစ်နေတယ်။ ဖရဲနဲ့ပြောင်း ဈေးကောင်းရလို့သာ စိုက်ရတာ။ အရင်းအနှီးက မနည်းမနောပေါ်။ တစ်ပတ်တစ်ခါ ရေသွင်းရတယ်။ ပြောင်းဆိုလည်း အပင်ငယ်တုန်းက ပေါင်းပေါက်။ ဘောင်ဆွဲနဲ့ နေ့စားခတင် မနည်း။ အခု ရင့်မှည့်ချိန် ရောက်ပြန်တော့လည်း ဦးနှောက်စားရပြန်တယ်။ သူခိုးရန်ကြောက်ရ။ ဝက်ဒဏ်၊ နွားဒဏ် ကြောက်ရတာ တစ်မျိုး။

ကြာဖြူ ရောင်းစားမှာ ကြောက်ရတာတစ်မျိုး။ ဒီကောင်ရှာထဲ

www.burmeseclassic.com



ထားရင် ပြဿနာပေါင်း သောင်းခြောက်ထောင်ကို တစ်မျိုးပြီးတစ်မျိုး ရှင်းနေရတာယ်။ ရွာပြင်ပို့ထားတော့ မျက်စိနောက်နားအေးသက်သာပေမယ့် စိတ်ချထားလို့မရ။ သင်းအချိုးက ဘယ်လိုပြင်ပြင် ရကို မရတာလေ။

အခုလည်း သူခိုးတွေ သောင်းကျန်းကုန်ကြပြီ။ ရွာထဲမှာ ဝယ်စားနိုင်ကြပေမယ့် ပေါ်ဦးပေါ်ဖျားဆို ခိုးစားကြတာ။ တခြား သူတွေမပြောနဲ့။ ကိုယ်ငယ်ငယ်ကလည်း ဒီတိုင်းပဲ။

သက်ပြင်းကိုချ ခြင်ထောင်ကိုမ အပြင်ကိုထွက်တယ်။ ဖယောင်းတိုင်ကိုမီးထွန်း၊ ဆေးလိပ်ထိုင်ဖွာရင်း ပြတင်းပေါက်ကနေ အပြင်ကို ငေးနေတယ်။ သွားချောင်းရကောင်းမလား စဉ်းစားနေတော့တာ။

'ဟင်း… သွားရကောင်းမလား၊ သင်းက စိတ်ကိုချလို့မရတာ၊ တောက်… သားတစ်ယောက် မွေးထားတာ ဘယ်နေရာမှ သုံးမရဘူး၊ သောက်ချိုးက၊ ဟွန်း'

တစ်ယောက်တည်း သက်ပြင်းတချချနဲ့ ဖျစ်တောက်ဖျစ်တောက် ပြောနေတုန်း ဒေါ်ဖြူတုတ် အသံထွက်လာတယ်။ အသံက အတော်မာတယ်။

'ကိုရင် ဖိုးကြာ… တော် ဘာဖြစ်နေတာလဲ၊ သက်ပြင်းတချချနဲ့ ကျုပ်မသိဘူးမှတ်ပြီး ဘယ်မယားငယ်ဆီ သွားချင်တာလဲ'

'အဲ'

'ဟွန်း… ကျုပ်မသိယောင်ဆောင်နေတာကိုက တော်ကံကောင်းနေတယ်မှတ်ပါ'

'ဟာကွာ'

အရေးထဲ သဝန်ကြောင်နေတာနဲ့ စိတ်ပျက်သွားတော့တာ။ စိတ်ထဲမှာလည်း မိန်းမတွေများ နေရာတကာ သဝန်တိုတတ်ကြတာလို့ တွေးလိုက်တော့တယ်။ ကိုယ်တွေးနေတာက တခြား၊ သူပြောနေတာက တလွဲလေ။

www.burmeseclassic.com

www.burmeseclassic.com



'မိန်းမရယ်၊ မင်းမလည်း တိုဖို့လောက်ပဲ တွေးနေတယ်၊ ငါ တွေးနေတာက တခြားဟ၊ စိတ်ညစ်တယ် တကယ်ပဲ'

'အံမယ်… တော်က အခုတော့ စိတ်ပျက်ပြီပေါ့၊ ဟွန်း… ဘာလဲ… နောက်မယားငယ်ထားဖို့ စဉ်းစားနေတာလား၊ လုပ်ရဲ လုပ် ကြည့်လေ'

'သြော်… ကဲ… ခက်ပြီ'

ဘယ်လိုမှကို ပြောမရတာနဲ့ ဆေးလိပ်ကိုချ။ ခေါင်းကို တဖျင်း ဖျင်း ကုတ်တယ်။ စိတ်ထဲမှာလည်း ပြောကာမှ ပိုဆိုးနေတယ် တွေး လိုက်တယ်။

'မင်းကွာ၊ ငါနဲ့ပေါင်းလာတာပဲ ကြာကြာလှပြီ၊ ဖောက်ပြန်တာ ဘယ်တုန်းက ရှိခဲ့လို့လည်းဟ၊ အခု ငါတွေးနေတာ ဟိုခွေးကောင် မင်း သား ကြာဖြူကိုလေ'

'အံမယ်… ဘာပြောတယ်၊ တော်က ကျုပ်တို့သားအမိကို ခွေး လို့ပြောတာပေါ့၊ အဲဒါ ရှင်နဲ့ရထားတာ'

'အဲ'

'ပြီးရော တစ်မျိုးလုံးခွေးဖြစ်သွားတာပေါ့'

'ငါကွာ'

တင်းသွားတော့တာ။ ဒီမိန်းမနဲ့ ပြောရတာ လိုရင်းကိုရောက် မှာ မဟုတ်တော့ဘူး တွေးလိုက်တယ်။

'ထားကွာ၊ အခု သူခိုးတွေ သောင်းကျန်းနေပြီ မင်းသားကလည်း ငပျင်း၊ သိုးနေအောင် အိပ်လို့ တစ်ခင်းလုံး မ,သွားမှ မွဲနေမှာ၊ အဲ့ဒါ ငါသွားချောင်းရ ကောင်းမလားတွေးနေတာ'

ခြင်ထောင်ထဲက အသံခဏတိတ်သွားတာနဲ့ ပြုံးလိုက်တယ်။ ဒီတစ်ခါ ထွက်လာတဲ့ အသံက ပိုဆိုးတာနဲ့ မဲ့သွားတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ တော်ကြီးက အပြင်ကို ထွက်ဖို့ အကြောင်းရှာနေတယ် ပေါ့၊ ကျုပ်မသိဘူးများ ထင်လား၊ ဒါမျိုးလှည့်လို့မရဘူး၊ ဖြူတုတ်တို့က ကွက်ကျော်မြင်ပြီးသား၊ သားကို စိတ်ချပြီးသား၊ မသွားရဘူး၊ နိုးပဲ'

'ဟာကွာ'

စိတ်အတော်ကို ပျက်သွားတော့တာ။ မိန်းမတွေများ တိုဖို့က လွဲပြီး စီးပွားရေး ဘာမှမသိဘူးလို့ တွေးလိုက်ပြန်တယ်။ ဒီအတိုင်း အတိုက်ခံ ပြောမရတာနဲ့ ချော့မော့ပြောရတယ်လေ။

'ကဲ... မင်းကတော့ လုပ်ပြီ၊ စိတ်သာချ၊ ဖိုးကြာတို့က ဖြူလေး ကလွဲပြီး ဖွဲနဲ့ဆန်ကွဲပဲ၊ အဟင်း... မင်းသိပါတယ်'

'ဟွန်း... ဟုတ်လို့လား၊ လာမချော့နဲ့၊ ခုမှ'

ခြင်ထောင်ထဲက အသံကပျော့ပြီး နွဲ့သွားတယ်ဆိုရင်ပဲ ပြုံး လိုက်တယ်။ စိတ်ထဲမှာလည်း မိန်းမတွေက အချော့တယ်ကြိုက်ပဲ တွေး လိုက်တယ်။

'စိတ်ချပါကွာ၊ သားဆီခဏပဲသွားမှာ အမြန်ပြန်လာခဲ့မယ်၊ ပြော မယ့်သာပြောတာ မင်းနဲ့ဝေးပြီး အကြာကြီးမနေနိုင်ဘူးကွ၊ အဟဲ'

'ဟုတ်လို့လား အဟင်း... ဟုတ်ပဲနဲ့'

ဟုတ်လား မဟုတ်လားမသိ အသားကုန်ချော့နေတယ်။ အသံ အနေအထားက အတော်ကောင်းနေပြီ။

'ကဲ... သွားမယ်ကွာ၊ သွားမယ်ဆိုကာမှ မင်းကိုတစ်ယောက် တည်း ထားခဲ့ရမှာ စိတ်မချသလိုဘဲ၊ အဟဲ'

'ဟွန်း... တော်နော် ကျုပ်ကလည်း တော်တစ်ယောက်တည်း ပါ၊ သွား... စိတ်ချသွား၊ အဟင်း... အမြန်ပြန်လာနော်'

'အင်းပါ အဲ၊ တံခါးတွေလိုက်ပိတ်ဦးကွ၊ ငါ့အသံကြားမှ ဖွင့်နော်၊ စိတ်ချမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ပြီးရော'

စကားသံနဲ့အတူ ခြင်ထောင်လှူပ်လာတာနဲ့ ဦးဖိုးကြာ ပြုံးပြီး ခေါင်းပေါက်ကို သွားလိုက်တယ်။ စိတ်ထဲမှာလည်း မိန်းမတွေများ တယ် အချောကြိုက်တာပဲ၊ အဲ… အမြှောက်လည်း ကြိုက်ကြတယ်လို့ တွေး ထိုက်လေရဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မင်းမောင်တစ်ယောက် ဝေမိုးပြောင်းခင်းနဲ့ တစ်ခေါ်လောက် ဝေးမယ်ထင်တဲ့ ထန်းတောစပ်ကို ရောက်နေတယ်။ ထန်းတဲနဲ့က အတော်ဝေးသေးတာ။ အရမ်းကာရော မဝင်ရဲ။ ဦးညိုကြီးက ပြောရတာမဟုတ်။ တော်ကြာ ပက်ပင်းတိုးနေမှ မယ်လှနဲ့မတွေ့ဘဲ လက်သီးနဲ့ တိုးသွားလိမ့်မယ်။

အသာကုပ်ပြီး ထန်းတစ်ပင်ကနေတစ်ပင် ပြေးကပ်တယ်။ မသိရင် ကျားချောင်းချောင်းတယ်ပေါ့။ သိရင်တော့ ဒါ ခွေးချောင်း ချောင်းနေတာပဲ။ ကြည့်လေ ကျားလိုဝင့်ဝင့်စားစားမှ မဟုတ်တာ။ ခွေးလိုကုပ်ဖေးဖေးနဲ့လေ။

တွေ့နေကျ ထန်းပင်အောက်ရောက်တော့ မယ်လှကို မတွေ့ရသေးတာနဲ့ စောင့်နေတယ်။ စိတ်ထဲမှာလည်း ချိန်းထားတာမေ့ပြီး အိပ်များပျော်သွားပြီလား တွေးနေတယ်။ အတော်ကြာ ခေါင်းကုတ် ဖင်ကုတ်နဲ့ စောင့်နေတယ်။ အဲ... မလာတဲ့အဆုံး ချိုးကူသံပေးပြီး ခေါ်မယ် စဉ်းစားတယ်။ လက်နဲ့ပါးစပ်ကို အုပ်လိုက်ပြီးမှ။ ခဏစဉ်းစားတယ်။ ချိုးက ညဘက်ဒီအချိန်ကြီး ကူသံပေးပါ့မလား။ ပြီးတော့ ဒီချိုးကူသံ ပေးတာက အဘတို့ငယ်ငယ်ကတည်းကဆိုတော့ ရိုးလွန်းတယ်။ မတော် မအိပ်သေးလို့ ရိပ်မိသွားရင် မယ်လှအထွက်ရ ခက်နေမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



ခဏစဉ်းစားတယ်။ ပြီးမှပြုံးပြီး ကြက်လိုတွန်မယ် ပြင်တယ်။ တွန်ကာနီးမှ စဉ်းစားတယ်။ ဦးညိုကြီးက ကြာဖြူတို့ကို ကြောက်လို့ ကြက်ဆို အမွေးတောင် မြေမြှုပ်ပစ်တာ။ ဒီအချိန်ကြီးကျမှ ရွာနဲ့ အဝေးကြီး ဘယ်ကြက်က မျက်စိလည်လာမှာတုံး။။ တော်ကြာ ကြက်ထင်ပြီး လိုက်ပစ်မှ လေးခွစာမိနေမယ်။ ခေါင်းကုတ်စဉ်းစားတယ်။ မယ်လှကလည်း ထွက်မလာသေး။

ချောင်းဟန့်သံပေးမယ် စိတ်ကူးမိပြန်တယ်။ ပြီးမှ ပျာသွားတယ်။ ဒီအချိန်ချောင်းဟန့်သံပေးမှတော့ ကိုယ့်သေတွင်း ကိုယ်တူး ထားမှဖြစ်မှာ။ အဲ... နောက်ဆုံးတော့ ခွေးအူသံပေးခေါ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ခွေးဆို တာက အချိန်မရွေး ရောက်လာတတ်တာလေ။ ဒီအသံကြားလို့မှ ထွက် မလာရင်တော့။ တဲကို ခဲနဲ့ထုဖို့ ဆုံးဖြတ်လိုက်တယ်။ ထွက်လာတာ မယ်လှ မဟုတ်ရင်လည်း ပြေးပေါ့။

'အူ... အူ... အူး'

'အု... အူး... အဟု... အဟု... ဟွတ်'

ဘာမှမထူးဘူး ခွေးလို လည်ချောင်းသံမှ မဆွဲတတ်တော့ ချောင်း သံပါ ပါသွားတယ်။ အကျိုးဆက်ကတော့ အတော်ထူးတယ်။ မယ်လှ တဲနောက်ကနေ လှစ်ခနဲ ပြေးလာတာ တွေ့ရပြီးသကာလ...

'ကဲ...'

'ခေါင်...'

'အီး...'

ခေါင်းကို ပယ်ပယ်နယ်နယ် ခေါက်လိုက်တော့တာ။ ခါးထောက် ပြီး ပြောလိုက်သေးတယ်။ မင်းမောင်က ခေါင်းလေးပွတ်လို့။

'ဘာလို့ အကျယ်ကြီးအော်နေရတာလဲလို့၊ လာမှာပေါ့။ အသံ သိမှ ပြတ်မှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်…ဘာ…ဘာလဲဟင်'

'လည်ပင်း… တော်ကြီးလည်ပင်းပြတ်မှာကို ပြောတာ'

'တော်သေးတာပေါ့'

နှစ်ယောက်သား ထန်းပင်ဘေးထိုင်ပုနေကြတယ်။ လရောင်မှုံဝါးဝါးအောက်မှာ မြင်ကွင်းဟာ ကြည်နူးစရာအတိနဲ့လေ။ ရည်းစားသဘာဝအတိုင်း ကပ်ထိုင်ပြီး စကားတွေပြောနေကြတယ်။ တချို့အိမ်ထောင်သည်တွေ ပြောကြတာ ကြားဖူးတာပဲ။ ရသွားကြတဲ့အခါ အရင်ရည်းစားဘဝကလောက် စကားပြောရတာ မကောင်းတော့ဘူးတဲ့။ ပြီးတော့ ရင်ခုန်သံဟာလည်း မမြည်တော့ဘူး။ အဲ…သမီးရည်းစားဘဝလောက် ပျော်စရာမကောင်းတော့ဘူးပေါ့။

ဒါကြောင့် တချို့အတွဲတွေ မယူကြဘဲ ရတဲ့အချိန်လေးမှာချိန်းတွေ့တာတို့ လျှောက်လည်တာတို့ ရှိကြတယ်လေ။ ကဲ…ထားတော့အခု မင်းမောင်တို့စကားတွေ ပြောမဝဖြစ်နေကြတယ်။ တစ်ခါတစ်ခါမယ်လှရဲ့ရယ်သံ ခိုးခိုးခစ်ခစ် ထွက်လာတတ်သေးတာ။

မင်းမောင်က တတွတ်တွတ်ပြောနေတဲ့ မယ်လှရဲ့နှုတ်ခမ်းလေးကို ငေးနေမိတယ်။ တလှုပ်လှုပ်နဲ့ နှုတ်ခမ်းကိုကြည့် အသည်းယားလာတော့တာ။ ရသွားရင်တော့ သူ့အဘလို စိတ်ပျက်နေမလား မသိ။

'ခစ် ခစ်… သိလား၊ အဘက အရမ်းရယ်ရတာ၊ အဲနေ့ကကိုလည်း ပြန်သွားရော၊ ဟင်… ဘာလဲ သွား'

မင်းမောင် မျက်နှာရှေ့တိုးလာတာနဲ့ လန့်သွားတယ်။ ရှန်းတေမရှန်း စကားသံတော့ ခဏပျောက်သွားတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဦးထော်တို့တတွေ လရောင်မသဲမကွဲအောက်မှာ သူကြီး ပြောင်းခင်းဘက်ကိုချီတက်လာခဲ့တယ်။ ပုဆိုးတွေ ကွင်းသိုင်းထားကြတယ်။ ဦးထော်က ဘောင်းဘီတိုမပါ။ ဒါပေမဲ့ ကိစ္စမရှိဝတ်ထားတဲ့ အင်္ကျီက ဒူးဖုံးနေတာလေ။

ကန်သင်းက မလျှောက်။ စိုက်ထားတဲ့ မြေပဲခင်းတွေကို ဖြတ်လျှောက်တယ်။ ဒါမှ အမြန်ရောက်မှာလေ။ တဖြည်းဖြည်းဝါးလုံးတွေနဲ့ကာထားတဲ့ ပြောင်းခင်းဘေးကပ်လာပြီ။ ဒီအချိန်မှာပဲ နောက်မလှမ်းမကမ်းမှာ လူရိပ်တစ်ခုတွေ့တာနဲ့ ပြားနေအောင် ဝပ်လိုက်ကြတယ်။ လူရိပ်ကတော့ သူတို့ကို မတွေ့ဘဲ ကြာဖြူတို့တဲဘက်ကိုသွားတယ်။ ကန်သင်းဘေးပြေးဝပ်တဲ့ ဦးထော် တွန့်ခနဲဖြစ်သွားတယ်။ ပါးစပ်ကို လက်နဲ့အုပ်၊ မျက်လုံးလည်တယ်တယ်နဲ့ အံကြိတ်နေတယ်။ ထလည်း မထရဲဘူး။

အောင်သင်းတို့ မျက်လုံး ပြူးသွားကြတယ်လေ။ စိတ်ထဲမှာလည်း မြွေပဲ ကိုက်သလား၊ ကင်းပဲထိုးသလားပေါ့။ လူရိပ်ကျော်ပြီး ခပ်ဝေးဝေးရောက်သွားမှ တအုအုကျိတ်အော်၊ ဖင်ကို လက်နဲ့ပိတ်ပြီး ကော့ကော့ကော့နဲ့ ခုန်နေတော့တာ။ ဒါနဲ့ သုံးယောက်သား ဦးထော်ထိုင်တဲ့နေရာကို သွားကြည့်ပြီး ပြုံးသွားကြတယ်။ ကန်သင်းရဲ့ထောင့်မှာ ရိုးပြတ်ငုတ်တွေရှိတယ်။ အောက်ကိုမကြည့်ဘဲ ဘောင်းဘီမပါ ဘာမပါ အတင်းပြေးထိုင်မှတော့ ခံရတာ တောင်နည်းသေးတယ်လေ။

'ခွီး… ဟီး… ဟီး'

'အား… ကျွတ်… ကျွတ်… သေပါပြီဗျ'

'ဟီး… ဟီး'

'ဘာရယ်တာလဲကွ၊ ဟော… ခံရခက်သကွာ'

'ဟား… ဟား… ဦးထော် အဆင်ပြေရဲ့လားဗျ'

'ငါ… နော်'



www.burmeseclassic.com

www.burmeseclassic.com



ကျိုတ်ရယ်ပြီး ကျိတ်စကြတယ်။ တခွီးခွီးရယ်ရင်း ပြောင်းခင်း ဘေး ကပ်လိုက်ကြတယ်။

◆ ◆ ◆

ဦးဖိုးကြာ အမြန်ရောက်အောင် သူကြီးလယ်ဘေးကနေ ဖြတ်လျှောက်တယ်၊ ပြောင်းခင်းနား လူရိပ်လိုလို ဘာလိုလို တွေ့တာနဲ့ သေသေချာချာ ကြည့်တော့ဘာမှမတွေ့။ စိတ်ထင်လို့ဖြစ်မှာပါဆို ခပ်သွက်သွက် လျှောက်လာခဲ့တယ်။ ပေတိုးတို့ အခင်းဘောရောက်တော့လည်း အတားအဆီးမရှိလို့ ခွာလျှောက်လာခဲ့တယ်။ မင်းမောင်တို့ အခင်းပြီးတော့ ကိုယ်ပိုင်မြေကို ရောက်လာမှပဲ ဟင်းချနိုင်တော့တယ်။ ကြာဖြူအိပ်နေ ရင်း ပျောက်မသွားရအောင် အသာကုပ်ပြီး ပြောင်းခင်းဘေး ကပ်သွားတယ်။ အဲ— ကိုယ့်အခင်းဘော ရောက်မှပဲ။

◆ ◆ ◆

ကြာဖြူအိပ်နေရင်း လန်းနိုးလာတော့ ဝေမိုး မရှိတော့။ ပြန်သွား ပြီ ထင်လိုက်တယ်၊ အရက်ကတော့ တစ်ဝက်ခွဲထားခဲ့တယ်။

'ဘယ်အချိန် ထပြန်သွားတယ် မသိဘူး၊ အဲ… ငါ့ဖို့တော့ ချန်ထားခဲ့သေးတာ အီး… ရင်ပူလိုက်တာ'

ရေဘူးထဲက ရေကိုမော့သောက်လိုက်မှ နေသားကျသွားတယ်။ ထနောင်းပင်အောက်မှာ ဖရဲခင်းတွေကို ဝေ့ကြည့်တယ်။ ပြောင်းခင်းဆီ မျက်လုံးရောက်သွားတော့ လူရိပ်တွေ့တာနဲ့ အမူးပါပြေသွားတယ်။

'ဟင်… ဘယ်သူလဲ ဝေမိုးဆိုလည်း ဒီကိုလာရမှာ သူမိုးပဲ ဖြစ်မယ်၊ တွေ့ပြီပေါ့ကွာ'

စိတ်အတော်တိုသွားတယ်လေ။ လွယ်အိတ်ထဲက နှိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ လေးသီးငါးလုံးနဲ့ လေးခွပါလာတယ်။ သေချာတယ်။ လူရိုပ်က ပြောင်းပင်တွေဘေးကို ကုပ်ဖေးဖေးကပ်ရင်း တဲဘက်ကို ကြည့်နေတာ တွေ့တယ်။ လေးသားရေကို လက်တစ်မောင်းဆွဲရင်း ချိန်တယ်။ ရှေ့ကို တစ်လှမ်း နှစ်လှမ်း သုံးလှမ်း။ လေးသီးကို လွှတ်လိုက်တယ်။

'ဖွစ်'

'ဂလောင်'

'အား…ကျိုးပါပြီဗျ ခြေသလုံး'

'ဒိုး'

'ဒေါင်'

'ကွဲပါပြီဗျ၊ နဖူး'

ထိသံနဲ့ အတူ အော်သံထွက်လာတာနဲ့ ဝမ်းသာသွားတယ်။ အတော်ပျော်သွားတော့တာ။ လူရိပ်က လှမ်းအော်တယ်။

'သား…အဘပါကွ၊ မင်းအဘဖိုးကြာပါ၊ မ… မပစ်ပါနဲ့'

'အံမယ်၊ လာလာချေသေးရဲ့၊ အဘက ဒီအချိန်ကြီး ဘာလာ လုပ်ရမှာလဲ၊ ဖြီးရင်လည်း ယုတ္တိရှိအောင် မဖြီးဘူး၊ သေဖို့သာပြင်၊ အံမယ်… အတော်ဖွဲ့ကောင်းတဲ့ သူခိုး၊ မပြေးဘူး'

တစ်ယောက်တည်းပြောရင်း အပိုင်ချိန်တယ်။ အသံကိုလည်း ကျက်မိဘူးလေ။ လေခွနဲ့ အဆက်မပြတ်ပစ်တော့တာ။ ထိတဲ့အခါ ထိ၊ မထိတဲ့အခါ မထိနဲ့။ ကြာတော့ ပြေးတော့တာ။

'ဟား… ဟား… ကြာဖြူကို ဒီလိုလာစမ်းလို့ ဘယ်ရမတုံးကွ၊ ဟား… ဟား'

တစ်ယောက်တည်း သဘောအကျကြီးကျပြီး ရယ်နေတယ်။ အော် ခွက်လန်အော်ပြေးတဲ့ သူခိုးကို ကြည့်ပြီး မိန့်မိန့်ကြီး ပြုံးလိုက်သေးတာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



သူကြီးနှစ်လုံးပြူးပိုက် တိုင်မှီပြီး အိပ်လိုက်နေတယ်။ ဘယ်လို ပဲတားတား အောင်သင်းက တခေါ်ခေါ်ဟောက်နေပြီ။ ပြောမရတာနဲ့ ဘာမှ မပြောတော့ဘူး။ ဒီတုန်းမှာပဲ အသံတစ်သံကြားလိုက်ရတယ်။

'ဂျွတ်... ဖြောက်'

'ဟင်'

အသံက တိုးတယ်ဆိုပေမယ့် တိတ်ဆိတ်နေတဲ့အချိန်မို့ အသံ ကျယ်ကြီး ထွက်လာတယ်။ မျက်လုံးပြူးသွားပြီး ဝေ့ကြည့်လိုက်တော့ ထောင့်နားက ပြောင်းပင်တချို့ လှုပ်သွားတာ တွေ့လိုက်ရတယ်။ ဘာမှ တော့ သဲသဲကွဲကွဲမမြင်ရပေမယ့် စိတ်ဆိုးသွားတော့တယ်။ နှစ်လုံးပြူးကို အသေအချာ ချိန်ပြီး ပစ်လိုက်တော့တယ်။

'ဒိန်း... ဒိန်း'

'ဟင်... ဘာသံလဲဟ'

တိတ်တိတ်ဆိတ်ဆိတ်နေတဲ့ ညမှာ အသံဆိုးကြီး ပေါ်လာတာနဲ့ မင်းမောင်တို့နှစ်ယောက် လန့်သွားကြတယ်။ မယ်လှက မျက်လုံးပြူး လေးနဲ့...

'ဟယ်... ဘာသံလဲ၊ သွားတော့၊ ကျုပ်လည်း သွားပြီ၊ တော်ကြာ အဘ နိုးသွားမှ'

စကားတောင် မဆုံးဘူး၊ လှစ်ခနဲ ပြေးသွားတာနဲ့ မင်းမောင် လည်း သုတ်ခြေတင်ရတော့တာ။ အတော်ကင်းသွားတယ်။

'တောက်... ကောင်းခန်းရောက်မှာ၊ ဟင်း... သေနတ်သံထင် တယ်၊ ဟာ... သူကြီး ကင်းစောင့်တယ်ထင်ပ၊ မဖြစ်ဘူး၊ တော်ကြာ သူခိုးက ငါ့အခင်းဘက် လှည့်လာမယ်'

သူ့ပြောင်းတဲဘက်ကို မှန်နေအောင် ပြေးတော့တာ။ စံတိုး ဝေမိုး နဲ့ ကြာဖြူတို့တွေလည်း သေနတ်သံကြားပြီး ခေါင်းထောင်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာလည်း သူကြီးကို တင်းနေကြတယ်။ ရွာမှာ သေနတ်ရှိတာ ဆိုလို့ သူကြီးပဲလေ။

◆ ◆ ◆

အောင်သောင်း ဝါးလုံးတွေကာထားတဲ့ လေးထောင့်ကွက်ထဲကို ခွေးလို လေးဖက်ထောက်ဝင်တယ်။ ပြောင်းခင်းထဲဝင်ပြီး ပြောင်းပင်တွေကြား လိုက်သွားကာ အရင့်ကို ရွေးတယ်။ ပြောင်းဖူးထိပ်မှာ ပြောင်းဆံမွှေးလေးတွေ ရှိတယ်။ အဲ့ဒီအမွှေးလေးတွေ မည်းခြောက်နေရင် သေချာပြီ။ ဒါရင့်လို့ စားရပြီဆိုတာ။ အသာပြောင်းပင်ကိုကိုင် အဖူးကို လိမ်ချိုးတယ်။

'ဂျွတ်… ဖြောက်'

'အဟဲ… ရပြီ တစ်ဖူး'

'ဒိန်း…'

'အား… သေပါပြီဗျ'

သေနတ်သံနဲ့အတူ အနားက ပြောင်းပင် လေး၊ ငါးပင် တိခနဲ လဲသွားတယ်။ အောင်သောင်း ရင်ဘတ်လက်နဲ့ဖိ အသားကုန်အော်တယ်။

'ဟာ… ဟိုကောင်ထိသွားပြီထင်တယ်။ အမလေး… မဖြစ်ဘူး ပြေးမှ၊ သူကြီးလာစောင့်တာကိုး'

'ပြေးဟ'

သုံးယောက်သား အထိတ်တလန့် ပြေးမယ်လုပ်တုန်း အောင်သောင်း ထလာတယ်။ ရင်ဘတ်ပြန်ငုံ့ကြည့်ပြီး ထအော်တယ်။

'ဟင်…မထိဘူ၊ အဟား… ငါ့ကို မထိဘူး ငါမသေတော့ဘူးကွ၊ ဟား…ဟား'

လက်သီးလက်မောင်းတန်း အားရဝမ်းသာ ထအော်တော့တယ်။ ဦးထော်က စွေကြည့်ပြီး ပြောတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



'ပျော်မနေနဲ့၊ မင်းပထွေး ထပ်ပစ်မှသေမယ်၊ ပြေးကြမယ်'

'ဟာ'

'ဘာလဲ… အေး… နေချင် မင်းဘာသာနေတော့'

ပြောလည်းပြော မှုန်နေအောင်ပြေးကြတာနဲ့ အောင်သောင်းလည်း ရထားတဲ့ ပြောင်းဖူးလေးလွှင့်ပစ်ပြီး ပြေးတော့တာ။

'မပြေးနဲ့'

သူကြီးရဲ့ အသံကြီးပဲ နောက်က ကပ်ပါလာတယ်လေ။

• • •

'ဒိန်း…'

'ဟဲ့… သောက်ခွေး'

သေနတ်သံအနီးကပ်ကြီး ကြားလို့ အောင်သင်း လန့်နိုးပြီး ပြူး ပြူးလေး ကြောင့်ကြည့်နေတယ်။ သူကြီးက စိတ်ဆိုးမာန်ဆိုးနဲ့ နားရင်း ကို တီးလိုက်တယ်။

'ဟာ… အင်းဟာ'

'ဖျောင်… ဘောင်'

'ဟင်… ဘာလဲဟင်'

'ဘာလဲ ဟုတ်လား၊ ဟိုမှာ မင်းမထွေးတွေ ဝင်ခိုးကုန်ပြီ၊ ဆင်း'

'ဟာ… ဟုတ်ပဲနဲ့'

'ငါ… အားဟာ'

'ဖျောင်… ဘောင်'

'သေပါပြီဗျ'

အူကြောင်ကြောင် လုပ်နေတာနဲ့ နောက်တစ်ချက် အဆုပ်ခံရပြီး မဲ့နေတော့တာ။ သူကြီးက အောက်ကိုဆင်းရင်း အော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'မပြေးနဲ့'

နားထောင်တယ်။ သူ့နှိုးတွေက ပြေးကြတာများတန်းလို့။ သူကြီး နှစ်လုံးပြူးကြီး ဟိုဒီချိန်ရင်း ပြောင်းခင်းထဲဝင်သွားတာနဲ့ အောင်သင်း လည်း လေးလွယ်အိတ်လွယ်ပြီး လိုက်ဆင်းသွားတယ်။

◆ ◆ ◆

ဦးဖိုးကြာ ယောင်ပြီး ချိုးလာတဲ့ ပြောင်းဖူးကို ခါးထိုး နဖူးကို ပွတ် ပြေးရတော့တာ။ စိတ်ထဲမှာလည်း ကြာဖြူကို အထင်သေးမိတာကို နောင်တရသွားတယ်။ အခုပဲ ကြာဖြူ ကင်းစောင့်၊ မစောင့်ကို နဖူးက ဘုတွေနဲ့ရင်းပြီး သိလိုက်ရတော့တာ။

'အားဟား... ကြောက်ပါပြီ၊ နောက်တစ်ခါ လာမချောင်းတော့ ပါဘူး၊ မှတ်ပါပြီ'

အော်ပြေးတော့တာ။ မင်းမောင်တို့ အခင်းဘေးရောက်တော့ မောလို့ ကန်းသင်းပေါ် ထိုင်နားနေတုန်း သေနတ်သံပေါ်လာတာနဲ့ ကြက် သေသေသွားတယ်။

'ဒိန်း...'

'ဟင်... ဘာလဲဟ'

အုံ့ညြနေတုန်း မြေပဲခင်းတွေကိုဖြတ်ပြီး လူတစ်ယောက် ထန်း တောဘက်က ပြေးလာတာတွေ့တယ်။ ဒါနဲ့ပဲ အသာပုန်းနေလိုက်တယ်။ ဘာမှန်းမသိရဘဲ ကြားညှပ်နေဦးမယ်။

လူရိပ်က တဖြည်းဖြည်းနီးလာပြီး မင်းမောင်တို့ ပြောင်းခင်းထဲ ဝင်သွားတော့မှာ ပုန်းနေရာကနေ ထပြေးတယ်။ အဲ့ဒီမှာ ပြဿနာက စတာ။

'ဟော့... ရပ်... ဘယ်သူလဲကွ'



www.burmeseclassic.com

www.burmeseclassic.com



အခင်းကနေ လေးခွန့် ချိန်ရင်း လှမ်းမေးတယ်။ မင်းမောင် အသံဆိုတာ ကျက်မိပေမယ့်။ ဒီတစ်ခါပါးသွားပြီး အသံမပေးဘဲ မှုန်နေအောင်ပြေးရတော့တာ။

ဒါတောင် နောက်ကနေ တဝီးဝီးအသံတွေနဲ့အတူ လေးသီးတွေ ကပ်ပါလာတာနဲ့ ကွေ့ကောက်ပြေးရတော့တာ။ ပေတိုးတို့ အခင်းနား ရောက်တော့ မောလို့နားမယ် ကြံကာရှိသေးတယ်။ တဲပေါ်ကနေ အသံ ထွက်လာတယ်။

'ဟေ့… ဘယ်သူလဲကွ'

'ပြောနေတာ မကြားဘူးလား၊ ပစ်လိုက်မှာနော်'

'ဝီး… ဝီး'

အပြောကမှ နောက်ကျနေဦးမယ်။ တဝီးဝီးအသံကြားရတာနဲ့ အမောမဖြေအားဘဲ ခြေကုန်သုတ်ရတော့တာ။ အတော်ဝေးဝေးပြေးလိုက်မှပဲ သူကြီး အခင်းနား ရောက်တော့တယ်။ မောကလည်းမော ဆက်လည်း မပြေးနိုင်တာနဲ့ ထိုင်ကျသွားတော့တာ။

ကန်သင်းပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။ မောလား မမောလား မျက်စိတွေပြာပြီး အသက်ရှူတောင် မမှန်ချင်တော့။

'အံမယ်လေး၊ နောက်မလာတော့ပါဘူးဗျ၊ ကြောက်ပါပြီ၊ သင်းတို့က မထင်ရလောက်အောင်ကို ဖွဲကောင်းကြတာကိုး'

မချီးမွမ်းစဖူး တစ်ယောက်တည်းထိုင်ပြီး ထောပနာပြုလိုက်တယ် ဆိုရင်ပဲ၊ ပြောင်းတောထဲကနေ နှစ်လုံးပြူး ပြောင်းတစ်ခု ထွက်လာပြီး လည်ပင်းလာထောက်တယ်။ အဲ… အသံပါကြားလိုက်ရတော့တာ။

'မပြေးနဲ့… အဟင်း… မင်းဘာတတ်နိုင်သေးလဲ မိပြီ'

'ဟင်… သူကြီး'

လှည့်ကြည့်လိုက်တော့ သူကြီးကို မျက်နှာမာကြီးနဲ့ တွေ့လိုက်ရလို့ အံ့သြသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သြော်…သူခိုးက ဘယ်သူများလဲမှတ်တယ်၊ ဖိုးကြာကိုးကွ၊ ဟင်… မင်းကွာ မကြီးမငယ်ကြီးနဲ့ ခိုးစားရတယ်လို့'

'ဘာကွ၊ ငါက ဘာခိုးစားလို့လဲ'

သူကြီးက စွေ့ကြည့်တယ်။ ချိုးထားတဲ့ ပြောင်းဖူးခါးမှာတွေ့တာတောင် ညာချင်သေးတယ်လို့ တွေးလိုက်သေးတာ။ ဦးဖိုးကြာကတော့ စိတ်အတော်တိုနေတယ်။ သူကြီးက ခနိုးခနဲ့ပြုံးလိုက်ပြီး…

'မင်းက လက်ပူးလက်ကြပ်မိတာတောင် ညာချင်သေးတယ်၊ ဟွန်း… သူကြီးလုပ်စားလာတာ အံ့တိုနေပြီကွ၊ မင်းခါးကဟာ ငါ့ ပြောင်းဖူးကွ'

'အန်… ဘယ်ကလာ… ဒါငါ့ဟာကွ၊ အခု ငါ့အခင်းက ပြန်လာတာ'

'ဟား… ဟား ဖြီးရင်လည်း ပိရိအောင်ဖြီးရတယ်ကွ၊ မင်းက ဒီအချိန်ကြီးကျမှ လယ်ထဲဘာလာလုပ်မှာလဲ'

ချက်ကျလက်ကျ စကားကြားတော့ ဦးဖိုးကြာ အ,သွားတယ်။ ပြီးမှ ပြောတယ်။

'ငါ့သားကို လာချောင်းတာကွ၊ ဒီကောင် ကင်းစောင့်မစောင့် သိချင်လို့၊ နောက် ငါက ခိုးစားရအောင် မင်းအရင် ငါစိုက်တာ စားချင်ရင် ငါ့ဟာငါ စားမှာပေါ့၊ မင်းဟာ ခိုးစားပါမလားဟ'

'မင်း၊ မလိမ်နဲ့'

'ဟေ့ကောင်၊ မင်းလည်း ငါ့အကြောင်းသိသားပဲ ဖိုးထိန်ရာ၊ ဘယ်တုန်းက မဟုတ်တာလုပ်ခဲ့လို့လည်း ငါမဟုတ်တာလုပ်တုန်းကလည်း မင်းပါတာပဲဟာ'

'အင်'

သူကြီး ငိုင်သွားတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ဟိုးအရင်



www.burmeseclassic.com

www.burmeseclassic.com



လှုပျိုပေါက်ဘဝကတည်းက ညိုကြီး၊ မိုးတိမ်၊ ဝတိုး၊ ဖိုးကြာ၊ ဖိုးထိန် ဒီလူတွေဟာ ကောင်းတူဆိုးဘက်ပေါင်းလာခဲ့ကြတာ။ အစုံပဲ။ ကြက်တိုက်၊ ဖဲရိုက်၊ လောင်းကစား အကုန်လုပ်တာ။

အဲ… ကြက်နိုးစားလည်း အတူတူ၊ အရင်သူကြီး အခု သူကြီး ဖိုးထိန်နဲ့ အဖေက ထိတ်တုံးခတ်လည်း အတူတူပဲလေ။ အတော်ကြာတဲ့ အထိ စဉ်းစားနေတယ်။ ဖိုးကြာ ငယ်ကျင့်မပျောက်လို့ နိုးစားတာလား။ ဒါမှမဟုတ် သူပြောတာပဲ ဟုတ်သလားပေါ့။ အောင်သင်း ရောက်လာ တယ်။

'အကြီး သူကြီး ဒီမှာဗျ၊ ကျုပ်တို့ ပြောင်းဖူး ဟိုနားက တွေ့တာ၊ သိပ်မရင့်သေးဘူး'

'ဟင်…ဟုတ်လား ပြစမ်း'

ပြောင်းဖူးကို ယူပြီး ဦးဖိုးကြာပြောင်းဖူးနဲ့ တိုက်ကြည့်တယ်။ ပြောတာ ဟုတ်တယ်ဆိုတာ လက်ခံလိုက်တယ်။ အဖူးချင်းကွာသလို၊ ဦးဖိုးကြာ ပြောင်းဖူးက အမွေးရင့်သလိုက်မှ ခြောက်လို့၊ မျက်နှာပူပူနဲ့ တောင်းပန်လိုက်ရတော့တာ။

'ဟာ…သူငယ်ချင်း စိတ်မရှိပါနဲ့ကွာ၊ အဟဲ… ငါလည်း ဓာ ကပ်သွားလို့ပါ'

'ဟွန်း… အခုမှ'

စပ်ဖြဲဖြဲဖြစ်နေတဲ့ သူကြီးကို ဈေ့ကြည့်လိုက်တယ်။ အောင်သင်း ရှိလို့ တော်သေးတာပေါ့။ တွေးလိုက်တော့တာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ရွာထဲ အုတ်အုတ်ကျက်ကျက်နဲ့ သတင်းတွေ ပြန့်နေတယ်။ ဟုတ်တာတွေရော၊ မဟုတ်တာတွေရော စုံနေတာ။ ဦးဖိုးကြာ မကြီးမငယ်နဲ့ ပြောင်းဖူးခိုးစားလို့ သူကြီးက နှစ်လုံးပြူးနဲ့ပစ်တယ်တဲ့။

အခု ဦးဖိုးကြာ သေနတ်ပဲ မှန်လို့လား။ ရှက်ပဲရှက်လို့လား မသိ။ အိမ်တွင်းအောင်းနေတာ။ နောက် သူကြီးကလည်း လန့်ပြီး အခု အိပ်ရာထဲလဲနေတာ။ အစုံပဲ။

တကယ်တော့ ကြာဖြူလက်ချက်နဲ့ ဦးဖိုးကြာ လန့်ဖျားဖျားသွားသလို သူကြီးလည်း တစ်ညလုံးမအိပ်ဘဲစောင့်တော့ ပန်းဖျား ဖျားသွားတာ။

ကြာဖြူကလည်း သူ့ကိုယ်သူ အဟုတ်ကြီး ထင်သွားတယ်။ ပစ်တာ သူ့အဖေမှန်းလည်းမသိ။ အဲ... ရွာထဲပြန်လာလို့ သိလည်း သိရော...။

◆ ◆ ◆

ကြာဖြူ အိပ်ရာကနိုးတော့ နေအတော်မြင့်နေပြီ။ ခါတိုင်း ဒီအချိန် မနက်စာစားပြီးပြီ။ အခု ဘယ်သူမှ ထမင်းလာမပို့ကြဘူး။ ဒါနဲ့ပဲ အားနားက ဝေမိုးကို အခင်းခဏကြည့်ပေးဖို့မှာပြီး ပြန်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိဝါနဲ့ တွေ့လိုတွေ့ငြား အောင်သင်း တဲရှေ့က ဖြတ်လျှောက်ရင်း ကြည့်တော့လည်း မတွေ့ရ။ တစ်နေကုန် ရွာထဲနေပြီး မတွေ့တွေ့အောင် ရှာမယ်ဆုံးဖြတ်လိုက်တယ်။ ဒီနေ့ရောဆို မတွေ့ရတာ သုံးဆယ့်ရှစ်ရက်ရှိပြီ။

'ဗျို့… ကိုကြီးအောင်သင်း'

'ဟောလေကွာ'

အောင်သင်းကို အခင်းနားတွေ့တာနဲ့ လှမ်းခေါ်ပြီး မေးတယ်။ ညီမအကြောင်း အစ်ကိုရှေ့မေးရတာ မျက်နှာတော့ အတော်ပူသား။

'အဟဲ… ဟိုလေ… မိဝါမလာဘူးလားဟင်'

'ဟွန်း… အခုမှ'

မျက်နှာက မာသွားတယ်။ စွေ့ကြည့်ပြီးပြောတယ်။

'မင်းကို၊ ငါ့ညီမ့က တွေ့ချင်လိုက်သမှ သူထမင်းလာပို့တိုင်း ငါ မင်းတဲကို လာတယ်၊ လာတိုင်းလည်း တစ်ခါမှ မတွေ့ဘူး'

အံ့သြသွားတော့တာ။ ဒါကို လုံးလုံးမသိ။ မသိဆို အဲဒီအချိန် ရွာထဲ ပြန်ရောက်နေတာလေ။

'ဟာ… ငါကပဲ ငါ့ညီမသိက္ခာကျခံပြီး ပြောပါ့မလားကွ ဟော့ကောင်…မင်း မှန်မှန်ပြောစမ်း၊ ဟိုကောင်မလေး ညည်းညည်းနေတာ ကြားတာပဲ၊ တစ်လကျော်ပြီ တစ်လကျော်ပြီနဲ့၊ မင်း ငါ့ညီမကို ခွေးကြံ ကြံပြီး ရှောင်နေတာ မှတ်လား'

'ဟင်… ကြံပါဘူးဗျာ'

'မင်းမညာနဲ့'

မျက်လုံးပြူးပြီး အုတင်းငြင်းရတော့တာ။ အောင်သင်းမျက်နှာကြီး ပိုမာလာတယ်။ သူကြီးလာအိပ်တော့ အိပ်ရေးမဝတဲ့ အငြိုး။ နားရင်းပါ အတီးခံထားရလေတော့ လွှတ်ပေါက်ကွဲနေတာ။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ··· မဟုတ်ပါဘူးဗျာ၊ ကျုပ် မကြုံရပါဘူး၊ သူပြောတဲ့ အစ်လကျော်ပြီဆိုတာ မတွေ့ရတာကို ပြောတာ'

'ဟုတ်ပဲနဲ့၊ ဟော့ကောင် မညာနဲ့နော်'

'ဟာဗျာ··· ကျုပ်က သူ့အဲ့လိုကြုံဖို့ နေနေသာသာ အနားတောင် နည်းကပ်ရတာ'

'အမ်'

အစ်ကိုရွှေ ညီမအကြောင်း ပြောမိတာနဲ့ပဲ။ မျက်နှာပူပြီး အိုးတိုး အမ်းတန်း ဖြစ်သွားတော့တာ။ အောင်းသင်း မျက်နှာမဲ့သွားတယ်လေ။

'ဟော့ကောင်၊ မင်းမလုပ်ရင် မလုပ်ဘူးပေါ့၊ ဘယ့်နှာတွေ လာပြော နေတာတုံး၊ သွားတော့၊ အဲ··· နေ့လယ်လည်း မလာဘူး၊ ငါပြန်စားရမှာ၊ အဲဒါ သူ ရွာထဲမှာပဲ ရှိလိမ့်မယ်'

'ဟာ··· ဝမ်းသာလိုက်တာ၊ စိတ်ချ ကျုပ်ရွာထဲ တစ်နေကုန် ပတ်ရှာမယ်၊ အဟီး··· ကျေးဇူးတင်တယ်၊ ကျုပ်က စိတ်ဆိုးမပြေသေး ဘူးမှတ်တာ၊ အဟဲ···သွားပြီ'

'ဟွန်း···ကြွ ကြွ၊ ဘယ်လိုကောင်စားတွေမှန်းကို မသိဘူး'

အောင်သင်းရဲ့စကားကို မကြားဟန်ပြုပြီး ရွာကို သုတ်ခြေတင် တော့တာ။ ရင်ထဲမှာတော့ အပျော်တွေဝေလို့ပေါ့။

◆ ◆ ◆

ဘုတွေဝေနေတဲ့ ဦးဖိုးကြာရဲ့ ခေါင်းနဲ့ နဖူးကို ဆေးလိမ်းပေး နေရင်း ဒေါ်ဖြူတုတ် ကြာဖြူကို တင်းနေလေရဲ့။ ထမင်းလည်း သွား မပို့ဘူး။ ဦးဖိုးကြာ ပြေးရတဲ့ဒဏ်၊ အပစ်ခံရတဲ့ဒဏ်နဲ့ နေမကောင်း ဖြစ်နေတာ။

'မိန်းမ၊ နေ့လယ်တောင်နီးနေပြီ၊ မင့်သား ထမင်းမစားရသေး ဘူးလေ၊ အဲဒါလုပ်ဦး'



www.burmeseclassic.com

www.burmeseclassic.com



'အို… သင်းကို အငတ်ထားမယ်၊ ဘယ့်နှယ်မိဘကို မိဘမှန်း မသိ၊. လာပေ့စေ'

စိတ်ဆိုးပြီး တဖျစ်တောက်တောက် မာန်နေတယ်။ ဦးဖိုးကြာက ကြာဖြူဘက်လိုက်ပြောတယ်။

'သူ့ကို ကြိုပြောထားတာလည်း မဟုတ်တော့ ဘယ်သိရှာမှာလဲကွာ၊ ငါကလည်း ပြောင်ပြောင်မသွားဘဲ ခိုးပြီး ပြောင်းပင်ဘေးကပ်မှ တော့ သူခိုးပဲ ထင်မှာပေါ့'

'ဘာပဲဖြစ်ဖြစ် ဒါလောက်လုပ်ရလား၊ ဒီလောက် မင့်အဘပါ အော်ပြောတာတောင် အသံမမှတ်မိဘူးဆိုတော့ သေချာတာက သင်း မူးနေပြီ'

'မိန်းမရယ် မင်းအထင်လွဲနေပြန်ပြီ၊ သူတို့က တကယ်ဖွဲ့ရိုကြ တာ၊ အံမယ်… လူရိပ်မြင်တာနဲ့ ပစ်တော့တာဗျာ၊ အဟား… တော် တယ်၊ အား… ကျွတ် …, ကျွတ်'

မေ့ပြီး ဒူးကိုရိုက်လိုက်တာ လေးသီးမှန်ထားတဲ့နေရာ ရိုက်မိပြီး မဲ့သွားလေရဲ့။ ဒေါ်ဖြူတုတ်ဘာမှ မပြောနိုင်ဘဲ အံ့ဩနေတယ်။ တစ်ခါမှ ကြာဖြူတို့ကို ကောင်းကြောင်းမပြောဘူးတဲ့ လူက အခု ချီးမွမ်းနေလို့ လေ့။

'အို… ဘာပဲဖြစ်ဖြစ် လာရင် နည်းနည်းတော့ ဆော်ပေးရ မယ်၊ မဟုတ်ရင် သင်းငရဲကျလိမ့်မယ်'

မိန်းမအကြောင်းကို သိနေလေတော့ အတိုက်ခံ မပြောတော့ ဘူး။ ဒီတုန်းမှာပဲ ကံဆိုးချင်တော့ ကြာဖြူက ဗိုက်ပွတ် မျက်နှာမဲ့ ခြံထဲ ဝင်လာပြီး ပြောတယ်။

'ဟာဗျာ… အဘတို့က နေနိုင်တယ်၊ ကျုပ်မှာတော့ တစ်ညလုံး မအိပ်ရ၊ ဗိုက်ကလည်း ဆာနဲ့၊ တကတည်း ထမင်းလေးတောင် မပို့ဘူး၊ ဟွန်း၊ အတော်ချစ်နေကြတယ်ပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်ကုလားထိုင်မှာ တစ်ယောက်ကထိုင်။ တစ်ယောက်က ဘေးနားထိုင်ပြီး ပွတ်သီးပွတ်သတ်လုပ်နေကြတာနဲ့ အမြင်ကတ်သွားတယ်လေ။ ဒေါ်ဖြူတုတ် မျက်နှာကြီးမာသွားတယ်။

'လာပါဦး... နင့်အဘကိုလည်း လာကြည့်ပါဦး၊ ဘာဖြစ်လဲဆိုတာ'

'ဟာ... အဘဘာဖြစ်လဲ ကျုပ်စိတ်မဝင်စားဘူး၊ အံ့မယ်... ပြောရဦးမယ်၊ ညကဗျား ကံဆိုးချင်တဲ့ သူခိုး ကျုပ် အခင်းကို လာကပ်တယ်လေ၊ ဘာရမှာလဲ၊ အဟဲ... အဘသားပဲဟာ၊ ပယ်ပယ်နယ်နယ်ပစ်ပေးလိုက်တာ၊ တစ်ကလောင် တစ်ကလောင်နဲ့ ထပြီး အဟား...အော်ပြေး၊ ဟင်... အဘ ဘာဖြစ်တာလဲဟင်'

အနားရောက်တော့မှ နဖူးကဘုတွေကို တွေ့သွားပြီး အံ့ဩသွားတယ်။ မအေလုပ်သူက ပြောတယ်။

'ဘာဖြစ်ရမှာလဲ၊ ညက နင်ပစ်လိုက်တာ သူခိုးမဟုတ်ဘူးဟေ့၊ နင့်အဘ'

'ဗျာ'

'ဟင်... ဘာဗျာလဲ၊ ကံကောင်းလို့ နင်တို့သုံးယောက်ဝိုင်းပစ်တာခံရတဲ့အပြင် သူကြီးနဲ့တိုးပြီး ထိတ်တုံးနဲ့ ညားတော့မလို့ ကံကြီးသေလို့'

'ဗျာ'

တဗျာဗျာနဲ့ ပါးစပ်ပြဲနေတဲ့ ကြာဖြူကို မအေလုပ်သူက ပုဆိုးလှမ်းဆွဲတယ်။

'ဟာ... အမေဘာလုပ်တာလဲဗျ၊ ကျွတ်ဦးမယ်'

ပုဆိုးကို အတင်းပြန်ဆွဲတယ်။ ပြောသေးတာ။

'နင့်ကို ဆုံးမ,မလို့ ငြိမ်ငြိမ်နေစမ်း၊ နင့်အဘကို ကြည့်စမ်း၊



www.burmeseclassic.com

www.burmeseclassic.com



ရစရာကိုမရှိတာ ခေါင်းမှာလည်း ဘုတွေဝေ၊ ကျောတွေရော ခြေတွေ ရောစုံလို့၊ လာစမ်း'

'ဟာ… တမင်လုပ်တာမှ မဟုတ်တာကို'

'မရဘူး'

'အဘရေ လုပ်ပါဦး၊ ပြောမရဘူး၊ အဟင့်… အမေ လွှတ် ပါဗျ'

ကြည့်နေတဲ့ ဖအေကို အကူအညီတောင်းတယ်။

'မလုပ်ပါနဲ့ မိန်းမရာ၊ သူမှ မသိတာ'

'အဟဲ… တွေ့လား'

'ဟွန်း'

ဖအေရဲ့စကား ကြားတော့ သွားဖြဲသွားတယ်။ မအေက မလွှတ် ဘူး၊ အဲ…ဆက်ပြောတဲ့ စကားကြားရော မျက်လုံးပါပြူး လန့်ပါ လ သွားတော့တာ။

'အဲ… နောက်သိအောင်တော့ လုပ်ကွ'

'ဗျာ'

'မင်းလုပ်ရင်လည်း မစို့မပို့မလုပ်နဲ့၊ ထိထိရောက်ရောက် လုပ်ကွ'

'ဟာင်… အံ့မယ်လေး၊ သူ့အားကိုးကာမှ သေပါပြီ'

'ဟဲ့… မပြေးနဲ့'

*ပုဆိုးကို လည်းပင်းကနေ ချွတ်ပြေးတယ်။ မရဘူး လည်* မှာ ပတ်ရစ်ပြီး ခေါင်းဖြူတုတ်က အတင်းဆွဲ။ အနားထောင်ထားတဲ့ ကြိမ် နဲ့ ပတ်တွယ်တယ်။

'ဖြန်း… ဖြန်း… ဖြန်း'

'သေပါပြီဗျ'

'ကဲ… မှတ်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'ဖြန်း... ဖြန်း'

ရွာတောင်ပိုင်းမှာ အသံတွေ ဆူညံနေတော့တာ။ မသိရင် နွားကို ကြိုးတုပ်ပြီး ရိုက်နေတာလိုလေ။ ဒါပေမဲ့ အသံက လူသံ ဖြစ်နေတော့။

♦ ♦ ♦

ကုလားထိုင်ပေါ်မှာ သူကြီးမှိန်းနေတယ်။ တစ်ညလုံး ငုတ်တုတ် ဆိုတော့ ထိတာပေါ့။ လူကြီးကလည်း ဖြစ်ပြန်။ တူဖြစ်တဲ့သူကိုလည်း စိတ်ဆိုးပြီး ပေထိုင်နေတာလေ။ အဲ့ဒီအကျိုးဆက်ကတော့ အခုဖျားနေပြီ။

မိဝါက ဖအေကို ပြုစုနေတယ်။ ဒေါ်ပန်းဝါကတော့ ဆေးလိပ် ထိုင်ဖွာနေတယ်။ ပြောသေးတာ သူကြီးက။

'တောက်...သူခိုးကို မမိလိုက်တာနာတယ်ကွာ၊ ဟိုကောင် အောင်သင်း မကောင်းလို့၊ မဟုတ်ရင် မိမှာ၊ သင်းက မထုံတတ်တေး လုပ်နေတာနဲ့ လွတ်သွားတော့တာ'

'အဘာရယ် နောက်ဆို သူတို့ မလာရဲတော့ပါဘူး'

'ဟွန်း'

သားအဖနှစ်ယောက် အတိုင်အဖောက်ညီနေတာကို ကြည့်ပြီး ဒေါ်ပန်းဝါ မဲ့လိုက်တယ်။ တကယ်တော့ ယောက်ျားဖြစ်သူကို အထင် မကြီးပါ။ စိတ်ထဲမှာလည်း သူကြီးသားမို့လို့ သူကြီးဖြစ်တာလို့ တွေး နေတယ်။

'တော်က ညံ့ကိုညံ့တာ၊ အခုတော့ သူခိုးဆိုတာ ပြောရုံပဲရတာ ဘယ်သူဆိုတာ မသိလိုက်ရဘူး၊ ကျုပ်ဆိုပြတ်ပြီ'

'အမ်'

သူကြီး မျက်နှာကြီး မဲ့သွားလေရဲ့။ မိဝါကတော့ ပြုံးဖြဲဖြဲ၊ ဒေါ်ပန်းဝါ ဆေးလိပ်ဖွာရင်း ဆက်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်မိတာက ကိုရင်ဖိုးကြာနော်၊ သူခိုးက သူရော မဖြစ်နိုင်ဘူးလား၊ ရှင်သွားတော့ သူပဲ အနားရှိတာ'

'မဖြစ်နိုင်ဘူး၊ ဟိုဟာတွေက ငါ့သေနတ်နဲ့ ပစ်ကတည်းက ပြေးလောက်ပြီ သူကနောက်မှ ရောက်လာတာနေမယ်'

'ဟွန်း... ယောက်ဖဘက်က ကာဆီးကာဆီးနဲ့'

'ဟာ... သူမှမဟုတ်တဲ့ဟာ'

လင်မယားနှစ်ယောက်ငြင်းနေကြတယ်။ ဦးဖိုးကြာနာမည် ပါလာမှ မိဝါ ကြာဖြူကို ပိုလွမ်းလာတယ်။ စိတ်ထဲမှာလည်း ဒီနေ့တော့ လယ်ထဲကနေ တစ်နေကုန် သွားစောင့်မယ်လို့ တွေးလိုက်တယ်။ မတွေ့ရတာ ရက်လေးဆယ်နီးပြီလေ။

'အဘ...ပြောင်းခင်းလည်း စိတ်ချရအောင် နေ့လယ်စာ သမီးသွားပို့လိုက်မယ်၊ တော်ကြာ ထမင်းပြန်စားတုန်း ဝင်မ,သွားဦးမယ်'

ဒါနဲ့ပဲ စဉ်းစားနေကြတယ်။ အကြံကို မသိတော့လူကြီးနှစ်ယောက် စိတ်ထဲ ငါ့သမီးလေးတော်လှချည်ရဲ့လို့ ချီးမွမ်းနေကြတယ်။

'အင်း... ဒါပိုကောင်းတာပေါ့၊ သမီးရယ် အဘက သမီးပင်ပန်းမှာစိုးလို့၊ ဒီလိုကျတော့လည်း အားကိုးရသား'

'ရပါတယ်၊ အဘရဲ့ အဟင်း'

'ဟွန်း'

ဒေါ်ပန်းဝါက သမီးကို စွေ့,ကြည့်ပြီး သက်ပြင်းမကောင်းဖြစ်သွားတယ်။ ပြောသေးတာ။

'ဟွန်း... တော်ကတော့ ချီးမွမ်းနေတာပေါ့၊ သင်းလယ်ထဲသွားချင်နေတာကို ကျုပ်သိသလိုလိုပဲ၊ ဟင်း... အချိုးကိုက ဖအေတူလေ'

'အမ်... ဘာမှကို မဆိုင်တာ၊ တူစရာရှိ မင်းနဲ့ပဲတူမှာ'



www.burmeseclassic.com

www.burmeseclassic.com



'အို…အဘာတို့ကလည်း တော်ကြပါ၊ သမီးက နှစ်ယောက်လုံးနဲ့ တူတာ'

'ဟင်း… မှတ်ပြီလား'

မိဝါ ဝင်ပြောမှပဲ ပွဲကပြတ်သွားတော့တာ။ ဒါတောင် ဒေါ်ပန်းဝါက ပြောသေးတယ်။

'ဖအေတူမို့ အလကားနေ ဆီလိုအပေါက်ရှာပြီး ထွက်နေတာ၊ ဟွန်း… ညည်းနော် အမြန်ပြန်လာခဲ့ ဒါပဲ၊ ကြာရင် ငါလိုက်လာမှာ'

'အမေတို့ကတော့ လုပ်ပြီ၊ ဟွန်း'

ဒါနဲ့ပဲ ဆောင့်ဆောင့် ဆောင့်ဆောင့်နဲ့ မီးဖိုခန်းထဲဝင်သွားပြီး အမင်းပို့ဖို့ပြင်တယ်။ သူကြီးက သမီးကိုကြည့်ပြီး ပြုံးနေတယ်။ စိတ်ထဲမှာလည်း သူ့အမေယယ်ငယ်ကနဲ့ တစ်ပုံစံထဲလို့ တွေးနေတယ်လေ။

◆ ◆ ◆

ဦးထော် တံမြက်စည်းလှည်းနေတယ်။ ကျောင်းဝင်းထဲမှာ သရက်ပင်၊ ကုက္ကိုလ်ပင်တွေကပေါတော့ အမှိုက်က ပေါက်တယ်လေ။ ညက အကြောင်းကို ပြန်တွေးပြီး ရင်တုန်နေတော့တာ။ နောက်တစ်ခါ မသွားတော့ပါဘူးဗျလို့ တွေးနေတော့တယ်။

စိတ်ထဲမှာလည်း တထင့်ထင့်နဲ့ ညကတော့ နှစ်လုံးပြူးနဲ့ ရပြီးပြီ။ အခုလောလောဆယ်တော့ ထိတ်တုံးနဲ့ ရနေတော့တာ။

'အဲ့ဒါကြောင့် လူမိုက်ကို ရှောင်ရမယ်လို့ ဘုရားကဟောထားတာကို နောက်တစ်ခါဆိုတော်ပါပြီ၊ အခုတောင် ပြေးရလို့ ဒူးတွေ ခလက်ဂလက်နဲ့မြည်ပြီး လူတောင်မလှုပ်ချင်တော့ဘူး၊ အီး'

တစ်ယောက်တည်း ပွစိပွစိပြောနေတုန်း ကျောင်းဝန်းထဲကို ဝေမိုးနဲ့ ဦးမိုးတိမ် ဝင်လာတယ်။ ဝေမိုးက ဖရဲသီးတစ်လုံးကိုပိုက်၊ ဦးမိုးတိမ်

www.burmeseclassic.com



က ပြောင်းဖူး လေးငါးဖူးကို တွဲကိုင်လာတယ်။ သိတဲ့အတိုင်း ဝေမိုးနဲ့က တည့်တာမဟုတ်။ ဒါနဲ့ စွေ့ကြည့်လိုက်တော့တာ။ ဝေမိုးက ဦးမိုးတိမ်ကို ဖရဲသီးအတင်းထိုးပေးလိုက်ပြီး…

'အဘ၊ ကျုပ်မလိုက်တော့ဘူးဗျာ၊ ဆရာတော်ကြီးကို ကြောက်တယ်ဗျ'

ဦးမိုးတိမ်က စောင့်ကြည့်လိုက်တယ်။

'မင်းကွာ၊ ဒါလောက်သဘောထားပြည့်တဲ့ ဘုန်းကြီးကိုများ ကြောက်သေးတာ'

'ဟာ၊ ကျုပ်ကြောက်တာ သူပြောမယ့်တရားတွေကိုဗျ'

'ဟေ'

'ဟိုတစ်ခါ အမေနဲ့လိုက်လာတုန်းက ခဏဆိုပြောလိုက်တာ အဲ့… တရားကတော့ ကောင်းလား မကောင်းလားမသိဘူး၊ တိုင်မှီပြီး အိပ်ပျော်သွားတော့တာ၊ အဲဒါလန့်နိုးလို့ ကြည့်လိုက်တော့လည်း ဟော တုန်းပဲဗျာ၊ ဒါနဲ့ ကျောင်းအောက်ဆင်းပြီး အိပ်ရတဲ့ အထိပဲ'

'မင်းကတော့ လုပ်ပြီ'

'ဟာ… အပိုမပြောဘူး၊ အမေ မျက်နှာငယ်လေးနဲ့ ဆင်းလာပြီး ကျုပ်ကို နှိုးတယ်၊ ညနေကို စောင်းရော၊ ဒါတောင် အပေါ်ကနေ လှမ်းပြောသေးတယ်၊ ဒကာမကြီး နောက်နေ့လာတဲ့အခါ စောစောလာ၊ ဒီနေ့ နောက်ကျတော့ တရားက အဖွင့်ပဲရှိသေးတာတဲ့ဗျာ'

'ဟေ'

တဟေဟေနဲ့ မျက်လုံးပြူးနေတဲ့ ဖအေကို ကြည့်ပြီး ဝေမိုး ပြုံးလိုက်တယ်။

'အခု၊ အမေမလိုက်ဘဲ အဘတစ်ယောက်တည်း လာတာလိုက်တာ အဲဒါကြောင့်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… တကယ်'

'တကယ်ပေါ့ဗျ'

ဒါနဲ့ပဲ မျက်နှာလေးငယ်သွားတယ်။ လျှိုတာကလျှိုတာပဲ နားပူမှာတော့ ကြောက်သား။ ဒီလိုပါပဲ ဘုရားတရားဆို ပြောရင်း နားမထောင်တတ်ကြဘူးလေ။ ဘေးဘီကိုဝေ့ကြည့်တော့ ဦးထော်ကို တွေ့မှ ပြုံးသွားတယ်။

'ဒီလိုလုပ်မယ်ကွာ၊ အဟဲ… ငါလည်း အိမ်မှာ အလုပ်ရှိသေးတော့ အကြာကြီးမရဘူး၊ ကပ္ပိယကြီးကိုပဲ ပေးပြီး လျှိုခိုင်းလိုက်မယ်'

'ကောင်းပါ့မလားဗျ'

'ကောင်းပါတယ်ကွ၊ ကဲ…ရော့၊ မင်းယူပြီး သွားပေးလိုက်ကွာ၊ ငါတော့ လစ်ပြီ'

'ဟင်'

ဝေမိုးလက်ထဲကို ပြောင်းဖူးတွေနဲ့ ဖရဲသီး ထိုးထည့်ပေးပြီး အတင်းပြန်ပြေးလေရဲ့။

'ဟာ… အဘနေဦးလေဗျာ၊ ဒုက္ခပဲ၊ ဟွန်း… အစကတည်းက မပြောဘဲနေ ကောင်းသား၊ အခုတော့'

ဝေမိုးမျက်နှာကြီးမဲ့ပြီး ဦးထော်နား ရောက်လာတယ်။

'ဟင်'

'ဂလု'

ဖရဲသီးနဲ့ ပြောင်းဖူးတွေကို မြင်ကတည်းက စားချင်နေတာ။ ဒါပေမဲ့ ရှုပ်တည်နဲ့ မသိယောင်ဆောင်နေတယ်။

'ဗျို့… ဦးထော်'

'ဟေလေကွာ'

အမှိုက်တွေ ကုန်းကောက်ရင်း မသိယောင်ဆောင်နေတယ်။ ပြီးမှ ပုံမှန်မျက်နှာနဲ့ လှည့်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ဖရဲသီးနဲ့ ပြောင်းဖူးတွေ ဆရာတော်ကြီးကို လှူပေးပါဦးဗျ'

'ဟာ… မဟုတ်သေးပါဘူး၊ လှူတယ်ဆိုတာ ကိုယ်တိုင်လှူမှ ကုသိုလ်ရတာကွ'

'ဟာဗျာ… မသိဘူး၊ ဆရာတော်ကြီးက တရားဟော အရှမ်းရှည်တယ်၊ ကျုပ်ကလည်း ဒါမျိုးကို လွတ်ပျင်းတာ'

'မဟုတ်သေးပါဘူးကွာ'

ဦးထော်ကြိတ်ပြုံးလိုက်တယ်။ ဒီတစ်ခါတော့ ဝေမိုးကို ကောင်းကောင်းဒုက္ခပေးဖို့ ကြံလိုက်တယ်။

'လာကွာ၊ ဆရာတော်ကြီး အိပ်နေတယ်၊ အဲလေ… ကျိန်းနေပါတယ်ကွ၊ ဒီရောက်မှတော့ ကျောင်းပေါ်တက်ပြီး ဘုရားတော့ ကန်တော့ရမှာပေါ့၊ လာ'

'ဟာဗျာ၊ တက်ဘူးဟာ'

'လာပါကွာ၊ စိတ်ချ၊ တရားမဟောပါဘူး ကျိန်းနေတယ်'

'သေချာတယ်နော်'

'ဟာ… လာပါကွာ'

ဦးထော်ရှေ့ကနေ ဖရဲသီးကိုပိုက် ပြုံးပြီးသွားတယ်။ ဝေမိုးကတော့ နောက်ကနေမဲ့ပြီး လိုက်သွားတော့တာ။ ကျောင်းပေါ်လည်း ရောက်ရော ဆရာတော်ကြီးကို ကွမ်းထိုင်ဝါးရင်း စာဖတ်နေတာ တွေ့ရတယ် ဆိုရင်ပဲ။

'ဟိုက်… နာပြီ'

'အဟဲ… စောစောက၊ ကျိန်းနေတာကွ၊ အဟီး'

'ဟွန်း… ခင်ဗျားကြီးတော့'

ဝေမိုး မျက်လုံးလေးပြူး၊ မျက်နှာလေးငယ်သွားလေရဲ့။ ဦးထော်ကတော့ ပြုံးလို့။ ဆရာတော်ကြီးက ပြုံးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကပ္ပိယ… ဒါဘယ်သူများလဲကွယ့်'

'ဩော်… ဒါဦးမိုးတိမ်ရဲ့သား ဝေမိုးပါဘုရား၊ ပေါ်ဦးပေါ်ဖျား ဓရဲသီးနဲ့ ပြောင်းဖူးလာကပ်တာပါ'

'အေး… ကောင်းပါလေ့၊ အံမယ်…ဒကာလေးက အသက်သာ ငယ်တာ၊ ဘာသာတရား တယ်ကိုင်းရှိုင်းတာကိုး'

'အဟင့်… တင်ပါ့'

ဝေမိုးငိုချင်နေတဲ့ မျက်နှာကို အတင်းပြုံးတယ်။ ဆရာတော်ကြီးက အလှူပစ္စည်းကို လက်ခံလိုက်တယ်။

'ကပ္ပိယ… ဓရဲသီးက သိမ်းထားဦး၊ ပြောင်းဖူးကတော့ နင် သွားပြုတ်ချေ၊ ဒီဒကာလေးကို တရားချီးမြှင့်လိုက်ဦးမယ်'

'ဟင်'

ဝေမိုး မျက်နှာလေး အတော်ငယ်သွားတယ်။ ဦးထော်ကတော့ ဆရာတော်ကြီး မမြင်အောင် ပြောင်ပြပြီး ကျောင်းပေါ်က ဆင်းသွားတယ်။

'အဟမ်း… တကယ်တော့ အလှူခံပုဂ္ဂိုလ်နဲ့ လှူတဲ့ပုဂ္ဂိုလ်ဟာ သဘောထားချင်းညီမျှမှ ကုသိုလ်ရတာကွယ့်'

'တင့်ပါ့ဘုရား'

ဝေမိုး အတော်ငိုချင်လေပြီ။ မတတ်နိုင်ဘဲ ထိုင်နားထောင်နေ ရတယ်။ ဆရာတော်ကြီးက ဆက်ပြောတယ်။

'တကယ်တော့ လှူတယ်ဆိုတာ အခုမြင်နေရတာပဲ၊ ဟော… ကျောင်းခြံစည်းရိုး တံတိုင်းကိုပဲကြည့် မောင်ဘယ်သူ၊ မဘယ်သူ နာမည် ကြီးတွေထိုးပြီး လှူထားကြတယ်၊ ဒါကုသိုလ်အရနည်းတယ်၊ ဘာလို့ လဲဆိုတော့ တကယ့်စိတ်ရင်းထက်သန်စွာ လှူတာမဟုတ်ဘူး၊ ကြွားဝါ ချင်တဲ့သဘောနဲ့လုပ်တာ၊ ဗုဒ္ဓဘာသာနဲ့ ခရစ်ယာန်ဘာသာ ကွာခြားတာ ဒါပဲ၊ ခရစ်ယာန်ဘာသာဝင်တွေဟာ လှူတယ် တန်းတယ်၊ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝါဆိုတာ မရေးထားကြသလို စိတ်လည်း မဝင်စားဘူး၊ ကြွားဝါ စိတ်မရှိတာကိုပြတာ၊ တချို့ဆို မိဘမဲ့ဂေဟာတွေ ဖွင့်ကြတယ်၊ ဒါပေမဲ့ ဘယ်သူဘယ်ဝါရယ်ဆိုတာ သိတဲ့လူနည်းတယ်၊ အဲ… ကျုပ်တို့ ဘာသာ ဝင်တွေသာ ကြွေးပြားလေးတစ်ချပ်ကစ အုတ်နံရံတစ်ခုကအဆုံး နာမည် တွေကို ပြည့်လို့၊ ကဲထားတော့၊ ပြောချင်တာက လှူတာတဲ့မှ အကျိုးရှိ တာ၊ ဘုရားရှင်လက်ထက်တုန်းအခါက × × × × × × × × × ×

ညနေနေဝင်ရီတရောလောက်မှပဲ ဝေမိုး ကျောင်းဝင်းထဲကနေ ယိုင်တီးယိုင်တိုင် ထွက်လာတယ်။ မုခ်ဦးနားမှာတော့ သဘောအကျကြီး ကျနေတဲ့ ကပ္ပိယကြီးကို တွေ့ရတယ်။ မျက်နှာကြီးကိုဖြီးလို့။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကြာဖြူ စားသောက်ပြီးတာနဲ့ ခြံထဲကနေ မဲ့ရွဲ့ထွက်လာခဲ့တယ်။ ဗိုဘတွေကိုလည်း အတော်တင်းသွားတယ်လေ။ စိတ်ဆိုးပြီး တဲမပြန်ဘဲ ရွာထဲ မိဝါကို ရှာတော့မယ် ဆုံးဖြတ်လိုက်တယ်။

'ဟွန်း... ခါတိုင်းညတွေလို ငါ့ဟာငါ ငိုက်နေပြီးရော၊ အခု တော့၊ ကျွတ်... ကျွတ်... တောက်... လမ်းတောင် မနည်းလျှောက် နေရတယ်'

တစ်ယောက်တည်း ပွစိပွစိပြောရင်း မိတိုးတို့ အိမ်ဘက်လာခဲ့ တယ်။ သူ့ဟာလေး ဒီအချိန်ဆို လျှောက်သွားနေလောက်ပြီလေ။ အနီး စပ်ဆုံးက မိတိုးဆီပဲ။ သွားရင်း လမ်းမှာဆုံလို့ဆုံငြား ရှာတယ်။ မတွေ့ ဘူး။ ရောက်သွားတော့ မိတိုးကို အိမ်အောက်ထိုင်မှိုင်နေတာ တွေ့ရတာ နဲ့ ခြံထဲလှမ်းဝင်လိုက်တယ်။

'ဟဲ့... မိတိုး... မိဝါ ဒီကိုလာသေးလား'

'လာဘူး'

'အဲ'

တစ်ချက်မော့ကြည့်ရင်း ဆောင့်အောင့်ဖြေတယ်။ ဒီတော့မှ နှုတ်ခမ်းစူကာ ကောက်နေမှန်း သိရတော့တာ။ မဟုတ်မှလွဲရော ဗိုမိုး လာမတွေ့လို့ ထင်တယ်လို့ တွေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို ကောင်းကောင်း ပြောနော်၊ မဟုတ်ရင် ဝေမိုးနဲ့ မတွေ့ရဘဲနေမှာ၊ မနေ့ကတောင် ပြောနေသေးတာ၊ အေးလေ… နင် မသိချင်လည်း'

'ဟယ်….သူက ဘာပြောလဲဟင်'

ဒီတော့မှ မျက်ပြူးလေးနဲ့ ပျာယာခတ်သွားတယ်။ မသိယောင်ဆောင်ပြီး မူနေတဲ့ ကြာဖြူကို အတင်းမေးတယ်။

'နင် တကယ်သိချင်လား'

'အင်း'

'ဒါဆို မိဝါ ဒီကိုလာသေးလား မှန်မှန်ဖြေ'

'ဒီကောင်မနဲ့ မတွေ့တာတောင် ကြာပြီ၊ တကယ်မလာတာ လာရင် ဘာပြောလိုက်ရမှာလဲ၊ တကတည်းမှပဲ၊ ဒါမှမဟုတ် ငါသွားပြောပေးမယ်'

'ဒီလိုလုပ်ပါ အဟွင်း'

ကြာဖြူက ဆံရာပြုံးပြုံးပြီး အတန်ကြာစဉ်းစားသလို လုပ်နေတယ်။ ဟိုဟာလေးကလည်း စိတ်က မရှည်။

'ဟဲ့… ပြောပါဆို'

'အေးပါဟ၊ ငါမေ့နေလို့ ပြန်စဉ်းစားနေတာ၊ အဲ… ဒီည သူလာခဲ့လိမ့်မယ်၊ အဲ့ဒါနင်စောင့်နေကျနေရာက စောင့်နေတဲ့၊ အဲ့… ဆယ့်တစ်နာရီလောက် လာခဲ့လိမ့်မယ်၊ မြန်မြန်တွေ့ကြနော်၊ ငါက သူ့အခင်းပါ စောင့်ပေးရမှာ'

'ဟယ်… တကယ်၊ နင်ငါ့ကို လာမနောက်နဲ့နော်'

ဝမ်းသာတာကို အတင်းဖုံးဖိပြီး ပြန်အစ်တယ်။ ကြာဖြူက စွေ့ကြည့်ပြီး ရုပ်တည်နဲ့ မေးတယ်။

'ဘာလဲ… နင်က ငါ့ကို မယုံလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… ငါက သေချာအောင်မေးရတာ၊ တကတည်း ဖြစ်နေလိုက်တာ ကဲ'

'အားလား… သေပါပြီ'

ရှက်တက်တက်နဲ့ ကြာဖြူကျောကို အသာရိုက်လိုက်တယ်ဆိုရင်ပဲ ထအော်တော့တာ။ မျက်နှာကြီးမဲ့လို့။

'ဟာ… သေပါပြီဟ… အံမယ်လေး'

'အံမယ်… ဖြစ်နေတာ ဖြည်းဖြည်းလေးဟာကို'

'ဟာ… နင် မသိပါဘူး၊ စောစောက ငါအခံဆော်ခံထားရတာဟ'

'ဟင်'

'ဟုတ်တယ်၊ ငါညက သူခိုးမှတ်ပြီး လေးခွနဲ့ပစ်လိုက်တာ အာဖြစ်နေတယ်လေ၊ အမေက ငါ့ကို ဆော်ပါလေရော၊ အား… ကျွတ်… ကျွတ်'

'ခစ်… ခစ်… ကောင်းတယ်၊ မိဝါကို ငါဘာပြောလိုက်ရမှာလဲ'

ကြာဖြူ ခဏစဉ်းစားတယ်။ ဒီညဝေမိုးအလှည့်ဆိုတော့ နောက်နေ့ညမှ တွေ့မယ် ဆုံးဖြတ်လိုက်ကာ။

'မနက်ဖြန် ညကျရင် ငါလာတွေ့မယ်၊ ဆယ့်တစ်နာရီလောက်လို့ ဒါပဲပြောလိုက်ဟာ၊ စိတ်ညစ်တယ်၊ ငါက သူ့ကို အတော်တွေ့ချင်နေတာ၊ ရွာထဲလိုက်ရှာရင်း သူ့အိမ်ကို သွားချောင်းဦးမယ်'

'အံမယ်… အတော်ဖြစ်နေတယ်ပေါ့'

'နင်လည်း သိသားနဲ့ သူ့ကို ငါအသေချစ်တာဟ၊ ကဲ… သွားပြီ နင်တွေ့ရင် ဆက်ဆက်ပြောလိုက်နော်၊ ငါနဲ့က တွေ့ချင်မှ တွေ့မှာ၊ သွားတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေး… စိတ်ချ'

ကြာဖြူခြံထဲကနေ စိတ်ပျက်လက်ပျက် ပြန်ထွက်လာခဲ့တယ်။ မိတိုးကတော့ အပြုံးနဲ့ ကျန်ခဲ့တယ်လေ။

◆ ◆ ◆

'အောက် အီး အီး အွတ်'

ကြက်ဖကြီး ပေသီး ခြံဝထွက်ပြီး မျက်နှာချင်းဆိုင်ခြံထဲမှာ အစာစားနေတဲ့ ကြက်မတွေကို ကြက်ယောင်ထွက်ပြတယ်။

ကြက်မတွေက အစာကောက်နေရာကနေ မော့ကြည့်ပြီး တကွပ်ကွပ် ကရော်၊ ကရော်နဲ့ လာမယ်ပြင်တယ်။

'ဖလပ်၊ ဖလပ်'

'အောက် အီး အီး အွတ် ဟွတ်'

ပေသီး ခေါင်းမော့ရင့်ကော့ အတောင်ကို တဖျပ်ဖျပ်ရိုက်ရင်း အားပါးတရတွန်တယ်။ ကြက်မနှစ်ကောင် အနားရောက်လာတော့ ဟိုယက် ဒီယက်။ အစာပဲရှာပေးတာလိုနဲ့ ဖွန်ပတ်ကြောင်ပြန်တယ်။ ပတ်ကြည့်တော့ ကိုယ့်လို ကြက်ဖတစ်ကောင် တစ်မြီးမှ မတွေ့တာနဲ့ ထပ်တွန်တယ်။

'အောက်…အီး…အီး အုဟု'

တွန်လို့တောင် မပြီးဘူး။ ခြံဝနားရောက်လာတဲ့လူကို တွေ့တယ်ဆိုရင်ပဲ နဂိုပြူးမျက်လုံးပိုပြူးသွားပြီး အမြီးထောင်တဲ့အထိ လန့်သွားတယ်။ ဒီတစ်ခါ ဒီလူနောက်သာပါလို့ကတော့ သေပြီတွေးပြီး ခြံထဲ ခွက်ခွက်လန်အောင် ဝင်ပြေးတယ်။

ကြောက်လား မကြောက်လား အမြီးကိုထောင်၊ ခေါင်းကိုငို အတောင်ကို ရှေ့ပစ်ပြီး မာရသွန်သမားတွေလို ပြေးတာလေ။ ခုန်းစရာ ကွယ်စရာ အနီးဆုံးဆိုလို့ ဆောင့်ကြောင့်ထိုင်ငိုက်နေတဲ့ နက်ဒေါ့ပဲ ရှိတယ်။ နက်ကျော်ကို မကြောက်အားတော့ဘဲ နောက်ဝင်ပုန်းပြီး ပုနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြံဝကို ယောင်ပေပေရောက်လာတဲ့ ကြာဖြူကတော့ ဒါတွေ ကိုမသိ။ မိဝါရဲ့ အရိပ်အယောင်ကို လှမ်းချောင်းတယ်။ ဒီတုန်းမှာပဲ အိမ်ပေါ်ကနေ သူကြီးဆင်းလာတာတွေ့တာနဲ့ နောက်ပြန်လှည့်၊ ညာဘက် သမ်းကြားထဲ ဝင်သွားတယ်။ အဲ… ချက်ချင်းဆိုသလို ဘယ်ဘက်လမ်း ကြားထဲကနေ တောင်းကို ခါးစောင်းတင်ပြန်လာတဲ့ မိဝါက ခြံထဲ စိတ်ပျက်လက်ပျက်ဝင်လိုက်တော့တာ။

နက်ကျော်ငိုက်နေရာကနေ အတော်လန့်သွားတာ။ မျက်လုံးပါ ပြူး၊ ပါးစပ်ပါပြဲ။ နားရွက်ပါထောင်ပြီး နောက်ကို လှည့်ကြည့်လိုက် တော့ ပေသီးကို တွေ့ရတယ်လေ။ ကြောက်နေတာများတုန်လို့။ ပိုင်ပြီ ဆင်ပြီး ပါးစပ်ကိုဖြဲ ကိုက်မယ်ကြံတယ်။

'ဟမ်း'

'ကွပ်…ကွပ်'

ပေသီးက ပြေးဘူးရယ်။ နက်ကျော်လိုက်လို့ပြေးရ မသကာ ခြံတစ်ပတ်ပေါ့။ ဟိုလူနောက်ပါသွားလို့ကတော့ မလွယ်။ အိမ်ထဲက ထွက်လာတဲ့ သူကြီးကို တွေ့လိုက်တယ်ဆိုရင်ပဲ နက်ကျော် လန့်သွားတယ်။ အပျာကယာဖြဲထားတဲ့ ပါးစပ်ကို အရှိန်သတ်လိုက်ကာ ပေသီးခေါင်းကို လျှာနဲ့ လျက်ပေးလိုက်တော့တာ။

'အဟား… တယ်လည်း တည့်နေကြပါလားကွယော၊ အံမယ်… နက်ကျော်တောင် အတော်လိမ္မာလာပြီပဲ'

အကြောင်းမသိတော့ ချီးကျူးနေတယ်။ ပေသီးက သူကြီးကို ပြေးကပ်တယ်။

'လာပါဦး၊ သားကြီးရဲ့'

သူကြီးက ပေသီးကို ဖမ်းပြီးပွေ့ထားတယ်။ အတော်ထူထူ ထောင်ထောင်ဖြစ်လာလို့။ အပေါ်မှာ မနေချင်တာနဲ့ အိမ်အောက်ဆင်း လာတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတုန်းမှာပဲ မျက်နှာရှစ်ခေါက်ချိုးနဲ့ မိဝါဝင်လာတယ်။

'ဩော်… သမီးတောင် ပြန်လာပြီကိုး'

'ဟုတ်'

မိဝါက ဟုတ်ဆို အိမ်အောက်သွားထိုင်နေတယ်။ သူကြီးက နေကိုမော့ကြည့်တော့ အတော်စောင်းနေပြီ။

'သမီးမိန်းကလေးတဲ့၊ နေ့လယ်ကတည်းက ထွက်သွားတာ ဟွန်း… မိုးချုပ်ပြန်ရောက်၊ တော်ပြီပေါ့၊ မိန်းကလေးပဲဟာ ဟုတ်ဘူးလား'

'အမ်'

ရွဲ့ပြောလိုက်တော့ မိဝါဇက်ပုသွားတယ်။ မအေဖြစ်တဲ့သူက မြန်မြန်ပြန်လာတဲ့မှာလိုက်ကာမှပဲ အခုနေတောင်စောင်းနေပြီ။ ဆင်ခြေပေးဖို့ ခဏအကြံထုတ်တယ်။ ပြီးမှ မျက်နှာဝင်းသွားကာ ပြောတယ်။

'အဲ့မှာလေ ကိုကြီးအောင်သင်းပေါ့၊ ထမင်းစားပြီး ဟိုနားခဏ ဒီနား တအောင့်ဆို သွားလိုက်တာ ပြန်ကိုမလာတာလေ၊ အဲဒါနဲ့စောင့် ပေးနေရလို့ပါ အဘရဲ့၊ အဟဲ'

'ဟွန်း… ဟုတ်ပဲနဲ့'

'ဩော်… အဘရယ်၊ မယုံမေးကြည့်'

သူကြီးက မယုံသလိုကြည့်တာနဲ့ တောင်းကြီးမ,ပြီး မီးဖိုချောင်ထဲ ဝင်ပြေးသွားတယ်။ သူကြီးကတော့ ပေသီးကို အစာကျွေးနေတယ်။

မိဝါ အိုးတွေခွက်တွေ ဆေးကြောရင်း ကြာဖြူကိုတင်းနေတယ်။ ဟုတ်တယ်လေ။ တစ်နေကုန် သင်းကိုစောင့်နေတာ။ ကိုကြီးအောင်သင်း ခမျာ ထန်းတောထဲ တစ်ခါပြေး။ ပြောင်းတဲကို တစ်ခါပြေး၊ ဟိုပြေးဒီပြေး နဲ့ ကြားက ငထွား ခါးနာနေတော့တာ။

'ဟွန်း… သင်း… တွေ့မယ်၊ ငါ့မှာတော့ လွမ်းလိုက်ရလိုက်ရ တာ၊ အံမယ်… သူကတော့ ဘယ်သူ့ဆီသွားပျော်နေလဲ မသိဘူး တွေ့မှ

www.burmeseclassic.com



တစ်ခါတည်း အပြတ်ဖြတ်ခဲ့ရမယ်၊ ဟွန်း… မိဝါတဲ့၊ ဒီတစ်ယောက် ကောင်း နောက်တစ်ယောက်ပဲ'

တစ်ယောက်တည်း ပွစိပွစိနဲ့ပြောရင်း ဆေးကြောပြီး သိမ်းဆည်း နေတယ်။ ရည်စားပူမိပြီးသကာလ ထမင်းတောင်မစားနိုင်တော့ဘဲ စော စောစီးစီး တက်အိပ်နေတော့တာ။

◆ ◆ ◆

ကြာဖြူ ဝေမိုးတဲ့ရွှေ့ကနေ စောင့်နေတာ အတော်ကြာပြီ။ ကိုယ့် အကျိုးမအောင်ပေမယ့် သူများအကျိုးက ဆောင်ပေးရဦးမှာဆိုတော့။ မှောင် တာနီးကျမှပဲ ကုပ်ဖေးဖေးလာတာ တွေ့ရတယ်။ နားနှစ်ဘက်ကိုလည်း ကြောမကြာနှိုက်ပြီးတော့လေ။

'မင်းကွာ အခုမှလာရသလားဟ'

'ဟင်း…ဘာပြောတာ'

မကြားဘဲ မျက်နှာကို စောင်းပြီး ပြန်မေးတယ်။ ကြာဖြူ ကျွဲမြီး တိုသွားတယ်။ ဒီကောင် ဘာဖြစ်နေပါလိမ့်တွေးပြီး အကျယ်ကြီးအော် ပြောတယ်။

'မင်းကို ငါစောင့်နေတာကြာပြီလို့ ပြောတာဟ'

'သြော်… အေး… အဲလိုကျယ်ကျယ်ပြောဟ၊ လာကွာ၊ တဲပေါ် တက်ရအောင်'

'အေး'

နှစ်ယောက်သား တဲပေါ်ရောက်မှ ဝေမိုးက မဲ့ရွဲ့ပြီး ပြောပြတယ်။ ဖရဲသီးသွားလှူရာက စပြီးတော့လေ။

'ငါ့မှာကွာ နားထဲက လေကိုထွက်ရောပဲ၊ အိပ်ချင်လိုက်တာ လည်း လွန်ရောကွာ၊ နောက်ဆုံး ငါလည်း တိုင်မှီပြီး ငိုက်ရတော့တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ကုသိုလ်တွေရလာတာပေါ့လေ'

ဝေမိုးက မျက်စောင်းထိုးရင်း…

'နောက်ဆုံး မရတော့မှ တပည့်တော်ဖရဲတဲ့ စောင့်ရှုဦးမှာမို့ ဖြစ်ပါရစေ ဘုရားဆိုတော့၊ ဩော်…တဲ့၊ အေး…ပြီးတော့မယ်၊ ခဏနေ ညနေကို စောင်းရော'

ကြာဖြူ ခွက်ခွက်လန်အောင် ရယ်တော့တာ။ ဝေမိုးက ဆက်ပြောတယ်။

'ငါလည်း တင်ပါ့၊ တင်ပါ့နဲ့ တဖြည်းဖြည်း အပေါက်ဝနား တိုးသွားတော့တာ ဒါတောင်နောက်က အသံကပ်ပါလာသေးတယ်'

'ဟင်… ဟုတ်လား'

'ဒကာလေး အားတဲ့တစ်ရက်လောက်လာခဲ့ပါဦးတဲ့၊ အလှူနဲ့ ပတ်သက်တဲ့ တရားကများတယ်၊ အခုမှ စတောင်မစရသေးဘူးတဲ့ဗျာ၊ ဘာပြောကောင်းမှာလဲ ဘာမှကို ပြောမကောင်းဘူး၊ ငါလည်းလစ်လာ တော့တာ၊ ပြန်လာကတည်းက နားထဲကလေတွေထွက်ပြီး ကောင်းကောင်း မကြားရသေးဘူးဟ'

ဖြစ်ကြောင်းရယ်ကို နတ်သီနှော ပြောပြတယ်။ ကြာဖြူလည်း ရယ်နေတော့တာ။ ပြီးမှ မိတိုးနဲ့တွေ့တဲ့ အကြောင်းကို ပြောပြတယ်။ ဒီတော့မှ ဝမ်းသာသွားလေရဲ့။

'ဟင်… မင်းတကယ်ပြောတာ'

'တကယ်ပေါ့ဟ'

'အဟား… ပျော်လိုက်တာ၊ အဲဒါကြောင့် ဟိုကောင်တွေထက် မင်းကို ပိုခင်တာ'

'ဟုတ်ပဲနဲ့'

'ကဲ… ဒီညမင်းသွားဖို့ပြင်၊ ဒီကအတွက်တော့ ဘာမှမပူနဲ့၊ ငါရှိတယ်၊ အရေးကြီးတာက ဟိုကောင်ပေတိုး မသိဖို့ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ဒီကောင်ရိပ်မိရင် ပျက်မှာကွ၊ ဒီည မင်းထဲကို လာ ယိုထင်တယ်'

နှစ်ယောက်သား ကျိတ်တိုင်ပင်နေကြတယ်။ ကြာဖြူက ပြုံးပြီး ပြောတယ်။

'ဘာမှမပူနဲ့၊ ငါ့ဆီမှာ သုံးလုံးရှိတယ်၊ အသောင်းဆီက ဝင်ဆွဲ ာတာ၊ မင်းလည်းလာခဲ့၊ စောစောသောက်ပြီး ဒီကောင့်ကို ဖိတိုက် ရမယ်၊ မင်းက မသိမသာ လျှော့သောက်ကွ နော်'

'အေး… ဒါလည်း ကောင်းတာပဲ၊ ကဲ… အခုပဲ သွားကြမယ်'

နှစ်ယောက်သား ကြာဖြူတဲကို သွားကြတယ်။ ထင်တဲ့အတိုင်း ဲ ဟိုနှစ်ယောက်ရောက်လာတာနဲ့ ဝိုင်းစ,လိုက်ကြတယ်လေ။

◆ ◆ ◆

မသိမသာ ကြီးလာတဲ့ လရောင်အောက်မှာ အရာရာဟာ မှုန်တိ ှုန်ဝါးနဲ့ လှပနေတယ်။ ဝေမိုး မိတိုးတို့ခြံနောက်နား ရောက်နေပြီ။ ခြံထောင့် ာ ကောက်ရိုးပုံနားကို လှမ်းကဲကြည့်တော့ မိတိုးကို ငုတ်တုတ်လေး ထိုင်နေတာ တွေ့ရတာနဲ့ ဝမ်းသာသွားတယ်။

ခြံထောင့်ကို အသားကပ်ပြီး ဝန်းထရံကို ဟတယ်။ အသံကြား ာ မိတိုးက ဝေ့ကြည့်တယ်။ အထဲဝင်လာတာတွေ့တော့ မျက်နှာကိုမာပြီး ာည်ထားတယ်။

'အဟဲ… ဟိုလေ ရောက်နေတာ ကြာပြီလား၊ ကိုမိုး နောက် ျသွားတယ်၊ နည်းနည်းလေးပါ'

ပြောသံကြားမှပဲ မျက်နှာက ပိုမာသွားတယ်။ မာမှာပေါ့။ အရက်နံ့ ွက်လာတာကိုး။ စွေ,ကြည့်တယ်။

'ပြော… တော်က ကျုပ်ကို ဘာကိစ္စချိန်းရတာလဲ၊ ကျုပ်က ိတ်ဆိုးမပြေသေးဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဆိုးတုန်းလား'

မေးတော့ မျက်နှာမဲ့ပြီး နှာခေါင်းပါ ရှုံ့သွားတယ်။ အနားတိုး သွားတော့ ကိုယ်ကိုယို့ပြီး…

'အခု အမူပိုတိုးလာပြီ၊ ကျုပ်ဘယ်နှခါပြောရမှာလဲ'

'ဟင်… ဘာလို့လဲ'

'ဘာလို့လဲ၊ ဟုတ်လား၊ ဟိုအရည်တွေ သောက်လာပြန်ပြီမေ လေ၊ သွား အနားမကပ်နဲ့'

'အဟဲ… ကိုယ့်ရည်းစားနားကပ်တာ ဘာဖြစ်လဲ'

'ကပ်နဲ့ဆို'

ပြောကာမှပဲ အနားကပ်ပြီး ဖက်လိုက်တော့ မျက်စောင်းထိုးတယ် ဝေမိုးကတော့ သွားအဖြဲသားနဲ့လေ။ မိတိုးက မူလက်စနဲ့ ဆက်မူရင် မျက်စောင်းကို ဖောဖောသီသီထိုးတယ်။ စိတ်ထဲမှာတော့ ကျေနပ်နေတယ် ဘယ်မိန်းကလေးမဆို ကိုယ်ချစ်သူရဲ့ အယုအယကိုတော့ လိုချင်ကြ တာလေ။

အတော်ကြာတဲ့အထိ ကိန္နရီ ကိန္နရာတို့တွေ၊ ရိုမီယိုနဲ့ ဂျူလီ ယက်တို့တွေ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာတို့တွေ။ အဲ… သူတို့ကြားရင် ခွက်ခွက်လန်အောင် ထိုင်ထိုင်ငိုရမယ့် အလွမ်းအဆွေးတွေနဲ့ ပြောမကုန် အောင် ရှိကြလေရဲ့။

'ကိုမိုးကို ပြောရဦးမယ်၊ အဲတော့ အခုမှ သတိရတယ်၊ ကြာပြီ ပြောခိုင်းထားတာ မိုးချုပ်သွားလို့ မပြောရသေးဘူး'

'ဒါများကွာ မနက်ဖြန်တစ်နေ့လုံးရှိပါသေးတယ်၊ ထားလိုက် အခုလောလောဆယ် အဟဲ… ကိုယ့်အတွက်ပဲ ကိုယ်စဉ်းစားရအောင်'

'ဟွန်း… ဟိုက ရှင့်အတွက် လုပ်ပေးထားတယ်လေ၊ ပြန်လုပ် ပေးရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ထားစမ်းပါကွာ၊ မနက်ဖြန်ည မတွေ့ရလည်း ဘာအရေးလဲ၊ မနက်ဖြန်တွေ အများကြီးဟာကို၊ အဟဲ'

အတော်အားကိုးရတာပြောပါတယ်။ စကားတွေပြောပြီး ကြည်နူး နေလိုက်ကြတာ မိုးကိုလင်းရောလေ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

လရောင်ဝါဝါကို ကြည့်ပြီး ကြာဖြူ မိဝါကို လွမ်းနေမိတယ်။ အခုဆို ဝိုင်းပြီးလို့ ဝေမိုးလည်း သွားပြီ။ ပေတိုးနဲ့ မင်းမောင်လည်း ပြန်သွားကြပြီ။ ရီဝေဝေနဲ့ တစ်ယောက်တည်း လွမ်းနေတော့တာ။

'ဩော်… မိဝါရယ် လွမ်းလိုက်တာ၊ အခုနေများ ငါ့ဆီရောက်လာရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ အပြင်း… ဘာပဲဖြစ်ဖြစ် မနက်ဖြန်ည တွေ့ဖြစ်အောင် တွေ့လိုက်ဦးမယ်၊ အံမယ်လေး သတိရလိုက်တာ ငါ့ဟာလေး လွမ်းလို့ ပိန်များသွားလား၊ မမြင်ရလေကောင်းလေ အဖြေသက်သာတယ်ဆိုပြီး စိတ်ချမ်းသာလို့ ဝနေပြီလား၊ ဘာပဲဖြစ်ဖြစ် ချစ်တာက ချစ်တာပဲ'

မှူးမှူးနဲ့ လမင်းကို ကြည့်ပြီး စကားတွေ ပြောနေမိတယ်။ သူ့ရဲ့အကြောင်းကတော့ ဘာသံမှကို မကြားရတော့။ သူကြီး နှစ်လုံးပြူး တစ်ခါပစ်နဲ့ ငြိမ်သွားတယ်လေ။

မိဝါကို လွမ်းရင်း ဝေမိုးများ ပြန်လာမလား။ ပြန်လာမလားရှာဘက်ကိုလည်း ကြည့်ရသေးတယ်။ အချိန်သာ တဖြည်းဖြည်းကုန်သွားတယ်။ ဝေမိုးကတော့ ပေါ်ကိုမလာတော့ဘူး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



မိဝါ လမင်းကိုငေးရင်း ကြာဖြူကို လွမ်းနေတယ်။ အစောကြီး တက်အိပ်ပြီး အခု ညလယ်ရောက်မှနိုးလာတာလေ။ ပြတင်းပေါက်ကနေ မြင်နေရတဲ့ လမင်းကိုကြည့်ပြီး အရင်ပျော်ခဲ့တာတွေကို ပြန်တွေး။ ငေးမော မိနေတယ်။

နေ့လယ်က ထမင်းသွားပို့တော့ ကိုကြီးအောင်သင်းက ကြာဖြူ လာသွားတယ်တဲ့။ ရပါတယ် သူလယ်ထဲတော့ ပြန်လာမှာပေါ့ဆို။ တစ်နေ့ သာ ကုန်သွားတယ် ပြန်ပေါ်မလာ။

ကိုကြီး အောင်သင်းက အစ်ကိုတန်မဲ့နဲ့ ညီမကို ချစ်တော့ ကိုကြီး ရယ် သွားပါဦး၊ ထန်းတောထဲဆို 'အေး'၊ ကြည့်ပါဦး သူ့လယ်ထဲကိုဆို ပြေးရပြန်ပြီ။ တဖြည်းဖြည်း တင်းလာတော့တာ။ ရွာထဲပြန်ပြီး ကိုယ့်ကို မရှာဘဲ ဘယ်ကောင်မဆီသွားနေလဲပေါ့။ အခုပဲ ရက်လေးဆယ်ပြည့် တော့မယ်။

ရွာကလည်း ကျယ်တယ်ဆိုပေမယ့် သူတကယ်တွေ့ချင်လို့ လာရှာရင် မသကာရှာရလှ နှစ်နာရီထက်မပို။ အခုတော့ ရှာတယ်သာ ပြောတာ။ တစ်ခါမှကို မတွေ့။

'ငါနဲ့တွေ့ရင် သူ့ကို အနိုင်ကျင့်မယ်ထင်ပြီး လာမတွေ့လား၊ ဒါမှမဟုတ် တကယ်မဲဆုံတာလား၊ ဟွန်း… မိတိုးဆီကနေတစ်ဆင့် ပြောခိုင်းလည်း ရတဲ့ဟာကို၊ ဟိုကောင်မကလည်း အိမ်ဘက်တောင် မလှည့် လာဘူး အေးလေ၊ သူလည်း သူ့အပူနဲ့သူပဲဟာ၊ သင်းကကို ဘယ်သူ့ဘက် မြားဦးလှည့်နေတယ် မသိဘူး၊ အံမယ်နေပေ့စေ ရက်လေးဆယ်ကျော်လို့မှ လာမတွေ့ရင် ဖြတ်ပစ်မယ်၊ အလကား သူ့ကိုချစ်ရတာ စိတ်ဆင်းရဲတယ်၊ တော်ပြီ'

အတွေးတွေနဲ့အတူ စိတ်ဒုံးဒုံးချပြီး အိပ်ရာထဲဝင်တယ်။ ငလူး လူး တလိမ့်လိမ့်နဲ့ ဘယ်လိုမှကို အိပ်မပျော်။



www.burmeseclassic.com

www.burmeseclassic.com



'အောက် အီး အီး အွတ်'

'ဖလပ် ဖလပ် ဖလပ်'

'ဟာင်'

အောက်က ပေသီးရဲ့ အသံပြဲကြီးကြားမှ နာရီကိုကြည့်တော့ လေးနာရီခွဲ မထူးပါဘူးဆို အောက်ဆင်းပြီး ချက်ပြုတ်နေတော့တာ။

♦ ♦ ♦

ဝေမိုးပြန်လာပြီး ကြာဖြူတဲပေါ် တက်လိုက်တယ်။ ထိုင်မှိုငိုက်နေတာ တွေ့တာနဲ့ ပြုံးတယ်။ အနားတိုးသွားပြီး နှိုးလိုက်တယ်။

'ဟေ့ကောင်ထ၊ မိုးလင်းပြီ'

'ဟာင်'

ကြာဖြူ ကကျိုးကကြောင်နဲ့ နိုးလာတယ်။ တိုင်မှီရာကနေ လှဲအိပ်လိုက်တော့တာ။

'ဟာ…ဟေ့ကောင်…မင်းကို ထခိုင်းတာဟာ အိပ်ခိုင်းတာမဟုတ်ဘူး၊ မိုးလင်းနေပြီ'

'ဟာင်… ဟုတ်လား'

ထပြီး ဘေးဘီကို ပြူးပြဲကြည့်တယ်။ ပြီးမှ ဝေမိုးကို စွေကြည့်ပြောတယ်။

'မင်းကွာ၊ ခဏဆိုသွားလိုက်တာ၊ မိုးကိုလင်းရော၊ ဘယ့်နှယ် … တော်ရုံပဲ ကောင်းတယ်၊ ငါ့မှာတော့ စောင့်လို့ ပြန်လာနိုးပြန်လာနိုးနဲ့၊ ဘယ်လိုလဲ အဆင်ပြေခဲ့လား'

'အဟဲ… ငါ့ဟာလေးက မူနေတာပါကွာ၊ ငါပိုင်ပါတယ်'

သွားဖြဲကြီးနဲ့ ပြောတာနဲ့ မဲရွဲ့သွားတော့တာ။ ငါ့ကောင်းလို့ တွေ့ရတာလို့ တွေးပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… ဟုတ်ပဲနဲ့'

'ဩော်… မင်းကိုတောင် မှာလိုက်သေးတယ်၊ ဒီနေ့ မတွေ့တွေ့အောင် ရှာပြောပေးမယ်တဲ့'

ကြာဖြူဘာမှ မပြောနိုင်လောက်အောင် ပျော်သွားတယ်။ ရှိတဲ့အတွဲလေး သုံးတွဲမှာ နှစ်တွဲက အဆင်ပြေနေပြီဆိုတော့။

'အေးကွာ… မင်းကတော့ အဆင်ပြေသွားပြီ၊ ငါပဲကျန်တယ်၊ ဟိုကောင် မင်းမောင်ကတော့ သူဟာလေးက မဆိုးဘူး၊ ငါ့မှာသာ ဘာပဲဖြစ်ဖြစ် နေ့လယ်ကျရင် မင်း ထန်းရည်တိုက်ရမယ်'

'ဟာ… ပြောစရာလိုလားကွာ၊ ကဲ… မင်းထမင်းပြန်စားလို့ရပြီ'

'ဟင်… မင်းကရော'

'အဟဲ…. ငါက တစ်ခါတည်း အိမ်ပြန်မနက်စာ စားပြီးပြီ၊ ကဲ… ပြန်သာပြန်၊ ငါ့အိပ်လိုက်ဦးမယ်၊ မင်းပြန်လာတဲ့အချိန်သွားကြတာပေါ့၊ အဲ… ဟိုကောင်ပေတိုးကိုတော့ မသိမသာ ထားခဲ့ရမယ်'

'ဟုတ်တယ်၊ မဟုတ်ရင် ကန့်လန့်ကန့်လန့်နဲ့ ရည်စားမရှိတဲ့အကောင်ဆိုတော့ ငါတို့ပြောရဆိုရ မလွတ်လပ်ဘူးကွ၊ ကဲ… ငါပြန်ပြီ'

'ငါလည်း ဒီမှာပဲ အိပ်တော့မယ်'

'ဟင်၊ မင်းတဲပြန်အိပ်လည်း ရတဲ့ဟာ'

'မင်းမသိပါဘူး ကြာဖြူရာ၊ ငါ့ဟာလေးနဲ့ ကြည်နူးလာတာ ဒီနေ့တွေးရင်း အိပ်မလို့ ငါ့တဲပြန်ပါပြီတဲ့၊ မတော် ငါ့အဘလာတဲ့အခါ အိပ်ပွစိနဲ့ ကောင်းကောင်းအိပ်ရမှာ မဟုတ်ဘူး'

'ဟင်'

ကြာဖြူလည်း ဘာမှကိုမပြောချင်တော့တာနဲ့ ပြန်လာခဲ့တယ်။ တော်အားကိုးရမယ့် အကောင်လို့လည်း တွေးလိုက်သေးတာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



အောင်သင်း စိတ်အတော်ညစ်နေတယ်။ တခြားတော့ မဟုတ်ပါ။ ကြာဖြူကြောင့်ပေါ့။ ညီမဖြစ်တဲ့သူက တမှိုင်မှိုင်တတွေတွေနဲ့။ သူ့ခများ လယ်ထဲလာ ကြာဖြူကို တွေ့နိုးနိုးနဲ့ စောင့်တဲ့အခါစောင့်။ အစ်ကိုလုပ်တဲ့သူကို ရှာတဲ့အခါ ရှာခိုင်းနဲ့လေ။ ဒီမနက် ဒီနားက ဖြတ်သွားမှ မေးရဦးမယ်လို့ တွေးပြီး အခင်းဝထိုင်စောင့်နေတယ်။

'ခွေးကောင်… ငါ့ညီမကို အပျော်ကြံတာဆိုရင်တော့ ငါကိုယ်တိုင် သတ်မယ်၊ ဟွန်း… တွေ့ဦးမှာပေါ့'

တစ်ယောက်တည်း ပွစိပွစိပြောရင်း ထိုင်စောင့်နေတယ်။ ဒီမနက်ထမင်းလာပို့တော့လည်း မိဝါ မျက်နှာမကောင်း။ မေးတော့လည်း ဘာမှမပြော။ ခါတိုင်းလာတဲ့အခါ ပြုံးပြုံပြီး ကြာဖြူကို ရှာခိုင်းရတာ အမော

'တွေ့မယ်၊ သင်း မဟုတ်မှလွဲရော တမင်ရှောင်တာနေမှာ'

ထိုင်လို့မရတာနဲ့ လက်သီးတပြင်ပြင်။ လမ်းဘက်ကို မျက်စောင်းတခဲခဲနဲ့ လမ်းလျှောက်နေတယ်။ ခဏကြာတော့ ရွာဘက်ကို အိပ်ချင်မူးတူးပုံစံနဲ့ ပုဆိုးကွင်းသိုင်းလာတဲ့ ကြာဖြူကို တွေ့ရတော့တာ။

ကြာဖြူအိပ်ရေးမဝတာနဲ့ တဝါးဝါးသမ်းရင်း ပြန်လာတယ်။ ဒီနေ့ကိုကြီးအောင်သင်းဆီဝင်ပြီး မိဝါအကြောင်း မေးဦးမှလို့တွေး။ အခင်းဝကိုကြည့်လိုက်တော့။ အောင်သင်းကို မျက်နှာမာကြီးနဲ့ တွေ့လိုက်ရတယ်။ ညီမအကြောင်း မေးရမှာဆိုတော့ မျက်နှာချိုသွေးတဲ့အနေနဲ့ သွားဖြဲပြလိုက်တယ်။

'အဟဲ'

'ဟွန်း… မင်းလာဦး'

သွားဖြဲပြလိုက်မှာပဲ ပိုဆိုးသွားတော့တာ။ မျက်ထောင့်နီနဲ့ ကြည့်ကာ လက်သီးပြင်တယ်။ အနားရောက်တော့ ပုဆိုးကိုဆွဲပြီး ဟော တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်…မင်းက၊ မဟုတ်တာလုပ်ပြီး ငါ့ကိုတွေ့တော့ မလုံဘူးမို့လား'

'ဟာ… ကျုပ်က ဘာလုပ်လို့လဲလို့'

ကြာဖြူလည်း လန့်သွားတယ်။ ကြည့်ရတာ အောင်သင်း အတော်တင်းနေပုံရပါတယ်။

'ဘာလို့လဲ ဟုတ်လား၊ မင်းငါ့ ညီမကို ရှောင်နေတာမို့လား၊ ငါ… မင်းတော့… သေမယ်၊ ဟော့ကောင် ပြောလေကွာ'

'ဟာဗျာ… ဒီမှာ သူနဲ့မတွေ့ရလို့ စိတ်ညစ်ပါတယ်ဆိုမှ၊ ခင်ဗျားက တစ်မျိုး၊ ဘာလဲထိုးမလို့လား ထိုးဗျာ၊ ကျုပ်က သူ့ကို ရှောင်နေတာ မဟုတ်ဘူး၊ ရှာနေတာဗျ'

'ဟော့ကောင် မင်း မညာနဲ့နော်'

'ဟာ… ကျုပ်က သူ့ကို ဒါလောက်ချစ်တဲ့ဟာ၊ ညာစရာ အကြောင်းကိုမရှိတာ'

ဒီတော့မှာ ပုဆိုးကိုလွှတ်။ စိတ်လျှော့တဲ့ ပုံစံနဲ့ သက်ပြင်းချတယ်။

'အေး… မင်းရှာရင်လည်း အမြန်တွေ့အောင်ရှာကွာ၊ ငါ့ညီမကို ကြည့်ရတာ ငါစိတ်ညစ်တယ်၊ မနက်ကတော့ ထမင်းလာပို့တယ်၊ နေ့ခင်း လည်း လာမယ်ထင်တယ်၊ အဲဒါ မင်း လမ်းက သွားစောင့်နေ'

'ဟင်… မနက်ကလာတယ်၊ ဟုတ်လား၊ ဟာဗျာ… ကျုပ် ကိုတော့ လာမခေါ်ဘူး'

အောင်သင်းက စွေ့ကြည့်တယ်။ နေမထိထိုင်မထိဖြစ်နေတဲ့ ကြာဖြူကို ပြောတယ်။

'အေး…ခါတိုင်းကတော့ ခေါ်ခိုင်းတယ်၊ ဒီနေ့မှ မခေါ်ခိုင်း တော့တာ မျက်နှာအခြေအနေကြည့်ရတာ သိပ်မဟန်ဘူး'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'မင်း မြန်မြန်သွားတွေ့လိုက်ကွာ၊ ငါစိတ်ညစ်တယ်၊ အေး… ငါ့ညီမသာ တစ်ခုခု အသံကြားလို့ကတော့ မင်းသေပြီမှတ်'

'စိတ်ချ၊ ကျုပ်လမ်းကနေ မလာမချင်းသွားစောင့်နေမယ်၊ ကျုပ်သူ့ကို တကယ်ချစ်တာပါဗျာ'

'ဟာ… အဲ့ဒါ ငါ့ကိုလာပြောရလားဟ၊ ဟော့ကောင်… ငါ စေတနာပျက်အောင်တော့ မလုပ်နဲ့ကွနော်'

အောင်သင်း ဆောင့်အောင့်ပြီး တဲဘက်ကို ပြန်သွားတယ်။ ကြာဖြူလည်း မျက်နှာငယ်လေးနဲ့ ရွာဘက်သွားတော့တာ။

♦ ♦ ♦

သူကြီး သမီးအကြောင်း ထိုင်တွေးနေတယ်။ မနက်ကလည်း အစောကြီးထပြီး ထမင်းတွေ ချက်တယ်။ ပြီးတော့ အောင်သင်းကို ထမင်းသွားပို့။ ခါတိုင်း ခဏဆိုသွားတယ်။ ပြန်လာရင် နေကုန်မှ ဒီနေ့တော့ ခဏဆို ခဏနဲ့ ပြန်လာတယ်။

မျက်နှာကလည်း အအိပ်ပျက်လို့လား မသိ၊ တယ်မကောင်းလှ။ ရောက်တာနဲ့ တောင်းကြီးကိုချ မအေလုပ်တဲ့သူကို။

'အမေ၊ သမီးအိပ်ရေးမဝလို့ အိပ်လိုက်ဦးမယ်၊ ဘယ်သူလာလာ မနှိုးနဲ့၊ ရွာထဲသွားတယ် ပြော'

ဆို တက်အိပ်နေလိုက်တာ။ အခု နေ့လယ်စာ ပို့ရတော့မယ်။ မိန်းမဖြစ်တဲ့သူကို ကြည့်လိုက်တော့ မီးဖိုခန်းဝထိုင် ဆန်စပါးလုံးရွေးနေတယ်။

'မိန်းမရေ၊ ထမင်းထည့်ကွာ၊ ငါသွားပို့လိုက်မယ်'

'တော်၊ နေမကောင်းဘူးမလား၊ မိဝါကို နှိုးလိုက်မယ်'

'ဟာ… မနှိုးနဲ့ ငါ့သမီးလေး ပင်ပန်းပါတယ်၊ ငါလည်း ကောင်းနေပါပြီ၊ ထည့်သာထည့်'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… တော် ကျပ်ကျပ်အလိုလိုက်၊ ဒါကြောင့် ဆုံးမလို့ မရတာ၊ အချိုးက တစ်ချိုးတည်း၊ ပြောမရဆိုမရ ပြောမနိုင်ဆိုမနိုင်နဲ့၊ ဟွန်း… မိန်းကလေးတဲ့ အိပ်လိုက်တာမှ ပြိုင်ပွဲဝင်နေတယ် မှတ်ရတာ၊ ဟွန်း… ယောက်ျားရလို့ကတော့ နာပြီမှတ်'

တစ်ယောက်တည်းပဲ ပြောသလိုလို သူကြီးကိုပဲ ပြောသလိုနဲ့ တဖျစ်တောက်တောက် ပြောနေတော့တာ။

သူကြီး မျက်နှာကြီးမဲ့ပြီး နားထောင်နေတယ်။ ပြန်ပြောတာနဲ့ စာရင် ငြိမ်နေတာ ကောင်းတာလေ။

ဒီတုန်းမှာပဲ ခြံထဲကို တိုးတိုးဝင်လာတယ်။ ပျာပျာပျာပျာနဲ့ ဝင်ထိုင်ရင်း မေးတယ်။

'သူကြီး… မိဝါရှိတယ်မဟုတ်လားဟင်'

'ဟင်… ဩော်… ရှိ… အဲ… မရှိဘူး၊ ရွာထဲသွားတယ် ထွယ်'

သမီးအိပ်ပါစေဆို လိမ်လိုက်တယ်။ မိတိုးခေါင်းကို တဖျင်း ဖျင်းကုတ်ရင်း စိတ်ညစ်တဲ့ ပုံစံနဲ့။

'ဒုက္ခပဲ၊ အရေးကြီးပါတယ်ဆိုမှ'

'မှာစရာရှိ မှာခဲ့လေ'

'မှာလို့ရဘူး၊ ဒါဆိုသမီးရွာထဲ လိုက်ရှာလိုက်ဦးမယ်'

'ဩော်… အေး… အေး'

ပျာပျာပျာပျာနဲ့လာပြီး ပျာပျာပျာပျာနဲ့ ပြန်ထွက်သွားတယ်။ သူကြီး ပြုံးလိုက်တယ်။

စိတ်ထဲမှာလည်း သင်း… အရေးကြီးတယ်ဆိုတာ ကြာဖြူကိစ္စ ပဲနေမှာလို့ တွေးလိုက်တော့တာ။ အတွေးနဲ့ ပြုံးနေတုန်း မိန်းမ အသံကြား ခဲ မဲ့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုရင်ဖိုးထိန်၊ သွားလို့ရပြီ'

'ဒုန်း'

'အဲ'

ထမင်းတောင်းကို ဆောင့်ချတယ်။ အသံကလည်းမာ ခါး ထောက်ပြီး စွေကြည့်နေတာနဲ့။ ထမင်းတောင်းကိုထမ်း လယ်ထဲထွက် လာခဲ့တယ်။ နက်ကျော်ကရှေ့ကနေ အမြီးတစ်ထောင်ထောင်နဲ့ ပြေးသွား တယ်။

ယောက်ျားက ကောင်းကောင်းနေလို့ မကောင်းသေး။ သမီးဖြစ်သူ က မူမမှန်ပြန်။ အိမ်အောက်ထိုင် ဆေးလိပ်ဖွာရင်း စဉ်းစားနေတယ်။ ဘာများဖြစ်လဲပေါ့။

သမီးမိန်းကလေးဆိုတော့လည်း အခက်သား။ နေရာတကာ သိုသိပ်လျှို့ဝှက်နေတတ်တာ။ အခုရက်ပိုင်းထဲ အစားမမှန်။ အအိပ်မမှန်။ တစ်ခါတလေ တစ်ယောက်တည်း ပွစိပွစိနဲ့ ဒေါသဖြစ်နေသလို၊ တစ်ခါ တလေ မှိုင်လို့၊ ငိုင်လို့လေ။

စိတ်ထဲက သိနေပေမယ့် ထုတ်မမေးပါ။ ဒီထက်ဆိုးလာရင် တစ်မျိုးပေါ့။ ကြာဖြူနဲ့ ရည်ငံနေတယ်ဆိုတာကိုလည်း သိကြတယ်။ ပြောရမယ်ဆို တိုးတိုးတိတ်တိတ်နဲ့ တစ်ရွာလုံးသိကြတာလေ။ မတား ခဲ့ပါ။ ကိုယ့်အလှည့်တုန်းကလည်း ကိုယ်ဟာကိုယ် လုပ်ချင်ရာလုပ်ခဲ့ တာပဲ။

အခု သူတို့လည်း လုပ်ချင်ရာ လုပ်ကြပေါ့။ ဒါပေမဲ့ မိဝါတို့က သိတဲ့အတိုင်း စွာတေးလန်လေ။ တကယ်စွာပါတယ်ဆိုတဲ့ သူတွေတောင် လက်လန်ကြတာ။

ဒီလိုမိန်းကလေးမျိုး ရည်းစားရတာတောင် အတော်ခံကောင်း တာ။ ကြာဖြူဆိုတာကလည်း လူရှပ်။ လူရှပ်ဆိုတာ လူမွဲတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝါ။ နေရာတကာ စပ်စပ်စပ်စပ်နဲ့ ပါတတ်တာ။ ပြီးတော့ မိဝါ ဒီလောက် စွာတာတောင် ရအောင်လိုက်သေးတာလေ။ အခု ဘာ ဖြစ်ကြတာရယ် မသိ။

တစ်ယောက်တည်း စိတ်ရှုပ်နေတုန်း မိတိုး ပျာပျာ ပျာပျာနဲ့ ခြံထဲဝင်လာပြန်တယ်။ ဘေးဘီကို ကျီးကန်းတောင်မှောက်ရှာရင်း အနား ကို လာထိုင်မေးတယ်။

'အရီးလေး မိဝါ ရှိလားဟင်'

'ဟင့်အင်း'

'ဒုက္ခပဲ၊ စိတ်ညစ်တယ်'

ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း မဲ့သွားတယ်။ မိဝါ မဆင်းလာ လို့ တော်သေးတာ။

'ဘာဖြစ်လို့လဲ အေ့'

'အရေးကြီးတယ်၊ သူ့နဲ့ ပြောမှာရမှာ ရှာထဲလိုက်ရှာတာလည်း မတွေ့ဘူး'

'ဪ'

စိတ်ရှုပ်နေတဲ့ မိတိုးကို ကြည့်ပြီး သနားသွားတယ်။ သမီး မှုမမှန်တာလည်း သိနေတော့။ သူတို့ချင်း ပြဿနာတက်လို့၊ မိတိုး ကြားဝင်တာလို့ ထင်လိုက်တယ်။

'ဘယ်တွေ့မှာလဲ၊ အပေါ်မှာ အိပ်နေတယ်၊ တက်သွား၊ ဟဲ့… ဘာဘာညာညာ ဘာသံမှ မကြားချင်ဘူးနော်'

'အင်းပါ အရီးရဲ့၊ အဟဲ'

မိတိုးမျက်နှာ အတော်ပြုံးသွားပြီး ကော့ကော့ ကော့ကော့နဲ့ လှေကားပေါ်တက်သွားတယ်။ ဒေါ်ပန်းဝါ သက်ပြင်းကိုချပြီး ခေါင်းယမ်း လိုက်တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



'ခေတ်ကာလ သားသမီးတွေများ နေရာတကာ လည်ကြတာ ပြောမရဆိုမရနဲ့ အလကားနေ လည်စရာမရှိ အိမ်တိုင်လှည့်နေကြတာ ဟင်း... ရင်လေးတယ်'

တစ်ယောက်တည်း ညည်းနေလေရဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကြာဖြူ အိမ်မပြန်ဘဲ ရွာထိပ်ကနေ မိဝါအလာကို ချောင်းနေတယ်။ ထမင်းလည်း စားချင်စိတ်မရှိပါ။ အခုလောက်ဆို အတော်စိတ်ဆိုးနေလောက်ပြီလို့ တွေးနေလေရဲ့။ ဒီနေ့ဆို (၃၉)ရက်ရှိပြီလေ။ ဟိုတစ်ခါ သူ့အဘရဲ့ ကြက်ဖကြီးကို ပြန်ယူသွားပြီးကတည်းက မတွေ့ရတာ အခုချိန်ထိပဲ။

လွမ်းလို့ ပိန်များသွားပြီလားဆို သနားနေလေရဲ့။ ဒီတုန်းမှာ အမြီးတစ်ထောင်ထောင်။ လျှာကြီးတရမ်းရမ်းနဲ့ နက်ကျော်ကြီးကို တွေ့လိုက်ရလို့ ပျော်သွားတော့တာ။

'အဟား··· လာပြီကွ၊ အံမယ်လေး··· ငါ့ဟာလေးနဲ့ တွေ့ရတော့မယ်'

ဝမ်းသာအယ်လဲနဲ့ ကွယ်ထိုင်နေတဲ့ ချုံနောက်ကနေ ရှေ့ထွက်လိုက်တယ်။ နက်ကျော်က မှတ်မိတော့ တအိအိနဲ့ အမြီးရမ်းပြီး ရပ်နေတယ်။ ကြာဖြူက နက်ကျော်ကို ကျော်ပြီး အကွယ်နောက်က ထွက်လာမယ့် မိဝါကို ရွှန်းရွှန်းစားစားကြီးကြည့်။ မျက်နှာကိုလည်း အသားကုန်ဖြီးထားတော့တာ။

အကွယ်နောက်ကနေ ထွက်လာတဲ့ လူကို တွေ့တယ်ဆိုရင်ပဲ···



www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်…သူကြီး…သူကြီးဟ'

ဟုတ်ပါတယ်။ သူကြီးတောင်းကိုထမ်း ဒိုက်ဆိုက်ဒိုက်ဆိုက် လာတယ်။ ရုတ်တရက်ဆိုတော့ ကြာဖြူကို မတွေ့။ ကြာဖြူကလည်း မျက်နှာကြီးမဲ့ပြီး ခဏကြောင်နေတယ်လေ။ ပြီးမှ စောစောက ချုံထဲကို ဒိုင်ဗင်ပစ်ဝင်လိုက်ရတော့တာ။

'ဟင်… နက်ကျော်… ဘာလဲဟ'

သူကြီးက လမ်းလယ်ကောင်ရပ်၊ အမြီးတရမ်းရမ်းနဲ့ ချုံဘက် ကို ကြည့်နေတဲ့ နက်ကျော်ကို မေးတယ်။ ခွေးက ပြောမှ မပြောတတ် တဲ့ဟာ။ သူကြီးက ချုံဘက်ကို ကြည့်လိုက် နက်ကျော်ကို ကြည့်လိုက် နဲ့ သဘောကျပြီး ပြုံးတယ်။ ပြောသေးတာ။

'အဟား… နက်ကျော်တို့ကတော့ ချုံထဲဝင်သွားတဲ့ ခွေးမတောင် လိုက်ချောင်းနေသေးတာ၊ ဘာလဲ… ခွေးမက မင်းကို ဆွယ်နေတာလား'

'ငါနော်'

ချုံထဲက ကြာဖြူ မျက်နှာကြီး မဲ့သွားတော့တာ။ သူပြောမှာပဲ ခွေးလိုပဲ အူပြရမလို။ ဖြစ်နေတာပြောပါတယ်။ တဟားဟားနဲ့ ရယ်ပြီး သူကြီးက ရှေ့ကသွား။ နက်ကျော်လည်း စောင်းငမ်းငမ်းနဲ့ လိုက်သွား လေရဲ့။

အတော်ဝေးဝေးရောက်သွားမှာပဲ ချုံထဲကနေ ရှုံမဲ့ထွက်လာတယ်။ ကံများမကောင်းချင်တော့ မိဝါကို မတွေ့ဘဲ ခွေးပါဖြစ်သွားတယ်။ အဲ… ခွေးတောင်မှ အမတဲ့လေ။

'အိမ်ကိုပဲ သွားတာကောင်းပါတယ်လေ၊ သူကြီးမရှိတုန်း ဝင် ကြည့်လိုက်ဦးမှ'

ပြောလည်းပြော ပုဆိုးကိုမပြီး ရွာထဲဝင်လာခဲ့တော့တယ်။ အခုချိန် စိတ်ထဲ မိဝါကလွဲပြီး ဘာမှမရှိ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



'အမေ သမီးရွာထဲ ခဏသွားလိုက်ဦးမယ်၊ လာ… မိတိုး၊ သွားမယ်'

'ဩော်… အေး'

'စောစောက သေမလို ဖြစ်နေတဲ့ မျက်နှာနဲ့၊ အံမယ်… အခုတော့ ပြုံးလို့၊ ငါ့ကို ဝတ်ကျေတန်းကျေ ပြောသွားသေးတာ တွေ့မယ်၊ ပြန်လာမှ'

ဒေါ်ပန်းဝါ ပျာပျာပျာပျာနဲ့ ထွက်သွားတဲ့ နှစ်ယောက်ကို မကျေမနပ်နဲ့ ကြည့်ရင်း ကျန်ခဲ့တယ်။ မိတိုးရှိနေတော့ မိဝါကို မဆူဘူးလေ။ မိဝါတို့ရွာထဲဘက် ဝင်သွားတာကို ကြည့်ပြီး မကျေမနပ်ပြောကျန်ခဲ့တယ်။

'အံမယ်… ခဏတဲ့၊ မိုးမချုပ်ရင် ကံကောင်း၊ အချိုးကိုက ဖအေနဲ့ တစ်ပုံစံတူတာပါဆို'

တစ်ယောက်တည်း ပွစိပွစိပြောရင်း ဆေးလိပ်ကြီးကို ထိုင်သောက်နေတယ်။

'ဟင်… အဟွတ်… ဟွတ်'

'အဟဲ'

ဒီတုန်မှာပဲ ကြာဖြူခြံထဲကို သွားအဖြဲသားနဲ့ ဝင်လာလို့ ဆေးလိပ်သီးသွားတယ်။ စိတ်တိုနေတုန်းရောက်လာတော့ စွေ့ကြည့်တယ်။ ဟောက်စရာလူ မရှိတာနဲ့ အတော်ပဲလေ။

'ဟဲ့… နင်လာပြန်ပြီလား၊ ငါ့ယောက်ျားကို ဖမ်းခိုင်းရမလား၊ ဟွန်း'

'အဟဲ… သူကြီး မရှိပါဘူးဗျ၊ အရီးလေးကလည်း လာတောင်မလည်ရဘူးလား'

ကြာဖြူက မကြောက်တဲ့အပြင် ဘေးဝင်ထိုင်ပြီး ကျီးကန်းတောင်းမှောက် ရှာနေတယ်။ ဘာကိုရှာနေတာလဲဆိုတာ သိတော့ မျက်နှာကြီးမာသွားတော့တယ်။ မမေးခင်ကတည်းက ကြိုဖြေထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ရွာမနေနဲ့ ငါ့သမီးမရှိဘူး'

'ဟင်… ဘယ်သွားလဲ ဟင်'

'ဟွန်း… သိမ်ဆိပ်က သူဦးလေးလာတာနဲ့ အလည်လိုက်သွားတယ်'

'ဗျာ…'

ကြာဖြူ မျက်နှာမြင်မကောင်းအောင် မှိုင်သွားလေရဲ့။ ရွာထဲသွားတယ်ပြောရင် လိုက်သွားမှာလေ။ ဒီတော့ မိုင်(၂၀)လောက်ဝေးတဲ့ နေရာကို ပြောလိုက်တယ်။ ကြာဖြူအသံသြောင်နာနာ ထွက်လာတယ်။

'ဘယ်တုန်းက သွားတာလဲဟင်'

'မနက်ကတည်းက သွားတာ သူဦးလေး ဆိုင်ကယ်နဲ့လေ၊ အခုလောက်ဆို ရောက်သွားပြီပေါ့'

ကြာဖြူ ဘာမှမပြောနိုင်အောင် ခေါင်းငိုက်ကျသွားတယ်။ မေးသေးတာ။

'ဘယ်တော့လောက် ပြန်…ပြန်လာမှာလဲဟင်'

'ပြန်လာချင်မှ လာတော့မှာဟဲ့'

'ဗျာ… ဟာ'

အမြင်ကတ်တာနဲ့ပဲ ဖွတ်ပြောပစ်လိုက်တော့ ကြာဖြူ ထိုင်ကျသွားတယ်။ သိမ်ဆိပ်ရွာမှာက သူကြီးရဲ့ ညီရှိတယ်။ အောင်သင်းရဲ့ အဖေလေ။

သေကာနီးလူမမာလို ဆန့်ဆန့်ဆန့်ဆန့်နဲ့ ကြာဖြူခြံထဲက ထွက်သွားတယ်။ ဒေါ်ပန်းဝါ ပြုံးသွားတယ်။ ပြောလိုက်သေးတာ။

'မသာလေး မှတ်ပြီလား'တဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းကာနီးနေပြီ။ နေလုံးကြီးက နောက်က တော်ပိဒို လိုက်လာတယ် ထင်လားမသိ။ အောက်ကို အတင်းထိုးဆင်းနေတယ်။ မင်းမောင်နဲ့ ဝေမိုးထန်းပင်ကိုမှီပြီး ထန်းရည်ကို မရပ်မနား သောက်နေတဲ့ ကြာဖြူကို ဝိုင်းကြည့်နေကြတယ်။ သူတို့လည်း စိတ်မကောင်းတာက လွဲပြီး ဘာများ တတ်နိုင်မှာလဲ။

'ဖြည်းဖြည်းသောက်ပါကွာ၊ အလည်သွားတာပဲ၊ ပြန်လာမှာပေါ့၊ သေသွားတာမှ မဟုတ်တာ'

'အေးလေ'

စကားမရှိ စကားရှာ ဖျောင်းဖျတယ်။ မရ။ ကြာဖြူတို့က ပေပြီဆို လူများနဲ့ကို မတူတာ။

'ငါ့ဟာငါ အေး… သောက်တာ ဘာဖြစ်လဲ'

ဝေမိုးက ခေါင်းကို ယမ်းလိုက်တယ်။

'မဟုတ်သေးပါဘူးကွာ၊ လိုက်သွားလို့ရတဲ့ဟာကို'

'ဘာကွ'

မင်းမောင် စကားကြားတော့ တင်းသွားတယ်။ ပြီးမှ သက် ပြင်းကို ချပြီး ကြေကြေကွဲကွဲပြောတယ်။

'မင်းတို့ မသိပါဘူးကွာ၊ ငါ့ဟာလေးအကြောင်း ငါပဲသိတယ်၊ သူ… သူငါ့ကို စိတ်ဆိုးသွားပြီကွ၊ သူက စိတ်ကြီးတယ်၊ ပြန်လာမှာ မဟုတ်တော့ဘူး၊ မင်းတို့ ငါ့ကိုချစ်ရင် ဘာမှမပြောကြနဲ့ကွာ၊ ငါ့ဟာငါ သောက်ပါရစေ'

ညစ်ညစ်နဲ့ တရစပ်သောက်နေတော့တာ။ မင်းမောင်က ဝေမိုးကို ခေါင်းရမ်းပြပြီး ပြောတယ်။

'ကဲ… မပြောနဲ့ဆို မပြောပါဘူးကွာ၊ မင်းသောက်ချင်သလောက် သာ သောက်၊ မပြန်နိုင်ရင် ငါထမ်းသွားမယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'အေ့… ကောင်းတယ်၊ မင်းတို့လည်း သောက်ကြလေကွာ'

ဒါနဲ့ပဲ ဝိုင်းသောက်လိုက်ကြတယ်။ မယ်လှ ကြာဖြူတို့ကို ကြည့်ပြီး ဣန္ဒြေမရဖြစ်နေတယ်။ တခြားတော့ မဟုတ်ပါ။ နေ့လယ်လောက်က မိဝါတို့နှစ်ယောက် ရောက်လာတယ်။ ကြာဖြူကို တွေ့ရင် ဒီညစောင့်နေမယ်ဆိုတာ မှာသွားတယ်။

မယ်လှပြောချင်နေတာ စရောက်ကတည်းကလေ။ ကြာဖြူတို့က ထဲဝမှာ ထိုင်သောက်နေတယ်။ ဦးညိုကြီးက အနားမှာ ထိုင်နေတဲ့အပြင် မယ်လှကိုလည်း မျက်စိဒေါက်ထောက်ကြည့်နေတာနဲ့။ ဘယ်လိုမှကို မလစ်။

ဦးညိုကြီးက အမူအရာပျက်နေတဲ့ မယ်လှကို ဖွေကြည့်လိုက်တယ်။ မိန်းကလေးဖြစ်ပြီး ဣန္ဒြေကိုမရှိဘူးလို့ တွေးနေတော့တာ။ မယ်လှက ဖအေကို ကြည့်လိုက်၊ ကြာဖြူတို့ကို ကြည့်လိုက်နဲ့ ပျာနေတော့တာ။ ဦးညိုကြီးက လှမ်းပြောလိုက်တယ်။

'ဟဲ့ ကောင်မလေး'

'ရှင် အဘ'

'ဟွန်း… ဖြစ်နေတာ၊ ငါမပြောလိုက်ချင်ဘူးသွား၊ နောက်မှာ နင့်အမေ ကြွက်တွေ ကိုင်နေတာ ဝိုင်းကူလိုက်'

'ဟင်… ဟို'

ယောင်နနလုပ်နေတာနဲ့ မျက်စောင်းထိုးတယ်။ ထိုင်မလို ထမလိုနဲ့ ခေါင်းကုတ်နေတဲ့ မယ်လှကို ဟောက်လိုက်တော့တာ။

'ဟဲ့… သွားဆိုသွားလေ၊ ငါ… ဟွန်း… သေမယ် နင်'

မယ်လှလည်း နှုတ်ခမ်းစူခြေဆောင့်ပြီး နောက်ဖေးဘက်ကို သွားတော့တာ။ ဦးညိုကြီးလည်း ခေါင်းတယမ်းယမ်းနဲ့ ကျန်ခဲ့တယ်။ ခေတ်ကာလသားသမီးများ အုပ်မနိုင်ဘူးလို့ တွေးနေလေရဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

အောင်သင်း နေ့လယ်စာ ထမင်းတောင်းရှက်ရောက်လာတဲ့ မိဝါကို ကြည့်ပြီး အံ့သြသွားတယ်။ သနပ်ခါးထူထူလိမ်းထားပေမယ့် မျက်နှာက မို့အစ်ပြီး မျက်လုံးတွေက ငိုထားမှန်းသိသာအောင် နီနေတယ်။

ထမင်းတောင်းကို ချပေးလိုက်တော့ တဲအောက်မှာ ငိုင်ပြီး ထိုင်နေတာနဲ့ အနားသွားပြီး မေးလိုက်တယ်။

'ညီမလေး မျက်နှာလည်း မကောင်းပါလား ဘာဖြစ်တာလဲ'

'အီး...ဟီး...'

'ဟင်'

မေးမှပဲ ပိုဆိုးလာတယ်။ မျက်ရည် တတောက်တောက်ကျ။ နှပ်တဖျစ်ဖျစ်ညှစ်ပြီး ငိုတော့တာ။ ဒါနဲ့ရင်ထိတ်သွားတယ်။ မျက်လုံးပြူး သွားကာ အတင်းမေးတယ်။

'ဟဲ့... ဘာဖြစ်တာလဲလို့ ငါမေးနေတယ်'

'အဟင့်... ဟီး... ကြာဖြူပေါ့... အီးဟီး'

'ဟင်... ကြာဖြူသေပလား'

'ဟာ... ဘာလို့ သေမှာလဲလို့၊ ကြာဖြူက၊ အီး... ဟီး... သူများကိုလေ ညက အဟင့်...ချိန်း... ချိန်းပြီးတော့၊ အီးဟီး...ဝါး'

'ဘာ... ဘာပြောတယ်'

'ညက သူများကို ချိန်းပြီးတော့၊ အဟင့်...အီး...ရှက်'

အောင်သင်း မျက်နှာကြီးရဲပြီး တဆတ်ဆတ်တုန်လာတယ်။ ပြီးမှ လက်သီး လက်မောင်းကိုတန်း။၊ ကြာဖြူတို့တဲဘက်ကို ပြေးသွားတယ်။

'ခွေးမသား၊ မင်းကို သတ်ရမယ်'

'ဟင်... သူများပြောတာကို ဆုံးအောင်လည်း နားမထောင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မိဝါ အငိုရပ်ပြီး မျက်လုံးပါပြူးသွားတယ်လေ။

အောင်သင်း ကြာဖြူတို့တဲတွေဘက်ကို အတင်းပြေးသွားတယ်။ မျက်စိထဲမှာလည်း ခွေသာက်သော်က်လဲ ငိုနေတဲ့ မိဝါကို မြင်နေတယ်။

ပေတိုးတဲပေါ် တက်သွားတယ်။ ဘယ်သူမှမရှိဘူး။ ပြန်ဆင်းတယ်။ တစ်ခါ မင်းမောင်တဲပေါ် တက်သွားပြန်တယ်။ သေချာအောင် စေ့စေ့စပ်စပ်ရှာနေတာလေ။

'အောင်မယ်… တစ်ကောင်မှကို မရှိတာ၊ အတော်စိတ်ချရတဲ့ ကောင်တွေ၊ မဟုတ်မှလွဲရော ထန်းတောထဲ ရောက်နေတယ်ထင်ပါ့'

မင်းမောင်ထဲပေါ်မှာလည်း ဘယ်သူမှမရှိတာနဲ့ ဟိုဘက်ကပ် လျှက် ကြာဖြူပြောင်းခင်းကိုကျော် ပြောင်းခင်းနဲ့ ဖရဲခင်းစပ်က တဲပေါ်ကို ဒေါ်ကြီး မောကြီးပြေးတက်သွားတယ်။

'ဟေ့ကောင် ကြာဖြူ၊ ခွေးမသား၊ ထွက်ခဲ့၊ ဟင်'

တဲပေါ်မှာ ဘယ်သူမှမရှိဘူး။ ကာထားတဲ့ ဝါးထရံတစ်ဘက် မတွေ့တာနဲ့ အောက်ကိုငုံ့ကြည့်လိုက်တယ်။ အံ့သြသွားတော့တာ။ အောက် ပြောင်းပင်တွေကြားမှာ ကားထားတဲ့ ထရံနဲ့အတူ ကြာဖြူကို တွေ့ရတယ်။ အောက်ပြုတ်ကျတာကိုမသိဘဲ။ ဝါးထရံအပိုင်းပေါ်မှာ ပုဆိုးခြုံ ကွေးနေတယ်လေ။ စိတ်ဆိုးမာန်ဆိုးနဲ့အော် ပြန်ဆင်းလာပြီး ကြာဖြူပုဆိုး ကို ဆွဲနှိုးတယ်။

'ဟေ့ကောင် ထစမ်း၊ ဟင်း… ထန်းရည်နံ့ကို ထောင်းထောင်း ထနေတာပဲ၊ ကြည့်စမ်း၊ နွားလိုသောက်ပြီး ခွေးလိုပြုတ်ကျတာတောင် မသိဘူး၊ ဟေ့ကောင်… ထ'

'ဟင်… ဘာလဲဟင်'

'အင်းဟာ'

'ဖျောင်'



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြောင်ကြောင်လေးနဲ့ အူကြောင်ကြောင်ဖြစ်နေတဲ့ ကြာဖြူကို နားရင်းဖြတ်တီးလိုက်တယ်။

'ဟာ… ဘယ်လိုဖြစ်တာလဲဗျ၊ ဟင်… ဘယ်လိုလုပ် အောက်ကို ရောက်နေပါလိမ့်'

ကြာဖြူခေါင်းကို ပွတ်ပြီး တွေးနေတယ်။ ညက မင်းမောင်နဲ့ ကြာဖြူတဲပေါ်ကို ထမ်းတင်တာတော့ သိလိုက်တယ်လေ။ နားမလည်တဲ့ ပုံစံနဲ့ အောင်သင်းကို မော့ကြည့်လိုက်တော့။ ပုဆိုးကိုလိမ်ပြီး ကွင်းလိုက်ဆွဲထားတယ်။ ကြာဖြူ ပြေးမရအောင်လေး မေးသေးတာ။

'ဟေ့ကောင်… မင်း ငါ့ညီမကို ယူမလား၊ အသေခံမလား၊ ပြောစမ်း'

'ဟင်… ဘာလို့လဲဟင်'

လူသတ်ချင်တဲ့ပုံစံပေါက်နေတဲ့ အောင်သင်းကိုကြည့်ပြီး ကြာဖြူး လန့်နေတယ်။

'ဟေ့ကောင်၊ အပိုတွေပြောမနေနဲ့၊ ငါအကုန်သိပြီးပြီ၊ ဒီလိုလုပ်လို့ ရကြေးလားကွ'

'ဗျာ'

'ဟွန်း… မင်းတော့ကွာ၊ လာစမ်း၊ မိဝါမျက်နှာကြောင့် မင်း သက်သာတယ်မှတ်ပါ၊ လိုက်ခဲ့'

ကြာဖြူလည်း နဂိုကမှ စိတ်လေနေတာ။ အခုဘာမှန်းမသိဘဲ ကြိမ်းမောင်းနေတဲ့ အောင်သင်းကို စိတ်ကုန်သလို ကြည့်ငိုက်တယ်။ လုပ်ချင်ရာ လုပ်တော့ဆိုတဲ့ သဘောနဲ့ ဆွဲခေါ်တဲ့နောက် ကုပ်ဖေးဖေးပါသွားတယ်။

'ဟင်'

မိဝါက ကြာဖြူ ခေါင်းငိုက်စိုက်နဲ့ ပါလာတာကိုကြည့်ပြီး ပျော်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ကြာဖြူကတော့ မသိ။ အောင်သင်းက မိဝါရှေ့ကို အတင်းဆွဲလာတယ်။

'မင်း ငါ့ညီမကို ယူမလား၊ မယူဘူးလား၊ ဒါပဲပြော'

ပြောလည်းပြော၊ တဲအောက်က ထောင်ထားတဲ့ ဓားမကြီးကို ယူလာပြီး ရွယ်တယ်။ ကြာဖြူက မော့မကြည့်ဘူး။ မိဝါကလည်း မသိသလိုနဲ့ မျက်နှာကို မာထားတယ်။

'ကိုကြီးအောင်သင်း သတ်ချင်သတ်ဗျာ၊ မိဝါက ရှိမှမရှိဘဲ၊ ကျုပ်က ဘယ်လိုယူရမှာ၊ ဟင်... မိဝါ... ဟာ'

'ဟွန်း'

ပြောရင်း ခြေထောက်ကို တွေ့တယ်။ တဖြည်းဖြည်း မော့ကြည့်ရင်း မျက်နှာကို တွေ့တော့မှ ဝမ်းသာအားရ ပြေးဖက်လိုက်တော့တာ။

'အဟား... မိဝါလေး၊ အံ့မယ်လေး... ဝမ်းသာလိုက်တာ ငါကတော့ မရှိတော့ဘူး မှတ်နေတာ၊ ပျော်လိုက်တာ'

ပြောလည်းပြော အတင်းဖက်တာနဲ့ မိဝါရှက်နေတယ်။ အောင်သင်း ဓားမကြီးရွယ်ပြီး ဘာလုပ်လို့ လုပ်ရမယ်မသိ ဖြစ်နေတယ်။

'သူများက ဘယ်သွားရမှာလဲလို့၊ ရှင် တမင် ညကလာ မတွေ့တာ မဟုတ်လား၊ သွား... လာမထိနဲ့... စိတ်ဆိုးတယ်'

ပါးစပ်ကသာ ပြောနေတာ လူချင်းက မခွာပါ။ ကြာဖြူက ဒေါပန်းဝါ ပြောတာတွေကို ပြန်ပြောပြတော့ မိဝါ အံ့ဩသွားတယ်။

'ဟင်... ဒါဆို သူများကို မုန်းလို့မဟုတ်ဘူးပေါ့နော်'

'ဟာ... ငါ့မှာ မင်းကို ချစ်လွန်းလို့ လိုက်ပတ်ရှာနေတာ သုံးလေးရက် ရှိပြီ'

'ဟွန်း... ဟုတ်လို့လား၊ ဟုတ်ပဲနဲ့'

'ဟုတ်တယ်၊ လာ... ရှင်းပြမယ်၊ ဟိုနားကို သွားကြမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဓားမကြီးကိုင်ပြီး ကြောင်နေတဲ့ အောင်သင်းကို မေ့သွားကြ တယ်။ နှစ်ယောက်သား ပြောင်းပင်တွေကြားသွားထိုင်ပြီး အလွမ်းသယ် နေကြတော့တယ်။

◆ ◆ ◆

'ဟင်း... ရှင်ကံကောင်းသွားတာ၊ ဒီနေ့မှလာမတွေ့ရင် ပြတ် ပြီမှတ်၊ ဟွန်း... ညကလည်း သူများ တစ်ညလုံးငိုပြီး ထိုင်စောင့်နေတာ၊ ပေါ်မလာဘူး'

'ဟာ... တကယ်လား၊ သနားလိုက်တာ၊ ကြည့်စမ်း ပိန်သွား လိုက်တာ'

ပြောလည်းပြော၊ မိဝါကို အသာဖက်ထားလိုက်တယ်။ ဟိုဟာ လေးလည်း ပခုံးပေါ်ခေါင်းလေးမှီပြီး ပြုံးနေတယ်။ မူမနေနိုင်တော့ဘူး လေ။

'စိတ်ချ၊ နောက်တစ်ခါ မင်းစိတ်မညစ်စေရဘူး'

'ဟွန်း... ဒီလိုပဲပြောတာ၊ ဟုတ်တာလည်းမဟုတ်ဘူး၊ တစ်လ လာမတွေ့နဲ့ဆိုတာကို တကယ်လာမတွေ့ဘူး၊ နေနိုင်တယ်ပေါ့လေ'

'အဟဲ... ငါအလုပ်မအားလို့ပါကွာ၊ ရယ်ရတယ်နော်၊ တို့ရဲ့ တစ်လက (၃၉)ရက်တောင်နော်'

'ဘာလဲ နည်းလို့လား'

'ဟာကွာ... ဒါပေမဲ့ ငါမြတ်တယ်'

မိဝါ မျက်မှောင်လေးကြုတ် စဉ်းစားတယ်။ ကြာဖြူကိုလည်း နားမလည်သလို ကြည့်နေတယ်။

'ဘာ... ဘာမြတ်တာလဲ'

'ခါတိုင်းဆို တွေ့တာနဲ့ ဒီလိုနေရဖို့နေနေသာသာ အေးအေးဆောင်



www.burmeseclassic.com

www.burmeseclassic.com



မကာပ်ရဲ့ဘူးလေ၊ ဒီတစ်ခါတော့ ငစွာမလေး၊ အဟဲ··· မစွာရဲ့တော့ဘူးမလား၊ အဟီး··· အဲဒါ ငါမြတ်တာပေါ့'

'ဘာ··· ကြည့်စမ်း၊ ဟုတ်သားပဲ၊ ဘာလဲ ကြုံတုန်းအခွင့်အရေးယူတယ်ပေါ့၊ ဖယ်နော်'

'ဟင်'

လေသံနဲ့ အမူအရာ အရင်အတိုင်းပြန်ဖြစ်သွားတာနဲ့ ကြာဖြူ တွန့်သွားတယ်။ ခဏနေတော့ တခစ်ခစ်ပြန်ရယ်နေတော့မှ စိတ်အေးသွားတယ်။

'ခစ်··· ခစ်··· ဘာလဲ၊ ကြောက်သွားလား၊ အဟင်း'

'မင်း အတော်စကားတတ်လာတာပဲ၊ အဟဲ··· ဒီနှုတ်ခမ်းလေးကို လွမ်းနေတာ၊ အဟင်း··· လာပါဦး၊ အဟဲ'

'ဟွန်း··· ဘာလဲ'

ကြာဖြူ မိဝါမေးစေ့လေးကိုကိုင်ပြီး မျက်နှာချင်းအတင်းကပ်တယ်။ ထိလုထိခင်ကျမှ အသံကြားလို့ နောက်လှည့်ကြည့်လိုက်တော့။ ဘယ်အချိန်ကတည်းက ရောက်နေတယ်မသိတဲ့ အောင်သင်း။ ပြောင်းပင်တွေကိုဖြဲပြီး နှစ်ယောက်ကြားကနေ မျက်နှာမာကြီးထွက်လာတယ်။

'ဟော့ကောင်··· မင်း ဟိုတစ်ခါပြောတော့ အနားတောင်ကပ်မရဘူးဆိုကွ၊ ဟော···'

'ဟာ··· အဟဲ··· အဲ့ဒါက'

ကြာဖြူဖြင်ကုတ်ခေါင်းကုတ်နဲ့ ဘာပြောရမယ်မသိဖြစ်နေတယ်။ မိဝါက စပ်ဖြဲဖြဲနဲ့ ဝင်ပြောတယ်။

'ဟုတ်တယ် ကိုကြီးရဲ၊ အခုမှ ကပ်ရတာ၊ အဟင်း··· ဩော်··· ဟိုမှာ ထမင်းတွေ သွားစားလိုက်လေ၊ အေးကုန်မယ်'

'ဘာ'



www.burmeseclassic.com

www.burmeseclassic.com



သိသိသာသာ နှင်ထုတ်နေတာနဲ့ စိတ်တိုသွားတယ်။ စပ်ဖြဲဖြဲနဲ့ နှစ်ယောက်ကို စွေ,ကြည့် ဆောင့်ဆောင့်ဆောင့်ဆောင့်သွားရင်း ပြောသွားတယ်။

'အံမယ်… အတော်တတ်တဲ့ဟာတွေ လိုတစ်မျိုး မလိုတစ်မျိုးနဲ့ တော်ပါပြီ၊ သင်းတို့နဲ့ ဝေးဝေးနေတာကောင်းတယ်၊ ကြားထဲက ထွေးခါးနာတယ်ဆိုတာ ဒါမျိုးနေမှာ၊ ငါ့မှာတော့ အဟုတ်လား မှတ်တယ်'

ပေစောင်းစောင်းနဲ့ ပြောသွားပြီး ထမင်းကို တစ်ဘက်လှည့်ပြီး စားနေတယ်။ ဟိုနှစ်ယောက်ကတော့ စိတ်ဆိုးသွားပြီ ထင်ကြတာ။

'အဟီး… အခုမှပဲ စိတ်ချမ်းသာတော့တယ်၊ မဟုတ်ရင် ငါ့မှာ ဟိုရှာ ဒီရှာနဲ့ အခုမှပဲ'

ကျောခိုင်းထိုင်ရင်းပြုံးနေလေရဲ့။ ကြာဖြူတို့နှစ်ယောက်ကတော့ လောကကြီးကို ခဏမေ့ထားကြတယ်လေ။

♦ ♦ ♦

တဖြည်းဖြည်း စောင်းရင်းနိမ့်သွားတဲ့ နေလုံးကြီးကို ကြည့်ပြီး သူကြီး ပြုံးနေတယ်။ အိမ်အောက်ထိုင်ရင်း သမီးပြန်အလာကို မျှော်နေတဲ့ မိန်းမကို ကြည့်ရင်း စ,ချင်လာတယ်။

'အင်း… နေတောင် အတော်စောင်းနေပြီ မိန်းမ၊ မင်းသမီး ပြန်မလာသေးပါလား၊ အေးလေ… မိန်းကလေးပဲ မိုးချုပ်ပြန်ရောက်တော်ပြီပေါ့'

'ဘာ'

ရွဲ့ပြောနေတဲ့ သူကြီးကို စွေ,ကြည့်ပြီး တင်းနေတော့တယ်။

'အဲဒါ တော်နဲ့တူတာလေ၊ ဒါကြောင့်မလို့ အိမ်မကပ်ဘဲ ဆိုလို အပေါက်ရှာထွက်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



'ထားပါတော့ကွာ'

'အဟင်း… ဘာလဲ ရှင်ဝန်ခံပြီလား၊ ဟွန်း… ဒီလိုအမြင်မှန်ရစမ်းပါ'

ဒေါ်ပန်းဝါ မျက်နှာကြီးပြုံးပြီး သဘောအကျကြီး ကျနေတယ်။

'မိုးချုပ်မှ ပြန်လာရင် ငါနဲ့တူတာ၊ အဲ… မိုးချုပ်လို့မှ ပြန်မလာဘဲ လိုက်သွားရင်တော့ မင်းနဲ့တူလို့ပဲ၊ ဟုတ်ဘူးလား၊ အဟဲ'

'ဘာ…ရှင်နော်'

'အဟဲ…'

သူကြီး စိတ်ဆိုးပြီး အနားကပ်လာတဲ့ မိန်းမကို ကြည့်ပြီး ပြုံးလိုက်တယ်။ စိတ်ထဲမှာလည်း မိဝါနဲ့ အတော်တူတာလို့ တွေးနေလေရဲ့။

ဒါပေမဲ့ ခါးကြောဆွဲလိမ်လိုက်တော့မှ ရှုံ့မဲ့သွားတော့တာ။

ချစ်မျှားရှင်

BURMESE CLASSIC



www.burmeseclassic.com